# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။ သုခဝဂ်(ဓမ္မပဒ-၁၉၉)


၁၃၇၉ ခုနှစ် နယုန်လဆန်း ၁၄ ရက် ကြာသပတေးနေ့။ Thursday, 8 June 2017 (၈၉၄၉)


# မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်ပြည်သူများ၏ ရည်မှန်းချက်များပြည့်ဝစေရန်နှင့် အဖွဲ့ကြီး၏ရည်ရွယ်ချက်များ ဖြည့်ဆည်းနိုင်ရန် ဆက်လက်ပါဝင်ဆောင်ရွက်သွားမည်

နေပြည်တော် ဇွန် ၇

**ဇွန် ၆ ရက်တွင် ကျရောက်သည့် ဘင်းမ်စတက်အဖွဲ့တည်ထောင်ခြင်း နှစ်(၂၀)ပြည့်အထိမ်းအမှတ်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သဝဏ်လွှာတစ်စောင်ပေးပို့ခဲ့ပါသည်။ အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပေးပို့သော ဘင်းမ်စတက်အဖွဲ့တည်ထောင်ခြင်း နှစ်(၂၀)ပြည့် အထိမ်းအမှတ်နေ့သဝဏ်လွှာ**

ယနေ့သည် တန်းတူညီမျှမှုနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု စိတ်ဓာတ်ဖြင့် အတူတကွကြိုးပမ်းဆောင်ရွက်မှုများမှတစ်ဆင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးမှုနှင့် လူမှုရေးတိုးတက်မှု အရှိန်အဟုန်မြင့်တင်နိုင်ရန် ဖွဲ့စည်းခဲ့သော ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် ဘင်းမ်စတက်အဖွဲ့ (Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation- BIMSTEC) တည်ထောင်ခြင်း နှစ်(၂၀)ပြည့် အထိမ်းအမှတ်နေ့ဖြစ်ပါသည်။

ယခုကဲ့သို့ နေ့ထူးနေ့မြတ်အခါသမယတွင် မိမိအနေဖြင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရများနှင့် ပြည်သူများကို နွေးထွေးစွာနှုတ်ခွန်းဆက်သလျက် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**


# ဖက်ဒရယ်နိုင်ငံများဖိုရမ်သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်

**အော်တာဝါ ဇွန် ၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇွန် ၆ ရက် ညနေပိုင်းတွင် ကနေဒါနိုင်ငံ အော်တာဝါမြို့ Andaz Ottawa Market Hotel ၌ ဖက်ဒရယ်နိုင်ငံများ ဖိုရမ်မှ စီစဉ်သော ကနေဒါနိုင်ငံတွင် ကျင့်သုံးလျက်ရှိသည့် ဖက်ဒရယ်စနစ်တွင် တရားရေးမဏ္ဍိုင်၏ အခန်းကဏ္ဍနှင့် အစိုးရအဖွဲ့အစည်းများအကြား ဆက်ဆံရေးမှတစ်ဆင့် ဖက်ဒရယ်စနစ်၊ လူမှုရေးဆိုင်ရာမူဝါဒများနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှုများနှင့်စပ်လျဉ်း၍ ကနေဒါနိုင်ငံမှ ဘာသာရပ်ကျွမ်းကျင်ပညာရှင်များ၏ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ယခုဆွေးနွေးပွဲသည် ကနေဒါနိုင်ငံ၏ ဖက်ဒရယ်စနစ်ဆိုင်ရာ အတွေ့အကြုံများကို မျှဝေပေးသည့်အတွက် မြန်မာနိုင်ငံ၏ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေး လုပ်ငန်းစဉ်များအတွက် များစွာ အထောက်အကူပြုပါကြောင်းဖြင့် ကျေးဇူးတင်စကား ပြောကြားသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**





ကနေဒါနိုင်ငံ အော်တာဝါမြို့၌ ကျင်းပသော ဖက်ဒရယ်နိုင်ငံများဖိုရမ်သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်စဉ်။ (သတင်းစဉ်)


KBZ BANK

STRENGTH OF MYANMAR

သန္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

## ကြေးမုံ

# အဂတိလိုက်စားမှုပပျောက်ရေး

နှစ်ပေါင်းများစွာအမြစ်တွယ်လာသော အလေ့အထတစ်မျိုးမျိုးကို ကင်းစင်ပပျောက်အောင် ဆောင်ရွက်ရသည်မှာ လွယ်ကူသောအလုပ်မဟုတ်ပေ။ ထိုအလေ့အထတစ်မျိုးမှာ အဂတိလိုက်စားမှုဖြစ်သည်။ အဂတိလိုက်စားမှုနှင့် လာဘ်စားမှုများမှာ နိုင်ငံ့ဝန်ထမ်းလောကတွင် ကျယ်ကျယ်ပြန့်ပြန့်အမြစ်တွယ်နေသည်ဟု ရှုမြင်ယူဆထားကြပြီး ယင်းဖြစ်စဉ်သည် နိုင်ငံ့ဝန်ထမ်းများ ရရှိသည့်လစာဝင်ငွေ နည်းပါးမှုနှင့် ဆက်စပ်သည်ဟု ဆင်ခြေပေးကြသည်။

နိုင်ငံ့ဝန်ထမ်းများသည် ၂၀၁၃ ခုနှစ်ကထုတ်ပြန်ခဲ့သော နိုင်ငံ့ဝန်ထမ်းဥပဒေကို လိုက်နာရမည်ဖြစ်ပြီး ထိုဥပဒေတွင် အဂတိလိုက်စားမှု၊ အခွင့်အာဏာအလွဲသုံးစားပြုမှုနှင့် လာဘ်ပေးလာဘ်ယူမှုများကို တားမြစ်ထားသည်။ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်တွင် ဝန်ထမ်းများအနေဖြင့် ကျင့်ဝတ်နှင့်အညီ ပြုမူဆောင်ရွက်ကြရန်အရေးကြီးပုံကို ဖော်ပြထားသည်။ အဂတိလိုက်စားကြောင်းတွေ့ရှိရသောဝန်ထမ်းအား သတိပေးခြင်း၊ အငြိမ်းစားယူစေခြင်း သို့မဟုတ် အလုပ်မှထုတ်ပယ်ခြင်းဟူသော အရေးယူမှုများ ကျင့်ဝတ်တွင်ပြဋ္ဌာန်းထားသည်။

သန့်ရှင်းသောအစိုးရက နိုင်ငံ့အုပ်ချုပ်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုကို အလေးထားတိုက်ဖျက်သည်ကိုတွေ့ရသည်။ အဂတိလိုက်စားမှုပပျောက်ရေးအတွက် သန့်ရှင်းသောအစိုးရ၏ ဦးစားပေးမူဝါဒကို ဝန်ထမ်းများအားလုံးက သိရှိနားလည်လိုက်နာဆောင်ရွက်ရန်လိုအပ်သလို အဂတိလိုက်စားမှုကို စောင့်ကြည့်လေ့လာခြင်းနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာအောင် စည်းကြပ်ဆောင်ရွက်ခြင်းတို့အတွက် လုပ်ထုံးလုပ်နည်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးသူတို့အနေဖြင့်လည်း ကိုင်တွယ်ဖြေရှင်းပေးလိုစိတ်နှင့် နည်းလမ်းများ လုံလောက်စွာရှိရပေမည်။

ယခုလက်ရှိတွင် ပြည်သူ့ဝန်ထမ်းများအကြား အဂတိလိုက်စားမှုများရှိနေသောကြောင့် စနစ်တကျဖြေရှင်းပေးရန်နှင့် ထိန်းသိမ်းကြပ်မတ်ပေးရန် လွှတ်တော်တွင် အဆိုတင်သွင်းလာသည်ကိုတွေ့ရသည်။ ဌာနဆိုင်ရာဝန်ထမ်းများ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းဖောက်ဖျက်ခြင်း၊ ပြည်သူအတွက် ဆောင်ရွက်ပေးမှုမရှိခြင်း၊ ဆောင်ရွက်ပေးရန် အချိန်ဆွဲခြင်း၊ အချို့သောလုပ်ငန်းကိစ္စများတွင် မှားယွင်းသောတင်ပြချက်များကို အစိုးရအဖွဲ့သို့တင်ပြနေခြင်းများအား သက်သေအထောက်အထားဖြင့် တိုင်ကြားပါက ထိရောက်စွာအရေးယူဆောင်ရွက်ပေးရန် ဆွေးနွေးထားသည်။

အထူးသဖြင့် ပြည်သူနှင့်ထိတွေ့ဆက်ဆံရသော ဌာနဆိုင်ရာများသို့ ရောက်ရှိလာကြသော ပြည်သူများအား အဂတိလိုက်စားမှုဖြစ်အောင် ဖန်တီးထားသောလုပ်ဆောင်မှုပုံစံများကိုတွေ့ရသည်။ သန့်ရှင်းသောအစိုးရလက်ထက်ကာလတွင် ပြည်သူများအနေဖြင့် အဂတိလိုက်စားမှုများကို အားမပေးသောအခါ ဝန်ထမ်းများအနေဖြင့် အချိန်ဆွဲခြင်း၊ ဆက်ဆံရေးမပြေပြစ်ခြင်းတို့ ရှိလာခဲ့သည်။ ယင်းတို့ကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံ့ဝန်ထမ်းများတွင် ကိုယ်ကျင့်သိက္ခာ၊ အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားထောက်ပံ့မှုနှင့် တန်းတူအခွင့်အရေးများ ရှိသင့်သည်။ ထိုကဲ့သို့ အခွင့်အရေးများရှိပါလျက်နှင့် ကျူးလွန်ဖောက်ဖျက်မှုများရှိနေပါက ထိရောက်သောအရေးယူဆောင်ရွက်မှုများ ပြုသင့်ပေသည်။

အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းသွားစေရန်အတွက် ပြည်သူလူထုအား ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများတွင် မလိုလားအပ်သောအဆင့်များကိုလျှော့ချရန်၊ ဝန်ဆောင်မှုပေးသည့်မှတ်တမ်းများ ထားရှိရန်နှင့် လုပ်ငန်းတစ်ခုချင်းအလိုက် ပြီးပြတ်အောင်ဆောင်ရွက်ပေးရမည့် အချိန်ကာလကို တိကျစွာသတ်မှတ်ပြီး ပြည်သူလူထုအား ပွင့်လင်းမြင်သာစွာဖြင့် အသိပေးရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေသည်။

မည်သို့ပင်ဖြစ်စေ အဂတိလိုက်စားမှုများလျော့နည်းကျဆင်းရေးအတွက် ဝန်ထမ်းများ၏ကိုယ်ကျင့်သိက္ခာ၊ စွမ်းဆောင်ရည်အလိုက် ချီးမြှင့်ထောက်ပံ့မှုများကို ဦးစွာဆောင်ရွက်ပေးပြီးနောက် လုပ်ထုံးလုပ်နည်းများ ပြောင်းလဲဆောင်ရွက်သင့်သည်။ ယင်းသို့ဆောင်ရွက်ပြီးမှ လိုက်နာဆောင်ရွက်ရန်အားနည်းပြီး အဂတိလိုက်စားမှုများကို ဆက်လက်ကျူးလွန်သော မည်သည့်ဝန်ထမ်းအမျိုးအစားကိုမဆို ထိရောက်စွာအရေးယူဆောင်ရွက်ရန်လိုအပ်ပါကြောင်း ဆင်ခြင်သုံးသပ်မိပါသည်။ ။

# မုံရွာ - ပုလဲ - ဂန့်ဂေါ - ဟားခါးလမ်းပေါ်တွင် စိုင်ဒူးတံတား(မြစ်သာမြစ်)တည်ဆောက်လျက်ရှိ

**နေပြည်တော် ဇွန် ၇**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဇွန် ၄ ရက် နံနက် ၁၀ နာရီက ဟားခါး-ဂန့်ဂေါလမ်းအား စက်ယန္တရားများဖြင့် အကြီးစား တိုးချဲ့ပြုပြင်ဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၁၇/၃ နှင့် ၁၇/၄) ကြားရှိ မြေသားနှင့် သက်နုရောတောင်များဖြစ်ပြီး မကြာခဏ မြေသားပြိုကျသည့်နေရာဖြစ်သည့်အတွက် by pass or alternate route ရှာထားပြီး အဆက်အသွယ်ပြတ်တောက်မှုမရှိစေရေး ကြိုတင်စဉ်းစားဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။



ထို့နောက် မိုင်တိုင်အမှတ် (၂၃/၇ နှင့် ၂၉/၆)ကြားတွင် ဂျပန်ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး တောင်ပေါ်လမ်းများဖြစ်သည့်အတွက် မိုးတွင်းကာလ လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး အထူးအလေးထားဆောင်ရွက်ရန်နှင့် သတ်မှတ်လမ်းအင်္ဂါရပ်နှင့်အညီ စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် မုံရွာ-ပုလဲ -ဂန့်ဂေါ-ဟားခါးလမ်းပေါ်တွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၀)မှ တာဝန်ယူ တည်ဆောက်နေသော စိုင်ဒူးတံတား(မြစ်သာမြစ်) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး အောက်ထည်တံတားတိုင်များ ဆောင်ရွက်ပြီးစီး၍ အပေါ်ထည် ပေ ၁၀၀ P.C Girder Launching လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

စိုင်ဒူးတံတား(မြစ်သာမြစ်)သည် ခေတ်မီနည်းပညာကို အသုံးပြုပြီး ပေ ၁၀၀ P.C Girder Launching လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်သည့်အတွက် စံချိန်စံညွှန်းနှင့်အညီ အချိန်တိုအတွင်း လုပ်ငန်းများပြီးစီးကာ လုပ်ငန်းခွင် Safety ဖြစ်သည့်အတွက် များစွာအကျိုးရှိသည့် နည်းစနစ်ဖြစ်ပြီး တံတားအမျိုးအစားမှာ အပေါ်ထည် ပေ ၁၀၀ P.C Girder၊ ကြမ်းခင်းနှင့် ကိုယ်ထည်သံကူကွန်ကရစ်တို့ဖြင့် တည်ဆောက်ထားပြီး တံတားအရှည် ပေ ၆၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့် လူသွားလမ်း တစ်ဖက်လျှင် နှစ်ပေစီ ပါရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ဂန့်ဂေါမြို့သို့ ရောက်ရှိပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး မြစ်သာမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသော ဂန့်ဂေါမြို့နှင့် အနောက်ဂန့်ဂေါကျေးရွာတို့ကို ဆက်သွယ်သည့် လက်ရှိကြိုးတံတားဟောင်းသည် သက်တမ်းကြာမြင့်ပြီး မော်တော်ဆိုင်ကယ်၊ အနှေးယာဉ်နှင့် လူများသာ ဖြတ်သန်းသွားလာနိုင်သဖြင့် လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု နှောင့်နှေးကြန့်ကြာမှုများရှိသည့်အတွက် တံတားသစ်တစ်စင်း တည်ဆောက်ပေးရန် ဆန္ဒပြုတောင်းဆိုတင်ပြကြသည်။

ထို့နောက် မြစ်သာမြစ်ကူးတံတား (ဂန့်ဂေါမြို့-အနောက်ဂန့်ဂေါ)လျာထားနေရာကို ကြည့်ရှုစစ်ဆေးပြီး သဘာဝပတ်ဝန်းကျင်အနေအထား၊ မြစ်ရေမြင့်တက်မှုအခြေအနေနှင့် လူနေအိမ်ရာများ လွတ်ကင်းနိုင်မှုအခြေအနေတို့ကို လေ့လာကွင်းဆင်းစစ်ဆေးပြီး လျာထားနေရာရွေးချယ်ရန်လိုကြောင်း တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ပဒါန်း-ငဖဲ-စေတုတ္တရာ-လောင်းရှည်-သီးကုန်း-ဆောလမ်းပေါ်တွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၅)က တာဝန်ယူဆောင်ရွက်သော အရှည် ပေ ၃၂၀ ကြိုးချောင်းတံတား တည်ဆောက်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အကြိမ်(၂၀)မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၇**

နေပြည်တော်ကောင်စီနယ်မြေတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိမ်(၂၀)မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပျဉ်းမနားမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီနယ်မြေ မြို့နယ် ရှစ်မြို့နယ်ရှိ ကျောင်းများမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ၆၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီးမင်းနောင်နှင့် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးတို့က လိုက်လံကြည့်ရှုအားပေးခဲ့သည်။ **မင်းမင်းလတ် (မန်းတက္ကသိုလ်)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၇**

ရန်ကုန်(ရွှေဈေး) ၉၁၃၀၀၀ - ၉၁၃၀၀၀

မန္တလေး(ရွှေဈေး) ၉၁၃၀၀၀ - ၉၁၃၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၈၀/၇၀၀ ကျပ်၊ | ၇၁၀/၇၂၃ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၃၅/၈၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၈၅/၇၁၀ ကျပ်၊ | ၇၃၀/၇၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၃၀/၇၄၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၁၀/၆၂၃ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၂၅/၆၃၆ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၁၀/၆၂၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၂၉. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၉. ၇၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉. ၉၂၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၈. ၀၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၀၆၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၃၈. ၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၁. ၁၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၈. ၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၂. ၉၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ **မြန်မာနိုင်ငံမှ**

ဘင်းမ်စတက်အဖွဲ့၏ အမည်နာမတွင်ပင်အဖွဲ့၏ ဦးစားပေးဆောင်ရွက်သည့် ကဏ္ဍများကို ရှင်းလင်းစွာဖော်ပြထားပြီးဖြစ်ပါသည်။ ဘင်းမ်စတက်အဖွဲ့သည် ကနဦးတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် စတင်ခဲ့ပါသည်။ လက်ရှိအချိန်တွင် ဘင်းမ်စတက်အဖွဲ့သည် ပေါင်းစည်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အရှိန်အဟုန်ကောင်းများလည်း ရရှိလျက်ရှိပါသည်။ လူဦးရေ ၁ ဒသမ ၅ ဘီလီယံခန့် နေထိုင်သော ဈေးကွက်ကြီးနှင့်အတူ စုစုပေါင်း အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP)အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံအထိရှိသော ဘင်းမ်စတက်အဖွဲ့သည် ဒေသတွင်းစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်ကြီးမားသည့် အလားအလာကောင်းများရှိပါသည်။

ဘင်းမ်စတက်အဖွဲ့အား စတင်တည်ထောင်ဖွဲ့စည်းခဲ့သော လွန်ခဲ့သည့် နှစ်ပေါင်း(၂၀)ကတည်းက ရရှိခဲ့သည့် အောင်မြင်တိုးတက်မှုများကြောင့် ဘင်းမ်စတက်အဖွဲ့ကြီးအား ချီးကျူးဂုဏ်ပြုထိုက်ပါသည်။ မိမိတို့အနေဖြင့် ဘင်းမ်စတက်အဖွဲ့၏ ငြိမ်းချမ်း၍ တိုးတက်ကြွယ်ဝသော ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန်အတွက် ဘင်းမ်စတက်အဖွဲ့ဝင် ပြည်သူများနှင့် အစိုးရများက ဆောင်ရွက်ရမည့်ကိစ္စများ များစွာကျန်ရှိနေသေးသည်ကိုလည်း သတိပြုမိပါသည်။ မိမိအနေဖြင့် မိမိတို့ကြုံတွေ့ရမည့် အဆိုပါစိန်ခေါ်မှုများကို အတူတကွ ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါသည်။

အရှေ့တောင်အာရှနှင့် တောင်အာရှအကြား ကုန်းတွင်းတံတားသဖွယ် တည်ရှိနေသော ပထဝီအနေအထားကို ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်ပြည်သူများ၏ မျှော်လင့်ရည်မှန်းချက်များကို ပြည့်ဝစေရန်နှင့် အဖွဲ့ကြီး၏ ရည်ရွယ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ဒေသဆိုင်ရာ ပေါင်းစည်းမှုလုပ်ငန်းစဉ်တွင် ဆက်လက်၍ တက်ကြွစွာပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**အောင်ဆန်းစုကြည်**

**၂၀၁၇ ခုနှစ် ဇွန်လ ၆ ရက်**
**နေပြည်တော်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖက်ဒရယ်စနစ်ရှိ ဘဏ္ဍာရေးဆိုင်ရာ ဆွေးနွေးပွဲတက်ရောက်



**အော်တာဝါ ဇွန် ၇**
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇွန် ၇ ရက် နံနက်ပိုင်းတွင် ကနေဒါနိုင်ငံ အော်တာဝါမြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည့် ဖက်ဒရယ်နိုင်ငံများဖိုရမ်မှစီစဉ်သော ကနေဒါနိုင်ငံ ဖက်ဒရယ်စနစ်ရှိ ဘဏ္ဍာရေးဆိုင်ရာ အစီအမံများနှင့် သဘာဝသယံဇာတအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်သည်။

အဆိုပါ ဆွေးနွေးပွဲ၌ ဘဏ္ဍာရေးဆိုင်ရာ ဖက်ဒရယ်စနစ်နှင့် ညီမျှစွာခွဲဝေခြင်း၊ သဘာဝသယံဇာတ အရင်းအမြစ် စီမံခန့်ခွဲခြင်း ခေါင်းစဉ်ငယ်များခွဲ၍ ဆွေးနွေးကြမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကနေဒါနိုင်ငံလွှတ်တော် အဆောက်အအုံ၌ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ခရစ်ရှာ ဖရီးလန်း(စ်)၏ အလုပ်သဘောနေ့လယ်စာ စားပွဲသို့တက်ရောက်ခြင်း၊ အထက်လွှတ်တော်နှင့်အောက်လွှတ်တော်ဥက္ကဋ္ဌများအား သီးခြားစီတွေ့ဆုံခြင်း၊ ကနေဒါလွှတ်တော်စာကြည့်တိုက်သို့ လေ့လာခြင်း၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စမာရီကလော့ဒီဘေဖူးနှင့်တွေ့ဆုံခြင်း၊ ညနေပိုင်းတွင် အော်တာဝါမြို့ရှိ မြန်မာအသိုက်အဝန်းနှင့်တွေ့ဆုံခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**

✻ **ဖက်ဒရယ်နိုင်ငံများဖိုရမ်မှ**

အဆိုပါ လေ့လာရေးနှင့် ဆွေးနွေးပွဲသို့ သမ္မတရုံးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ငြိမ်းချမ်းရေးကော်မရှင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ကိုယ်စားလှယ် ငါးဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ကိုယ်စားလှယ်လေးဦး၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်လေးဦး၊ "ဝ" အထူးဒေသနှင့် မိုင်းလားအထူးဒေသတို့မှ ကိုယ်စားလှယ်တစ်ဦးစီ တက်ရောက်လျက်ရှိသည်။

ဖက်ဒရယ်နိုင်ငံများ ဖိုရမ်သည် ကနေဒါနိုင်ငံအစိုးရ၏ ကူညီထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်မှ စတင်၍ စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။

အဆိုပါ အဖွဲ့အစည်းအနေဖြင့် မြန်မာနိုင်ငံအတွင်း ဖက်ဒရယ်အုပ်ချုပ်မှုနှင့် စပ်လျဉ်းသော အသိပညာများ တိုးမြင့်လာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် စည်းမျဉ်းများကို လက်တွေ့အကောင်အထည်ဖော်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရေးတွင် သက်ဆိုင်သူများ၏ အုပ်ချုပ်မှုစွမ်းရည် တိုးမြင့်လာရေးအတွက် ဆောင်ရွက်လျက်ရှိရာ အစိုးရနှင့် လွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ မီဒီယာနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ဖက်ဒရယ်စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို စီစဉ်ကျင်းပပေးလျက်ရှိသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် Myanmar Investor Development Association မှ ဦးခင်မောင်အေးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၇**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် Myanmar Investment Forum 2017 သို့ တက်ရောက်ခဲ့သည့် Investor Development Association ၏ ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် မြန်မာရင်းနှီးမြှုပ်နှံမှုဖိုရမ် ၂၀၁၇ သို့တက်ရောက်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ်များအနေဖြင့် မြန်မာနိုင်ငံ၌ လာရောက် ရင်းနှီးမြှုပ်နှံရေးနှင့် ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု (One Belt One Road) အစီအစဉ်တွင် တက်ကြွစွာလိုက်ပါဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ကုန်သွယ်မှု အဆင်ပြေ ချောမွေ့စေရေးနှင့် ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ပေးရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ပြီး ပြည်ပတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ရေးအတွက် ဖန်တီးဖော်ဆောင် ပေးလျက်ရှိသည့်အခြေအနေများ၊ အလားအလာရှိသော ကုန်သွယ်မှု ဆိုင်ရာကဏ္ဍများကို စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

✪ **YBS ကားသစ်မှ**

ကားသစ်များ လက်ခံရရှိမှုနှင့်အတူ YBS ယာဉ်လိုင်းများ၏ လိုအပ်ချက်ရှိသော ယာဉ်လိုင်းများတွင် အမြန်ဆုံးထည့်သွင်းပြေးဆွဲပေးမည်ဖြစ်ပြီး လိုအပ်ချက်အပေါ်မူတည်၍ လိုင်းသစ်များလည်း ထပ်တိုးပြေးဆွဲပေးသွားမည်ဟု ၎င်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တရုတ်နိုင်ငံနှင့် အစိုးရချင်းချိတ်ဆက်မှုစနစ်ဖြင့် Yutong ကုမ္ပဏီမှ ဘတ်စ်ကားသစ်အစီး ၅၀၀ နှင့် Ankai ကားကုမ္ပဏီတို့မှ ဘတ်စ်ကားသစ်အစီး ၅၀၀ စုစုပေါင်း အစီး ၁၀၀၀ ဝယ်ယူထားရာတွင် ဇွန် ၂ ရက်က ပထမအသုတ် အစီး ၃၅၀ ရောက်ရှိလာခဲ့ပြီး အဆိုပါယာဉ်များအား ပြည်သူ့ရင်ပြင်အတွင်း ယာယီပြောင်းရွှေ့ထားသည်။

"ကားသစ်တွေက အသုတ် သုံးသုတ်ခွဲပြီး အစီး ၁၀၀၀ လက်ခံရရှိမှာဖြစ်ပါတယ်။ ပထမအသုတ် အစီး ၃၅၀၊ ဒုတိယအသုတ် အစီး ၃၅၀ နဲ့ တတိယအသုတ်အစီး ၃၀၀ ကတော့ ဇွန် ၉ ရက်မှာ နောက်ဆုံးအသုတ်အဖြစ် သီလဝါဆိပ်ကမ်းကို ရောက်ရှိလာမှာ ဖြစ်ပါတယ်။ ဆိပ်ကမ်းရောက်လာတာနဲ့ ချက်ချင်းထုတ်ယူပြီး ပြည်သူ့ရင်ပြင်ထဲမှာ ယာယီထားရှိကာ စီအင်န်ဂျီကိစ္စ၊ လိုင်းပြေးဆွဲဖို့ကိစ္စတွေ အမြန်ဆုံးဆောင်ရွက်နေပါတယ်။ ဘယ်လိုင်းတွေမှာ တိုးချဲ့ပြေးဆွဲမယ်ဆိုတာကိုလည်း အများသိအောင် ကြေညာပေးပါမယ်"ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

နှစ်နိုင်ငံ အစိုးရချင်းချိတ်ဆက်မှုဖြင့် ဘတ်စ်ကားသစ်များ ဝယ်ယူခဲ့ရာတွင် ၂၀၁၇ မိုဒယ်ဘတ်စ်ကားသစ်များကို ဝယ်ယူခဲ့ခြင်းဖြစ်ပြီး တစ်စီးလျှင် အမေရိကန်ဒေါ်လာ ၅၆၀၀၀ ပေးရကြောင်း သိရသည်။ အစိုးရချင်း ချိတ်ဆက်ဝယ်ယူခဲ့သောကြောင့် ဈေးနှုန်း၊ ယာဉ်ပိုင်းဆိုင်ရာ အာမခံချက်များကို အပြည့်အဝပေးအပ်ထားသည့်အပြင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ပညာရှင်များပါဝင်သည့် အကဲဖြတ်အဖွဲ့များက အရည်အသွေးစစ်ဆေးအကဲဖြတ်ပြီးမှသာ စာချုပ်ချုပ်ဆို ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဝယ်ယူခဲ့သည့် ဘတ်စ်ကားသစ် အစီး ၁၀၀၀ အပြင် ပုဂ္ဂလိက ကုမ္ပဏီတို့မှ ဝယ်ယူထားသော ဘတ်စ်ကားသစ် အစီး ၁၀၀၀ ဝန်းကျင်ခန့်နှင့်အတူ စုစုပေါင်း ဘတ်စ်ကားသစ်အစီး ၂၀၀၀ ခန့်မှာ YBS ယာဉ်လိုင်းများတွင် ဝင်ရောက်ပြေးဆွဲပေးနိုင်မည်ဖြစ်ကြောင်း ဒေါက်တာမောင်အောင်က ပြောသည်။

**သတင်း-ဝဝ၁၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# သန့်ရှင်းသောစွမ်းအင်နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန် ကာလီဖိုးနီးယားပြည်နယ်နှင့် တရုတ်နိုင်ငံတို့ သဘောတူညီ

**ပေကျင်း ဇွန် ၇**

ပါရီရာသီဥတု ထိန်းညှိရေးသဘောတူညီချက်မှ အမေရိကန်ပြည်ထောင်စု နုတ်ထွက်ရန် သမ္မတ ဒေါ်နယ်လ်ထရန့်၏ အစိုးရအဖွဲ့က လွန်ခဲ့သည့်ရက်သတ္တပတ်တွင် ဆုံးဖြတ်ခဲ့သော်လည်း အမေရိကန်ပြည်ထောင်စုရှိ ကာလီဖိုးနီးယားပြည်နယ်သည် သန့်ရှင်းသော စွမ်းအင်နည်းပညာနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၇ရက်တွင် သတင်းထုတ်ပြန်သည်။

ကာဗွန်သိုလှောင်ရေး နည်းပညာ၊ သန့်ရှင်းသော စွမ်းအင် နည်းပညာ၊ သတင်းအချက်အလက် နည်းပညာတို့နှင့် ပတ်သက်၍ နည်းပညာဆိုင်ရာ သုတေသနပြုလုပ်ခြင်း၊ စီးပွားဖြစ်လုပ်ကိုင်ခြင်းတို့တွင် ကာလီဖိုးနီးယားပြည်နယ် အစိုးရအဖွဲ့နှင့် တရုတ်နိုင်ငံ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

၂၀၁၅ ခုနှစ် ပါရီသဘောတူချက်မှ နုတ်ထွက်မည်ဟူသော သမ္မတထရန့်၏ ကြေညာချက်သည် အရူးအနှမ်းဆန်လှသည်ဟု ကာလီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး ဂျယ်ရီဘရောင်းက ဝေဖန်ခဲ့သည်။ ဘရောင်းသည် ဖိုရမ်ဆွေးနွေးပွဲ တက်ရောက်ရန် တရုတ်နိုင်ငံသို့ ရောက်ရှိနေသည်။

ပါရီသဘောတူညီချက်မှ အမေရိကန်နုတ်ထွက်ရန် ဆုံးဖြတ်လိုက်ခြင်းကြောင့် ယင်းသဘောတူညီချက်ကို ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် တရုတ်နိုင်ငံက နိုင်ငံရေးအရနှင့် သံတမန်ရေးအရ ဆက်လက်ဆောင်ရွက်ပါမည်ဟု ကတိကဝတ်ပြုခဲ့သည်။

ပါရီသဘောတူညီချက်ကို အမေရိကန်က ဦးဆောင်မှုမရှိတော့ခြင်းသည် ယာယီအခိုက်အတန့်မျှသာဖြစ်ကြောင်း ဘရောင်းက မြို့တော် ပေကျင်း၌ ဇွန် ၆ရက်က ကျင်းပသော သန့်ရှင်းသော စွမ်းအင်ဆိုင်ရာ ဖိုရမ်ဆွေးနွေးပွဲကာလအတွင်း သတင်းထောက်များနှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

အဆိုပါ ဖိုရမ်ဆွေးနွေးပွဲသို့ တက်ရောက်လျက်ရှိသော အမေရိကန် စွမ်းအင်ဝန်ကြီး ရစ်ပယ်ရီကမူ သမ္မတထရန့်၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ တုံ့ပြန်ဖြေကြားခြင်း မရှိပေ။



ဘရောင်းသည် တရုတ်နိုင်ငံ၌ ရှိနေစဉ်အတွင်း သမ္မတ ရှီကျင့်ဖျင်အား တွေ့ဆုံခဲ့သည်။ တရုတ်နှင့် အမေရိကန်အကြား ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ရာတွင် ကာလီဖိုးနီးယားပြည်နယ်၏ အခန်းကဏ္ဍကို မြှင့်တင်ရန် သမ္မတရှီက ဘရောင်းအား တိုက်တွန်းခဲ့သည်။

**ရိုက်တာ။**



# "ဘရစ်အုပ်စု"၏စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး တရုတ်နိုင်ငံ ထျင်ကျင်းမြို့၌ ညီလာခံကျင်းပ

**ထျင်ကျင်း ဇွန် ၇**

ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့ပါဝင်သော BRICS (ဘရစ်) အုပ်စု၏ အဆင့်မြင့်နည်းပညာအသုံးပြုသည့် အသေးစား၊ အလတ်စားနှင့် မိုက္ကရိုစီးပွားရေးလုပ်ငန်းများ(အက်စ်အမ်အမ်အီး)၏ နိုင်ငံဖြတ်ကျော် ရင်းနှီးမြှုပ်နှံရေးနှင့် ကုန်သွယ်ရေးအရ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ညီလာခံကို တရုတ်နိုင်ငံ ထျင်ကျင်းမြို့၌ ဇွန် ၅ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ၏ ဗဟိုဘဏ်နှင့် BRICS စီးပွားရေးလုပ်ငန်းကောင်စီအောက်ရှိ ဘဏ္ဍာရေးလုပ်ငန်းများဆိုင်ရာလုပ်ငန်းအဖွဲ့တို့ ပူးတွဲစီစဉ်မှုဖြင့် အဆိုပါညီလာခံကို ကျင်းပခြင်းဖြစ်သည်။

၂၀၁၇ ခုနှစ် BRICS အဆင့်မြင့်နည်းပညာအသုံးပြုသည့် အသေးစား၊ အလတ်စားနှင့်မိုက္ကရို စီးပွားရေးလုပ်ငန်းများ၏ ညီလာခံသည် သမိုင်းမှတ်တိုင်တစ်ရပ်စိုက်ထူနိုင်သည့် စီးပွားရေးဆွေးနွေးပွဲဖြစ်ပြီး ဒေသဆိုင်ရာနှင့် ကမ္ဘာ့ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။

BRICS နိုင်ငံများမှ အသေးစားစီးပွားရေးလုပ်ငန်းများမှ ကိုယ်စားလှယ် ၁၀၀၀ ကျော်သည် ညီလာခံကျင်းပစဉ်ကာလအတွင်း ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးလုပ်ငန်းကွန်ရက်ချိတ်ဆက်မှုပြုလုပ်ရန်အခွင့်အရေးရရှိခဲ့ကြကြောင်း၊ နိုင်ငံတကာရှိ စီးပွားရေးလုပ်ငန်းများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်လည်း အခွင့်သာခဲ့ကြောင်း တရုတ်ဗဟိုဘဏ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အသေးစား၊ အလတ်စားနှင့် မိုက္ကရိုစီးပွားရေးလုပ်ငန်းများအနေဖြင့် တီထွင်ဆန်းသစ်မှုနှင့်အတူ သဘာဝပတ်ဝန်းကျင်မပျက် ရေရှည်ခရီးဆက်နိုင်ရေးစိန်ခေါ်မှုများအား ရင်ဆိုင်နိုင်ရန် ညီလာခံတွင် ဆွေးနွေးခဲ့ကြကြောင်း အဆိုပါ တာဝန်ရှိသူက ပြောကြားသည်။

၂၀၁၃ ခုနှစ် မတ်လတွင် တောင်အာဖရိကနိုင်ငံ ဒါဘန်မြို့၌ ကျင်းပသော ပဉ္စမအကြိမ် BRICS ထိပ်သီးဆွေးနွေးပွဲကာလအတွင်း BRICS စီးပွားရေးလုပ်ငန်းများကောင်စီကို ထူထောင်ခဲ့သည်။

**ရိုက်တာ။**

# အိန္ဒိယနိုင်ငံတွင် အပူချိန်လွန်ကဲမှုကြောင့် ရက်သတ္တပတ်အတွင်း လူပေါင်း ၃၆၀ ကျော်သေဆုံး

**နယူးဒေလီ ဇွန် ၇**

အိန္ဒိယနိုင်ငံတွင် အပူချိန်ပြင်းထန်စွာ လွန်ကဲမှုကြောင့် ရက်သတ္တပတ်အတွင်း လူပေါင်း ၃၆၀ ကျော် သေဆုံးခဲ့သည်ဟု သတင်းများအရ သိရသည်။

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့တွင် နေ့အပူချိန် ၄၅ ဒီဂရီ ဆဲလ်စီးယပ်အထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ရက်သတ္တပတ်က နိုင်ငံ၏မြောက်ပိုင်းရှိ ဘန်ဒါမြို့တွင် ၄၈ ဒီဂရီ ဆဲလ်စီးယပ်အထိ မြင့်တက်ခဲ့ပြီး မြို့တော် နယူးဒေလီတွင် ၄၇ ဒီဂရီ ဆဲလ်စီးယပ်အထိ မြင့်တက်ခဲ့သည်။

ပါကစ္စတန်နိုင်ငံ အနောက်တောင်ဘက် တာဘတ်မြို့တွင် မေ ၂၈ ရက်က အပူချိန် ၅၃ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ်အထိ မြင့်တက်ခဲ့သည်။ ယင်းအပူချိန်နှုန်းထားကို နိုင်ငံ၏ အပူချိန်အပြင်းထန်ဆုံးအဖြစ် မှတ်တမ်းတင်ခဲ့သည်။

လွန်ခဲ့သော ရက်အနည်းငယ်အတွင်းက အချို့သောဒေသများတွင် အပူချိန် ၃၅ ဒီဂရီ ဆဲလ်စီးယပ်အထက်ထိ မြင့်တက်ခဲ့သည်။

အိန္ဒိယနိုင်ငံတွင် အပူချိန်လွန်ကဲမှုနှင့် ဆက်စပ်ဖြစ်စဉ်များကြောင့် လူအများအပြား သေဆုံးခဲ့ရသည်။

ဒေသန္တရအစိုးရ၏ ထုတ်ပြန်ချက်တွင် အိန္ဒိယနိုင်ငံအတွင်း အပူချိန်လွန်ကဲမှုကြောင့် လူပေါင်း ၃၆၀ ကျော်သေဆုံးခဲ့ကြောင်း သိရသည်။ ပြည်သူအများအပြားက ဆောက်လုပ်ရေးနှင့် လယ်ယာလုပ်ငန်းများတွင် လုပ်ကိုင်ရသည့်အတွက် အပူချိန်မြင့်တက်မှုဒဏ်ကို နေ့စဉ် ခံစားနေရသည်။

ရာသီဥတုစောင့်ကြည့်ရေးတာဝန်ရှိသူများက နေ့အပူချိန်လွန်ကဲမှုသည် ရက်သတ္တပတ်အနည်းငယ် ကြာမြင့်မည်ဖြစ်သဖြင့် နိုင်ငံသားများအား နေ့အချိန်တွင် အိမ်အတွင်း၌သာ နေထိုင်ကြရန် တိုက်တွန်းထားကြောင်း သိရသည်။

၂၀၁၅ ခုနှစ်တွင် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့၌ အပူချိန်လွန်ကဲမှုကြောင့် လူပေါင်း ၃၀၀၀ ကျော် သေဆုံးခဲ့ရသည်။

**အင်န်အိတ်ချ်ကေ။**





# အီရန်လွှတ်တော်အဆောက်အအုံနှင့် ခိုမေနီဂူဗိမာန်တို့ကို အကြမ်းဖက်တိုက်ခိုက်

**တီဟီရန် ဇွန် ၇**

အီရန်နိုင်ငံလွှတ်တော်အဆောက်အအုံနှင့် ၎င်းနိုင်ငံ၏ ဘာသာရေးခေါင်းဆောင်ကြီး အယာတိုလာခိုမေနီဂူဗိမာန်တို့ကို ဇွန် ၇ ရက်တွင် သေနတ်သမားများက အကြမ်းဖက်တိုက်ခိုက်ခဲ့ရာ လူနှစ်ဦးသေဆုံးခဲ့ရကြောင်း အီရန်တာဝန်ရှိသူများက ပြောကြားသည်။

မြို့တော်တီဟီရန်မြို့လယ်ရှိ လွှတ်တော်အဆောက်အအုံအတွင်းသို့ လက်နက်ကိုင်သေနတ်သမားလေးဦး ဝင်ရောက်ကာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ယင်းသို့ ပစ်ခတ်တိုက်ခိုက်စဉ် အပြန်အလှန်ပစ်ခတ်သံများကို ပါလီမန်အဆောက်အအုံ၏ အသံဖမ်းခန်းမတွင်းရှိစနစ်များ၌ ဖမ်းယူရရှိကြောင်း၊ တိုက်ခိုက်မှုအတွင်း လွှတ်တော်အဆောက်အအုံလုံခြုံရေး ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးရကြောင်း သတင်းတွင်ဖော်ပြသည်။

တီဟီရန်မြို့အတွင်း သီးခြားဖြစ်ပွားခဲ့သော ဖြစ်စဉ်တစ်ခုတွင် ဘာသာရေးခေါင်းဆောင်အယာတိုလာ ခိုမေနီဂူဗိမာန်ကို သေနတ်သမားသုံးဦးက စီးနင်းတိုက်ခိုက်ခဲ့သည်။

အီရန်နိုင်ငံတွင် ဘုရင်စနစ်အား ဆန့်ကျင်ခဲ့သည့် တော်လှန်ရေးကို ဦးဆောင်ခဲ့သူရှီးယိုက်ခေါင်းဆောင် ခိုမေနီအထိမ်းအမှတ် ဂူဗိမာန်အတွင်းသို့ သေနတ်သမားနှစ်ဦးက ဂူဗိမာန်တွင် ရှိနေသော ဧည့်သည်များကို ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ တတိယမြောက်သေနတ်သမားတစ်ဦးက ၎င်းကိုယ်ပေါ်တွင် ပတ်ချည်ထားသည့် အသေခံဗုံးဖောက်ခွဲရေးကိရိယာကို ဖောက်ခွဲကာ တိုက်ခိုက်ခဲ့ကြောင်း၊ တစ်ဦးသေဆုံးပြီး ငါးဦးထက်မနည်း ဒဏ်ရာရရှိကာ သေနတ်သမားနှစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ။**

# သူနာပြုလောကအား ပြုပြင်ပြောင်းလဲမှုများပြုလုပ်၍ နိုင်ငံတော်၏ကျန်းမာရေးကဏ္ဍကို မြှင့်တင်ပေးပါရန် အဆိုတင်သွင်း



ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်



နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်

**နေပြည်တော် ဇွန် ၇**

ပုဂ္ဂလိကဆေးရုံအချို့တွင် ၄ လ သင်တန်းဆင်းများကို သူနာပြုဝတ်စုံဝတ်စေပြီး ခန့်ထားအသုံးပြုနေခြင်းသည် လူနာများ၏အသက်အန္တရာယ်စိုးရိမ်ရသည့်အပြင် ဥပဒေနှင့်လည်း ညီညွတ်မှုမရှိကြောင်း ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်က ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး၌ အဆိုတင်သွင်းစဉ် ပြောကြားလိုက်သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်က "သူနာပြုဝတ်စုံကို နိုင်ငံတော်က အသိအမှတ်ပြုမထားသူတွေ ဝတ်ခွင့်မရှိကြောင်း ဥပဒေပြဋ္ဌာန်းထားပါတယ်။ ဒါပေမယ့် ပုဂ္ဂလိကဆေးရုံအချို့မှာ ၄ လသင်တန်းဆင်းတွေကို သူနာပြုဝတ်စုံဝတ်စေပြီး ခန့်ထား အသုံးပြုနေကြပါတယ်။ ဒါဟာ လူနာတွေရဲ့အသက်အန္တရာယ် စိုးရိမ်ရသလို ဥပဒေနဲ့လည်း မညီညွတ်ပါဘူး"ဟု ဆိုသည်။

အဆိုရှင် ဒေါ်ယဉ်မင်းလှိုင်က **ပြည်သူလူထုကျန်းမာရေးအတွက် အဓိကကျ၍ အရေးပါလှသော ဝန်ထမ်းအမျိုးအစားတစ်ရပ်ဖြစ်သည့် သူနာပြုလောကအား ပြုပြင်ပြောင်းလဲမှုများပြုလုပ်၍ နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍကို မြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းခဲ့ခြင်းဖြစ်ပြီး ယင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ထားသည်။

အဆိုရှင်က ကျန်းမာရေးကဏ္ဍတွင် သူနာပြုကျန်းမာရေးမှူး၊ ဆေးဘက်ဆိုင်ရာ နည်းပညာ၊ ဆေးဝါးကျွမ်းကျင်၊ တိုင်းရင်းဆေး ၅ မျိုးရှိရာ သူနာပြုလိုင်းတစ်ခုတည်းသာ အကြီးတန်းစာရေးရာထူးနှင့်ဝင်ရပြီး ကျန်(၄)မျိုးမှာ ဒု-ဦးစီးရာထူးဖြင့် အလုပ်ဝင်နေရပါကြောင်း၊ ရာထူးတိုးမြှင့်ခြင်း ဖြေဆိုခွင့်မိသော်လည်း တစ်နေရာတည်းတွင် ကြာမြင့်စွာတာဝန်ထမ်းဆောင်ခြင်း၊ သင်တန်းမတက်ခြင်း စသည့် ကန့်သတ်ချက်များအပြင် ရာထူးတိုးမြှင့်ခြင်း ဝင်ခွင့်လုပ်သက်ကို မကြာခဏပြောင်းလဲနေပါကြောင်း၊ ထောက်ခံချက်ယူရာတွင်လည်း အထက်၊ ဘေးတိုက်၊ အောက်ဘက်ဝန်ထမ်းများ၏ ထောက်ခံချက်ယူရမည်ဖြစ်သော်လည်း အထက်လူ၏ ထောက်ခံချက်ကိုသာ ယူသည့်အတွက် အဂတိလိုက်စားမှုများ ရှိနေနိုင်ကြောင်းကိုလည်း ဆွေးနွေးတင်ပြခဲ့သည်။

အစည်းအဝေးတွင် ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ၏ **ခေါင်လန်ဖူး-ညီတားဒီလမ်း ၅၅ မိုင်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့ရသော လမ်း၊ တံတားများအား အမြန်ဆုံးပြုပြင်ပေးရန်နှင့် ညီတားဒီကျေးရွာအထိ ရာသီမရွေးသွားလာနိုင်သည့်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ခေါင်လန်ဖူး-ညီတားဒီလမ်း ၅၅ မိုင်ကို ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် ၃၂၈ ဒသမ ၁၃ သန်းဖြင့် ဖောက်လုပ်ပေးခဲ့ပါကြောင်း။

ခေါင်လန်ဖူးမြို့နယ်သည် နယ်မြေပိုင်းခြား ခွဲဝေသတ်မှတ်မှုအရ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နယ်မြေအတွင်းပါဝင်ပြီး ညီတားဒီကျေးရွာမှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နယ်မြေအတွင်း ပါဝင်ပါကြောင်း၊ အဆိုပါလမ်းတံတားများမှာ ဖောက်လုပ်ရန်ခက်ခဲပြီး ငွေကြေးကုန်ကျမှုများသော အပိုင်းများပါဝင်ပါကြောင်း၊ ညီတားဒီ-ခေါင်လန်ဖူးလမ်း ၅၅ မိုင်အနက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နယ်မြေအတွင်း ပါဝင်သော ညီတားဒီကျေးရွာအပိုင်းမှ ၁၀ မိုင်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အဆိုပြုလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး၏ **အင်းတော်-ဗန်းမောက်- မံစီလမ်းပေါ်ရှိ မိုင်တိုင်၊ ဖာလုံတိုင်များအား ကွန်ကရစ်တိုင်များဖြင့် အစားထိုးစိုက်ထူဆောင်ရွက်ပေးရန်နှင့် ၎င်းလမ်းပေါ်ရှိတံတားများအား တံတားနံပါတ်များရေးသား၍ မှတ်ပုံတင်ထားရန် အစီအစဉ်ရှိ မရှိ**မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဗန်းမောက်မြို့နယ် အင်းတော်-ဗန်းမောက်-မံစီလမ်း(ကသာ- အင်းတော်-မံစီလမ်း)သည် မိုင်တိုင်အမှတ် (၃၇/၀)မှ (၇၆/၆) ထိ ၃၉ မိုင် ၆ ဖာလုံရှိပါကြောင်း၊ အင်းတော်- ဗန်းမောက်-မံစီလမ်း(ကသာ-အင်းတော်-မံစီလမ်း)တွင် မိုင်/ဖာလုံတိုင်များအစား ကီလိုမီတာတိုင် ၆၅ တိုင်ကို စနစ်တကျ စိုက်ထူဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

အင်းတော်-ဗန်းမောက်-မံစီလမ်း (ကသာ-အင်းတော်- မံစီလမ်း) ဗန်းမောက်မြို့နယ် မိုင်တိုင်အမှတ် (၃၇/၀) မှ (၇၆/၆)အထိ ၃၉ မိုင် ၆ ဖာလုံအတွင်းတွင် ကွန်ကရစ်တံတား ၉၆ စင်း၊ ဘေလီတံတား သုံးစင်း၊ သစ်သားတံတား ၃၃ စင်းရှိပါကြောင်း၊ တံတားများအား နံပါတ်များရေးသား၍ စနစ်တကျပြုစုထားပါကြောင်းနှင့် တံတားများအားလုံး နံပါတ်များရေးဆွဲပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း၏ **ရွှေပြည်သာမြို့နယ်ရှိ မြေသားလမ်းများကို ကတ္တရာ သို့မဟုတ် ကွန်ကရစ်လမ်းခင်းပေးရန်၊ လမ်းဘေးရေမြောင်းများကိုပါ တစ်ပါတည်း တူးဖော်ပေးရန်နှင့် မြောက်အောက်ရေမြောင်းများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လာမည့်နှစ်များအတွင်း ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး ရွှေပြည်သာမြို့နယ်အတွင်းရှိ ကျန်ရှိနေသော မြေသားလမ်းများကို ကတ္တရာ(သို့မဟုတ်) ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ပါကြောင်း၊ မြေသားမြောင်းများကိုလည်း လမ်းနယ်အကျယ်နှင့် မြေကျန်ရှိမှုအပေါ် မူတည်ပြီး ဘဏ္ဍာငွေရရှိမှုအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ရေစီးရေလာကောင်းမွန်စေရန်အတွက် လိုအပ်သည့်နေရာများတွင် ရေထုတ်ပြွန်များကို ဦးစားပေး အစီအစဉ်အလိုက် ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၊ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ၊ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေးနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင်တို့၏ လမ်း၊ တံတား အဆင့်မြှင့်တင်ပေးရေးဆိုင်ရာမေးခွန်းများကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်တို့က ပြန်လည်ဖြေကြားခဲ့ကြသည်။

ယနေ့အစည်းအဝေးတွင် မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားများ ထွက်ပေါ်လာရေးအတွက် ကျေးလက်ဒေသမှ မြို့ပြများအထိလည်းကောင်း၊ အခြေခံကျောင်းများမှ တက္ကသိုလ်၊ ကောလိပ်များအထိလည်းကောင်း အားကစားပြက္ခဒိန်များ ရေးဆွဲ၍ အားကစားပြိုင်ပွဲများပြုလုပ်ပေးပါရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာတင်ပြခြင်း၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိအတည်ပြု၍ ပေးပို့လာသော "ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုများ ဆွေးနွေးအတည်ပြုခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်(သတင်းစဉ်)**

# ဒေသလိုအပ်ချက်နှင့်ကိုက်ညီသော ကျွမ်းကျင်မှုအခြေပြု ကာလတိုသက်မွေးပညာသင်တန်းများ ဖွင့်လှစ်လျက်ရှိ



ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း



ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်မေသန်းနွဲ့

**နေပြည်တော် ဇွန် ၇**

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန အနေဖြင့် A.G.T.I ဒီပလိုမာ (၃)နှစ်သင်တန်းများနှင့် နည်းပညာအထက်တန်းကျောင်း (၂)နှစ်သင်တန်းများကိုသာမက ဒေသလိုအပ်ချက်နှင့် ကိုက်ညီသော ကျွမ်းကျင်မှုအခြေပြု ကာလတိုသက်မွေးပညာသင်တန်းများကိုလည်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) မှ ဒေါ်မေသန်းနွဲ့၏ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့တွင် အစိုးရ စက်မှုလက်မှုသိပ္ပံ A.G.T.I (ပထမနှစ်) သင်တန်းများ စတင်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစ၍ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျိုက်လတ်)တွင် ကျောင်းအတွက် ဆောက်လုပ်ရေးလုပ်ငန်းစီမံကိန်းများကို စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါ အဆောက်အအုံများ ဆောက်လုပ်နေစဉ်ကာလအတွင်း ဆောက်လုပ်ပြီးစီးခဲ့သော စာသင်ခန်းနှင့် အလုပ်ရုံများတွင် ၂၀၁၅ ခုနှစ် ဧပြီလမှစတင်၍ ဒေသလိုအပ်ချက်နှင့်ကိုက်ညီသော သက်မွေးပညာသင်တန်းများကို ပို့ချပေးလျက်ရှိပါကြောင်း။

ထိုသို့ ကာလတိုသက်မွေးပညာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသကဲ့သို့ အစိုးရ စက်မှုလက်မှုသိပ္ပံ (ကျိုက်လတ်)အတွက် သင်ကြားရေးအဆောက်အအုံများ ဆက်လက်ဆောင်ရွက်ခဲ့ရာတွင် ယခုအခါ ပြီးစီးပြီဖြစ်ပါကြောင်း၊ A.G.T.I ပထမနှစ်သင်တန်းများ ဖွင့်လှစ်ရန်အတွက် အဆောက်အအုံများ ဆောက်လုပ်ခြင်းကို အပြီးသတ်ဆောင်ရွက်ခြင်း၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်း ကျိုက်လတ်မြို့တွင် A.G.T.I သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြေညာ၍ သင်တန်းသား ခေါ်ယူသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇေ့တင်းနှင့် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်တို့၏ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာ တင်တင်ဝင်း၏ ထောင်စုနှစ်ရည်မှန်းချက် (၁၇)ချက်မှ စတုတ္ထအချက်ဖြစ်သော Quality Education အတွက် မြန်မာနိုင်ငံရှိ ပညာရေးကောလိပ်၊ အထက်တန်းနှင့် အလယ်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင် အထွေထွေဘာသာရပ်အခန်း၌ "မျိုးဆက်ပွားကျန်းမာရေး" "ပြည်သူ့နီတိ" "ဒီမိုကရေစီ"တို့ကို ဘာသာရပ်များအဖြစ် မိတ်ဆက်သင်ပေးရုံမျှမက လက်ခံကျင့်သုံးရန် စီမံဆောင်ရွက်ပေးစေလိုကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံဆွေးနွေးကြသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး သိန်းလွင်ဌေးက အဆိုနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြံပြုတင်ပြလိုသည်မှာ မျိုးဆက်ပွားကျန်းမာရေးနှင့် ဆက်စပ်သော ဘာသာရပ်သင်ခန်းစာများမှာ လိင်မှုကိစ္စရေးရာများပါရှိနေပြီး မြန်မာ့ယဉ်ကျေးမှုလူ့အဖွဲ့အစည်း၏ ဓလေ့စရိုက်နှင့် အံဝင်မှုမရှိသောကြောင့် ၎င်းသင်ခန်းစာများကို ဆွေးနွေးပို့ချရာတွင် ကျောင်းသားကျောင်းသူများကို ကျား၊ မ အုပ်စုခွဲ၍ သီးခြားဆွေးနွေးစေရန် လိုအပ်သကဲ့သို့ ၎င်းအကြောင်းအရာနှင့် ပတ်သက်၍ အမှန်ကျွမ်းကျင်သူဆရာ ဆရာမများဖြင့် ဆွေးနွေးစေမှသာ ကျောင်းသား ကျောင်းသူများ ကျန်းမာရေးအသိရရှိနိုင်မည်ဖြစ်ပါကြောင်း။

အနာဂတ်ကာလများ၌ အတန်းစဉ်အလိုက် ဘာသာရပ်သင်ရိုးညွှန်းတမ်းများ ပြင်ဆင်ဖြည့်စွက်ရန်ရှိလာပါက ပြည်သူ့နီတိဘာသာရပ်များတွင် လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေမည့် သင်ခန်းစာများ ထည့်သွင်းပြဋ္ဌာန်းပေးပါရန်နှင့် မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်များနှင့် ကိုက်ညီသော နီတိလမ်းညွှန်များသာ ပြဋ္ဌာန်းပေးနိုင်ပါရန် အကြံပြုတင်ပြပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) မှ ဒေါက်တာသန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်လွီးဇာ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုးနှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦးတို့က ဆက်လက်ဆွေးနွေးကြသည်။

ယနေ့ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့် ပြင်ဆင်သတ်မှတ်ခြင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်း၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင်က ဖတ်ကြားပြီး ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# လုပ်ငန်းလိုင်စင်အတွက် ဘယ်လိုစိစစ်ပြီးမှ လုပ်ကိုင်ခွင့်ပေးသင့်သလဲ

## သန်းဖြိုးနိုင်(ကညင်ကျိုး)

ကျွန်ုပ်တို့လူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် ယခုနောက်ပိုင်းလူအများသတိထားမိလာသည့်ကိစ္စမှာ မြို့၊ ရွာ၊ ရပ်ကွက်များအတွင်း ဆောင်ရွက်နေကြသည့် စီးပွားရေးလုပ်ငန်းအတွက် လိုင်စင်ချထားပေးကြသည့် ကိစ္စဖြစ်သည်။ ပြောင်းလဲလာသည့် ခေတ်စနစ်အခြေအနေများအရ လမ်းများကောင်းမွန်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများနှင့် ယာဉ်များ၊ လူများပေါများလာမှုကြောင့် အချို့သော မြို့၊ ရွာ၊ လူနေရပ်ကွက်များအတွင်းရှိ တစ်ပိုင်တစ်နိုင်စက်မှုလက်မှုလုပ်ငန်းငယ်များမှာလည်း ယခင်ကထက် အတော်အသင့် ပိုမိုဆောင်ရွက်လာခဲ့ကြရသည်။

**ပြည်သူများက စိတ်ဝင်တစားရှိလာခဲ့ကြ**

ထိုသို့ဆောင်ရွက်လာကြသည်နှင့်အမျှ ယှဉ်တွဲပြီးပေါ်ပေါက်လာသည်မှာလည်း ထိုလုပ်ငန်းငယ်များမှ ထွက်ပေါ်လာသည့် ဘေးထွက်ဆိုးကျိုးများပင်ဖြစ်နေခဲ့သည်။ ရပ်ကွက်အတွင်းနေ ပြည်သူများအနေဖြင့်လည်း ယခင်ကဥပဒေအကြောင်းကိုနားမလည်၊ စိတ်မဝင်စားခဲ့ကြသော်လည်း ပွင့်လင်းလာသည့် နိုင်ငံရေးအသိအမြင်၊ဥပဒေရှုထောင့်များ၊ ကျန်းမာရေးအသိအမြင်ရှုထောင့်များ ပိုမိုတိုးတက်လာမှုများကြောင့် ယခုအချိန်တွင် ထိုလုပ်ငန်းများအပေါ် ယခင်ကလိုင်စင်ချပေးခဲ့သည့်ကိစ္စနှင့်ပတ်သက်ပြီး စိတ်ဝင်တစားရှိလာခဲ့ကြသည်။

**သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေခဲ့ကြ**

လူများနေထိုင်သည့် မြို့ရွာရပ်ကွက်များအတွင်း တည်ထောင်လုပ်ကိုင်နေကြသည့် လုပ်ငန်းများမှပေါ်ထွက်လာသည့် အသံ၊ အနံ့နှင့်အမှုန်အမွှားများကြောင့် လူအများစိတ်ဒုက္ခရောက်ကြရသည်။ ကျန်းမာရေးထိခိုက်လာခဲ့ကြရသည်ဟု ပြည်သူအများထံမှ အသံများထွက်ပေါ်လာခဲ့ကြသည်။ အဆိုပါလုပ်ငန်းများအနက်မှ တစ်ခုနှစ်ခုကို ဥပမာပေးတင်ပြရလျှင် ဆန်စက်၊ သစ်စက်၊ ပရိဘောဂလုပ်ငန်းများမှထွက်ပေါ်လာသည့် စပါးခွံများနှင့်အမှုန်များကို စနစ်တကျသိုလှောင်ပိတ်ဆို့ထားမှု အားနည်းခြင်းကြောင့် ဘေးပတ်ဝန်းကျင်သို့ ပျံ့နှံ့ရောက်ရှိကုန်သည်။ နေ့ညမပြတ် စက်လည်ပတ်သည့်အသံကြောင့် ဘေးပတ်ဝန်းကျင်ရှိအိမ်များ အိပ်ချိန်၊ နားချိန်များတွင် အနှောင့်အယှက်ဖြစ်ကြရသည်။

စားသောက်ဆိုင်နှင့် မုန့်ထုတ်လုပ်သည့်ဆိုင်များမှ ထွက်ပေါ်လာသည့် အကြော်နံ့၊ အပုပ်နံ့များ၊ ချက်ပြုတ်ရာတွင်သုံးသည့် ဖွဲပြာမီးများမှထွက်ပေါ်လာသည့်ပြာမှုန့်များကြောင့် ဘေးပတ်ဝန်းကျင်ရပ်ကွက်လူထုမှာ ရေရှည်ရှူရှိုက်နေရသည့်အတွက် ကျန်းမာရေးထိခိုက်ကြရသည်။ မြို့၊ ရွာ၊ ရပ်ကွက်များအကြား တည်ထောင်ရောင်းချခွင့်ပေးထားသည့် စက်သုံးဆီအရောင်းဆိုင်များမှယိုစိမ့်ကျသည့် ဆီများမှာ ဘေးပတ်ဝန်းကျင်ရှိ ရေတွင်း၊ ရေကန်များအတွင်းသို့စိမ့်ဝင်ပျံ့နှံ့ရောက်ရှိမှုကြောင့် သုံးရေ၊ သောက်ရေတွင် ဆီများပါဝင်လာ၍ ကျန်းမာရေးအတွက် အခက်ကြုံကြရသည်။ ကား၊ ဆိုင်ကယ်ပြင်အလုပ်ရုံများမှထွက်ပေါ်လာသည့် ထုရိုက်သံများ၊ ဆေးကြောဆီအနံ့ပြင်းပြင်းများ၊ စက်နှိုးစမ်းသပ်သည့် ကျယ်လောင်သံများကိုလည်း ပြည်သူအများနေ့စဉ် ခံစားနေကြရပြန်သည်။

**နယ်မြို့တစ်မြို့ကဆန္ဒပြပွဲဖြင့် ဖော်ထုတ်ပြ**

ထိုကိစ္စများနှင့်ပတ်သက်ပြီး ပြီးခဲ့သည့်သီတင်းပတ်က နယ်မြို့တစ်မြို့တွင် ဆန္ဒပြပွဲတစ်ခုပြုလုပ်ခဲ့ကြသည်ကို သတင်းများတွင် ဖတ်လိုက်ရသည်။ ထိုဆန္ဒပြပွဲပြုလုပ်ကြသည့်အကြောင်းမှာ ရပ်ကွက်အတွင်းတည်ဆောက်ထားသည် စက်သုံးဆီအရောင်းဆိုင်တွင် လှောင်ထားသည့်ဆီသိုလှောင်ကန်မှဆီများယိုစိမ့်ပြီး ရပ်ကွက်အတွင်းရှိရေတွင်းများသို့ ပျံ့နှံ့စိမ့်ဝင်ရောက်ရှိမှုကြောင့် ရပ်ကွက်နေသူများသောက်သုံးရေနှင့် သုံးစွဲရေအတွက် အခက်အခဲဖြစ်ကြရ၍ ဖြစ်သည်ဟုသိခဲ့ရသည်။ အခြားတစ်ဖက်တွင်လည်း မီးဘေးအတွက် နေ့စဉ်နှင့်အမျှစိုးရိမ်သောကပွားနေကြရသည်ဟုပြောခဲ့ကြပြီး ထိုဆိုင်မှ မတော်တဆပေါ့ဆမီးလောင်မှုဖြစ်ပွားပါက တစ်ရပ်ကွက်လုံးပါသွားမည်မှာ သေချာသလောက်ဖြစ်နေကြောင်းလည်း ပြောပြကြသည်ကိုတွေ့ရသည်။ သို့ဖြစ်၍ အဆိုပါစက်သုံးဆီဆိုင်ကို မြို့အပြင်တစ်နေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ပေးရေးတောင်းဆိုခဲ့ကြသည်ဟု သတင်းများတွင် တွေ့ခဲ့ရသည်။ ဤသို့သောသတင်းမျိုးများကိုလည်း ယခုနောက်ပိုင်းတွင် မကြာခဏဆိုသလိုကြားသိခဲ့ရသည်။

**လုပ်ငန်းလိုင်စင် လျှောက်ထားစဉ် ဘာတွေလိုအပ်လဲ**

ပြည်သူများအနေဖြင့်လည်း အဆိုပါ စီးပွားရေးလုပ်ငန်းများအတွက် ထိုသို့ မြို့၊ ရွာ၊ ရပ်ကွက်များအတွင်း လုပ်ငန်းလိုင်စင်ချပေးကာ လုပ်နေကြသည့်အပေါ် စိတ်ဝင်တစားရှိလာကြပြီး လုပ်ငန်းလိုင်စင်တစ်ခုချထားပေးမည်ဆိုပါက မည်သည့်အချက်များနှင့်ညီညွတ်ရန် လိုအပ်ကြောင်းကိုလည်း သိချင်လာနေကြသည်ဟုဆိုခဲ့ကြသည်။ ထို့အတွက် မြို့၊ ရွာ၊ ရပ်ကွက် လူနေအိမ်များအကြား စီးပွားရေးလုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အတွက် ပြုလုပ်ခွင့်လိုင်စင်(Licence) တစ်ခုရရှိရန် မည်သည့်အချက်များနှင့်ပြည့်စုံရန်လိုသည်ကို လေ့လာကြည့်ကြသည့်အခါ ဥပဒေကြောင်းအရမူ အတော်အသင့်ပြည့်စုံကောင်းမွန်သည်ဟု ဆို၍ရသည်ကိုတွေ့ရသည်။ ထိုလုပ်ငန်းများ လုပ်ကိုင်မည်ဆိုပါက သက်ဆိုင်ရာမြို့နယ်များအလိုက် ဖွင့်လှစ်ထားရှိသည့် အသေးစားစက်မှုလက်မှုဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနနှင့် အခြားသက်ဆိုင်သည့် ဌာနများသို့လုပ်ငန်းလိုင်စင် စတင်လျှောက်ထားကြရသည်။ ထိုသို့လျှောက်ထားကြစဉ်တွင် ဥပမာအနေဖြင့် ဆန်စက်တစ်လုံးတည်မည် ဆိုကြပါစို့။ ထိုဆန်စက်အတွက် လုပ်ဆောင်မည့်သူအမည်၊ သုံးစွဲမည့်အင်ဂျင်အားနှင့် အခြားသုံးစွဲမည့် စက်ပစ္စည်းကိရိယာများ၊ လုပ်ဆောင်မည့်လုပ်သားအင်အား၊ ပြုလုပ်မည့်နေရာတွင် ပြုလုပ်မည့်အကြောင်းတို့ကို ပြည့်စုံစွာဖော်ပြပြီး လျှောက်ထားကြရသည်။

> ချစ်တုန်းမုန်းစကားပြောရမည်ဟူသည့် မြန်မာ့ရိုးရာဆိုရိုးစကားနှင့်အညီ လုပ်ငန်းထူထောင်မည့်သူက စတင်ကမ်းလှမ်းသဘောထားမေးစဉ်၊ မိမိတို့၏ထောက်ခံချက်လာရောက်ယူစဉ် အခါကတည်းကပင်လျှင် မိမိတို့ရပ်ကွက်နေပြည်သူလူထုအတွက် အားလုံး၏မျက်နှာကိုကြည့်ပြီး ထောက်ခံပေးသင့်မှသာ ထောက်ခံကြရမည်ဖြစ်သည်။

**လိုင်စင်ချပေးမည်ဆိုပါက အမှန်စစ်ဆေးရ**

ထိုသို့ စတင်လျှောက်ထားကြစဉ်ကတည်းကပင် "ထိုဆန်စက်မှဆူညံသံ၊ အမှုန်အမွှားနှင့် စပါးခွံများ၊ ယာဉ်ဝင်၊ ထွက်ကိစ္စများအတွက် လုံလုံခြုံခြုံဖြစ်ရန် မည်သို့စီစဉ်ထားမှုအခြေအနေ၊ ဆန်စက်တည်မည့်နေရာ၏ အရပ်လေးမျက်နှာနေ ပြည်သူများက သဘောတူညီကြောင်းထောက်ခံချက်၊ မီးသတ်ဦးစီးဌာန၏ မီးဘေးအန္တရာယ်အတွက် ဝင်လမ်း၊ ထွက်လမ်းကောင်း၊ မကောင်း၊ အန္တရာယ်ရှိ၊ မရှိ၊ ကျန်းမာရေးအတွက် ဆရာဝန်၏ထောက်ခံချက်နှင့်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်များ အပြည့်အစုံပါရှိရမည် ဖြစ်သည်။

ကနဦး ထိုအချက်အလက်များပြည့်စုံစွာတင်ပြလာမှုအပေါ် လုပ်ငန်းလိုင်စင်ချထားပေးမည့်ဌာနအနေဖြင့် ထိုလုပ်ငန်းအတွက်အဆောက်အအုံများ မတည်ဆောက်မီကတည်းကပင် ပတ်ဝန်းကျင်မှ ပြည်သူများအတွက် ကျန်းမာရေးထိခိုက်နိုင်မှု ရှိ၊ မရှိ၊ သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ပျက်စီးစေနိုင်မှု ရှိ၊ မရှိ၊ ဆူညံသံများအပေါ် ထိန်းချုပ်နိုင်မည့်နည်းလမ်းနှင့်အနံ့နှင့် အမှုန်အမွှားများအတွက်လုံခြုံမှုရှိ၊ မရှိတို့ကို သွားရောက်စစ်ဆေးကြရမည်ဖြစ်သည်။ ထိုအရာအပေါ် တစ်ချက်ချက်ဖြင့်ငြိစွန်းပြီး ပတ်ဝန်းကျင်မှ ပြည်သူများအတွက် အန္တရာယ်ဖြစ်စေနိုင်မည်ဆိုပါက လုပ်ငန်းလိုင်စင်ချပေးခြင်းမပြုကြရပေ။ ခေတ်ဟောင်းစနစ်ဟောင်းမှ အမူအကျင့်ဟောင်းများအတိုင်း လာဘ်ပေးလာဘ်ယူပြုလုပ်ပြီးလည်း လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း၊ ချပေးခြင်းများ မပြုသင့်ကြတော့ပေ။

**လူတိုင်းကိုယ်စီ အဂတိကင်းမှ ချမ်းသာရ**

ပြည်သူများအနေဖြင့်လည်း ထိုအချက်များအပေါ် သိရှိနားလည်ထားကြပြီး မိမိတို့အိမ်အနီး၊ရပ်ကွက်အတွင်းတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်စေမည့်စက်ရုံ၊ အလုပ်ရုံများလာရောက်တည်မည်ဆိုကတည်းကပင် ထောက်ခံချက်မပေးကြရေး အသိရှိကြရမည်ဖြစ်သည်။ သက်ဆိုင်ရာမြို့ခံဆရာဝန်ကလည်း အသေအချာသွားရောက် သုတေသနပြုစစ်ဆေးကြည့်ရှုကြရမည်ဖြစ်သည်။ ပြီးလျှင်ပြီးရော သဘောမျိုးဖြင့် ထောက်ခံစာမပေးသင့်ပေ။ ၎င်းအပြင် မီးသတ်ဦးစီးဌာနနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးများအနေဖြင့်လည်း ထောက်ခံချက်ဆိုသည်ကို အလွယ်ပေးကြရမည်မဟုတ်ဘဲ အမှန်တကယ်ပေးသင့်ပေးထိုက်သည့်နေရာဖြစ်မှသာ ပေးကြရမည်သာဖြစ်သည်။ အမှန်ဆိုရလျှင် အောက်ခြေမှ ထောက်ခံချက်ပေးသည့်သူများသည် အလွန်အရေးကြီးပြီး နောင်အခါဖြစ်လာမှ ကန့်ကွက်ကြခြင်းသည်လည်း ၎င်းတို့တာဝန်ကင်းကြမည် မဟုတ်ပေ။ ချစ်တုန်းမုန်းစကားပြောရမည်ဟူသည့် မြန်မာ့ရိုးရာဆိုရိုးစကားနှင့်အညီ လုပ်ငန်းထူထောင်မည့်သူကစတင်ကမ်းလှမ်းသဘောထားမေးစဉ်၊ မိမိတို့၏ထောက်ခံချက်လာရောက်ယူစဉ် အခါကတည်းကပင်လျှင် မိမိတို့ရပ်ကွက်နေပြည်သူလူထုအတွက် အားလုံး၏မျက်နှာကိုကြည့်ပြီး ထောက်ခံပေးသင့်မှသာ ထောက်ခံကြရမည်ဖြစ်သည်။

**နိုင်ငံတကာက နည်းလမ်းတကျ**

အခြားနိုင်ငံများတွင်မူ ထိုစက်ရုံ၊ အလုပ်ရုံများကို မဆိုထားနှင့်၊ အများပြည်သူသွားလာနေသည့် ကားလမ်းမပေါ်တွင် ကားဖြင့်သယ်ဆောင်ကြသည့် အပိုင်းတွင်အထိ ဥပဒေစည်းမျဉ်းစည်းကမ်းများဖြင့် တင်းတင်းကျပ်ကျပ် သတ်မှတ်လုပ်ဆောင်ကြသည်ကို တွေ့ရသည်။ ဥပမာအားဖြင့် သဲများသယ်ဆောင်မည်ဆိုလျှင် ကားလမ်းမအပေါ်သို့ မကျရန်နှင့် လေတိုက်ပြီး အမှုန်များမပျံ့လွင့်စေရန် အလုံပိတ်ကားများဖြင့်သာ သယ်ယူကြရသည်။ အနံ့ထွက်၊အရည်ပျော်စေသည့် ပစ္စည်းသယ်ဆောင်ပါကလည်း ထိုနည်းတူပင် အနံ့လုံသည်အထိ လုံခြုံအောင်ဖုံးအုပ်ပြီးမှသာ မြို့၊ ရွာလမ်းတစ်လျှောက် ဖြတ်သန်းသယ်ဆောင်ခွင့်ပြုသည်ကို တွေ့ရသည်။ အချိုရည်၊ ကတ်ဖာပုံးနှင့် ရေသန့်ဘူးကဲ့သို့ပစ္စည်းများသယ်ဆောင်ပါကလည်း ကားလမ်းပေါ်သို့လျှောကျခြင်းမရှိစေရေး ဘေးမှပိုက်ကွန်များဖြင့် လုံခြုံစွာဖုံးအုပ်ပြီးမှသာ မောင်းနှင်ကြရသည်။ ယုတ်စွအဆုံး လူအများနေထိုင်သည့်မြို့၊ ရွာအနီးမှ အဝေးပြေးလမ်းတည်ဆောက်ထားသည့်ကိစ္စတွင်ပင် ထိုကားလမ်းမှ အသံများကို ဘေးတွင်နေသည့် ရွာမှလူများ ဆူညံသံမခံစားကြစေရေးအတွက် အသံထိန်းနံရံများ ကာရံပေးထားကြသည်ကို တွေ့ရသည်။

**လူနှင့်မှု ညီပါမှ လူ့ဘောင်လောက ချမ်းသာရ**

သို့အတွက် နိဂုံးချုပ်တင်ပြရလျှင် ယနေ့နိုင်ငံအတွင်းနိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်အများစုလုပ်ကိုင်နေကြသည့် အိမ်တွင်းအသေးစားစက်မှုလက်မှုလုပ်ငန်းအများစုသည် လူအများနေထိုင်ရာမြို့၊ ရွာ၊ ရပ်ကွက်များအတွင်း ကျရောက်လျက်ရှိရာ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့အကျိုးစီးပွား၊ နိုင်ငံ့စီးပွားရေးတိုးတက်မှုအားကို တစ်ဖက်က မြှင့်တင်ရန်ဆောင်ရွက်ကြသကဲ့သို့ ရပ်ကွက်နေပြည်သူများ၏ကျန်းမာရေးရှုထောင့်ကိုလည်း ထည့်သွင်းစဉ်းစားတွက်ချက်ကြရမည်သာ ဖြစ်ပါသည်။ ထို့နည်းတူ ထိုလုပ်ငန်းများအတွက် လုပ်ငန်းလိုင်စင်ခွင့်ပြုပေးသည့် ဌာနဆိုင်ရာများအနေဖြင့်လည်း မိမိတို့ကိုယ်ကျိုးစီးပွားအတွက် အဂတိတရားလိုက်စားမှုကိုရှောင်ရှားပြီး နိုင်ငံတော်က ချမှတ်ပြဋ္ဌာန်းထားသည့်ဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များ၊ ထုတ်ပြန်ထားသည့် အမိန့်စည်းကမ်းများကို လေးစားလိုက်နာပြီး မြေပြင်တွင် အမှန်တကယ်ဖြစ်သင့်၊ မဖြစ်သင့် ကွင်းဆင်းစစ်ဆေးပြီးမှသာ လုပ်ငန်းလိုင်စင်များ ချမှတ်ပေးသင့်ပါကြောင်း အများပြည်သူကျန်းမာရေးအတွက် စိတ်ကောင်းစေတနာဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

# စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားနစ်နာဆုံးရှုံးမှုမရှိစေရေး ဥပဒေနှင့်အညီ အကာအကွယ်ပေးသွားမည်

**နေပြည်တော် ဇွန် ၇**

နေပြည်တော် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ(ပထမအကြိမ်)ကို ယမန်နေ့နံနက် ၁၀ နာရီက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပရာ နေပြည်တော်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က အဖွင့်အမှာစကားပြောကြားသည်။

စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားသုံးသူဆိုင်ရာအခွင့်အလမ်းများရရှိနိုင်မည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း အရည်အသွေးကောင်းမွန်ပြီး လုံခြုံစိတ်ချရသောကုန်စည်များကို ထုတ်လုပ်ရောင်းချခြင်းဖြင့် နိုင်ငံ့စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း နေပြည်တော်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင်က အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

ထို့နောက် နေပြည်တော်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်က စားသုံးသူတိုင်ကြားလာမှုများကို (ပြုပြင်ပေးခြင်း၊ အစားထိုးလဲလှယ်ပေးခြင်းနှင့် ငွေပြန်လည်ပေးခြင်း)များ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စစ်ဆေးတွေ့ရှိချက်နှင့် တိုင်ကြားလာမှုများတွင် စားသုံးသူထိခိုက်နစ်နာမှုရှိပါက စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက အမှန်တကယ်မြေပြင်တွေ့ရှိချက်များ၊ လိုအပ်ချက်များ၊ ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့်အချက်များကို အပြန်အလှန်ဆွေးနွေးကြကြောင်း သိရသည်။ **(သန့်မောင်)**

# စစ်နှင့် ငြိမ်းချမ်းရေး

မင်းခေါင်(ညောင်တုန်း)

သာကီဝင်မင်းတို့၏ ကပိလဝတ်နှင့် သာကီဝင်မင်းတို့၏ ကောလိယနှစ်ပြည်ထောင်ကြားကို ရောဟိဏီမြစ်က ခြားထား၏။ ဆွေမျိုးနှစ်ပြည်ထောင်ရှိ လယ်သမားတို့သည် ရောဟိဏီမြစ်ကို ဆည်ပြု၍ စိုက်ပျိုးရေးအတွက် ရေကို ဝေမျှသုံးကြ၏။ ရေခန်းသော နယုန်လတွင် နှစ်ပြည်ထောင် လယ်သမားတို့သည် ရေမလောက်င၍ အဝေမတည့်ဖြစ်ကာ တစ်ဖက်နှင့်တစ်ဖက် ခိုက်ရန်ဖြစ်ကြ၏။ လယ်သမားတို့၏ မသင့်မြတ်မှုသည် ကြီးထွားလာကာ နန်းတော်အထိ ရောက်လာပြီး နှစ်ဖက်သော သာကီဝင်ဆွေမျိုးမင်းတို့လည်း အချင်းများကြကာ စစ်တိုက်ရန် ပြင်ဆင်ကြကုန်၏။

မြတ်စွာဘုရားရှင်သည် ညနေချမ်းအချိန် ဆွေမျိုးမင်းနှစ်ပါး စစ်တိုက်ကြမည့် နှစ်ဖက်အကြား ကောင်းကင်တွင် ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူပြီး ရောင်ခြည်တော်လွှတ်လိုက်၏။ နှစ်ပြည်ထောင်မင်းတို့လည်း ထိတ်လန့်သွားကြပြီး လက်နက်များကိုချကာ မြတ်စွာဘုရားရှင်အား ရှိသေစွာရှိခိုးကြ၏။

မြတ်စွာဘုရားရှင်က တန်ဖိုးမရှိသော ရောဟိဏီမြစ်ရေကြောင့် တန်ဖိုးအနဂ္ဃထိုက်တန်သော ခတ္တိယအနွယ် မင်းမျိုးတို့ အသက်ရန်ရှာကာ ခိုက်ရန်ပွား မပျက်စီးကြရန် တရားတော်များကို ဟောကြားတော်မူ၏။ နှစ်ပြည်ထောင်မင်းတို့လည်း အချင်းချင်းညီညွတ်ကြပြီး ငြိမ်းချမ်းရေးရကာ စည်းဝေးတိုင်ပင်ကြ၏။

မြတ်စွာဘုရားရှင်က ကပိလဝတ်နှင့် ကောလိယသာကီဝင်မင်းသားတို့အား ဟောကြားသော တရားတို့မှာ-

(၁) ဖန္ဒနဇာတ် = ဝက်ဝံနှင့် ကြို့ပင်စောင့်နတ်တို့ အထင်လွဲကာ ရန်ငြိုးဖွဲ့၍ လှည်းလုပ်မည့် လက်သမားအားတစ်ဦးအကျိုးကို တစ်ဦးက ပျက်စီးအောင် ကုန်းတိုက်ပြောဆိုကြရာ နှစ်ဦးစလုံး ပျက်စီးကြပုံ။

(၂) ဒုဒ္ဒုဘဇာတ် = မြေပြိုသည်ဟုပြောသော ယုန်၏စကားကို ယုံကြည်ကာ ပြေးကြသော ယူဇနာသုံးထောင်ကျယ်ဝန်းသော ဟိမဝန္တာတောရှိ သားကောင်များအား ခြင်္သေ့မင်းက သေမည့်ဘေးမှ ကယ်တင်ပုံ။

(၃) လဋုကိကဇာတ် = အားနည်းသောဘီလုံးငှက်က မိမိထက်အားကြီးသောဆင်ကြီးကို ဉာဏ်ပညာသုံး၍ မိတ်ဆွေများ၏ အကူအညီယူကာ အနိုင်ရယူပုံ။

(၄) ရုက္ခဓမ္မဇာတ် = မုန်တိုင်းတိုက်သောအခါ ဟိမဝန္တာတောထဲရှိ ပေါင်းယှက်ကာ စုပေါင်းပေါက်ကြသော တောအုပ်သည် မပျက်စီးဘဲ လွင်တီးခေါင်တွင် တစ်ပင်တည်းပေါက်သော သစ်ပင်ကြီးက ပျက်စီးပုံ။

(၅) ဝဋ္ဋကဇာတ် (သမ္မောဒမာနဇာတ်) = မုဆိုးသည် ငုံးငှက်များကို ပိုက်ကွန်ဖြင့်ဖမ်းရာတွင် ငုံးငှက်များသည် တစ်ပြိုင်နက် စည်းလုံးညီညွတ်စွာ ချုံပုတ်ပေါ်နားကာ လွတ်မြောက်ကြပုံ၊ ငုံးငှက်အချို့ မတည့်ကြသောအခါ မုဆိုး၏ပိုက်ကွန်မှ မလွတ်ကြဘဲ အသက်ဆုံးရှုံးရပုံ။ စသည့်ဇာတ်တော်များကို ဥပမာပေး ဟောကြားတော်မူပြီး နောက်ဆုံးအတ္တဒဏ္ဍသုတ်ကို ဟောကြားတော်မူ၏။

ထို့နောက် ကပိလဝတ်ပြည်ဘက်မှ သာကီဝင်မင်းသား ၂၅၀၊ ကောလိယပြည်ဘက်မှ သာကီဝင်မင်းသား ၂၅၀ တို့သည် ရဟန်းပြုကြရန် သဘောတူကြ၏။ မြတ်စွာဘုရားရှင်သည် သာကီဝင်ရဟန်း ၅၀၀ တို့ကို ကပိလဝတ်ပြည်အနီး မဟာဝုန်တောသို့ ခေါ်ဆောင်သွား၏။ မြတ်စွာဘုရားရှင်သည် ထိုရဟန်း ၅၀၀ ခြံရံကာ ကပိလဝတ်ပြည်နှင့် ကောလိယပြည်တို့ကို တစ်လှည့်စီ ဆွမ်းခံကြွတော်မူ၏။

မိမိတို့ဆန္ဒမပါဘဲ တိုက်တွန်းမှုကြောင့် ဖြစ်လာသော နှစ်ပြည်ထောင်မှ သာကီဝင်မင်းသား ၅၀၀ တို့သည် သာသနာတွင်မပျော်မွေ့ကြပေ။ ထို့ပြင် ဆွမ်းခံကြွစဉ် ကျန်ရစ်သော ဇနီးမယားတို့ကလည်း သဝဏ်လွှာသတင်းစကားများပါးကာ ပြောဆိုမှုများကြောင့် ပို၍ပင် သာသနာတွင် မပျော်နိုင်ဖြစ်နေ၏။ မြတ်စွာဘုရားရှင်သည် သာကီဝင်ရဟန်း ၅၀၀ တို့ကို ဟိမဝန္တာတောင်သို့ ခေါ်ဆောင်သွားကာ သာယာမွေ့ပျော်ဖွယ်ကောင်းသောအရပ်တွင် “ကုဏာလဇာတ်”ကို ဟောတော်မူရာ ဒေသနာနိဂုံးဆုံးလတ်သော် ရဟန်း ၅၀၀ လုံး သောတာပတ္တိဖိုလ်၌တည်၍ ဈာန်သမာပတ် အဘိညာဏ်များ ရကြကုန်၏။

ထို့နောက် မြတ်စွာဘုရားရှင်သည် ဟိမဝန္တာတောင်မှ မဟာဝုန်တောသို့ ကောင်းကင်ခရီးဖြင့် ပြန်ကြွလာ၏။ ရဟန်း ၅၀၀ တို့သည် ဟိမဝန္တာတောသို့ အလာခရီးစဉ်က မြတ်စွာဘုရားရှင်၏တန်ခိုးတော်ဖြင့် ကောင်းကင်မှ ကြွလာခဲ့ကြသော်လည်း အပြန်ခရီးတွင် ဘုရားရှင်နှင့်အတူ မိမိတို့ရရှိသော ဈာန်တန်ခိုးဖြင့် ကောင်းကင်မှ ပြန်ကြွလာခဲ့ကြ၏။

မဟာဝုန်တောသို့ ပြန်ရောက်သောအခါ မြတ်စွာဘုရားရှင်သည် သောတာပန် ရဟန်း ၅၀၀ တို့အား အထက်မဂ်ဖိုလ်ရရန် ကမ္မဋ္ဌာန်းတရားများကို သင်ကြားပေး၏။ ရဟန်း ၅၀၀ တို့လည်း မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတရားများကိုယူကာ ရိုသေစွာရှိခိုးပြီး ထံပါးမှ ထွက်ခွာသွားကြကုန်၏။

ရဟန်း ၅၀၀ တို့သည် အသီးသီးကြိုးစား၍ တရားအားထုတ်ကြရာ ပထမဆုံး အရဟတ္တဖိုလ်ရသော ရဟန္တာသည် မြတ်စွာဘုရားရှင်ထံ လျှောက်ထားရန် ကြွလာ၏။ မြတ်စွာဘုရားထံရောက်၍ လျှောက်ထားမည်ပြုစဉ် နောက်ထပ်တစ်ပါးရောက်လာရာ မလျှောက်သေးဘဲ စောင့်နေ၏။ ထပ်မံ၍ တစ်ပါးပြီးတစ်ပါး ထပ်ရောက်လာရာ ရဟန်း ၅၀၀ ပြည့်သွား၏။ ရဟန်း ၅၀၀ လုံးသည် ရဟန္တာများဖြစ်ကြ၏။

မြတ်စွာဘုရားရှင်သည် သက္ကတိုင်း ကပိလဝတ်ပြည်အနီး မဟာဝုန်တောကြီးတွင် ရဟန္တာ ၅၀၀ ခြံရံလျက် သီတင်းသုံးနေ၏။ အချိန်ကား နယုန်လပြည့်နေ့ ညနေချမ်းအချိန် အရှေ့လောကဓာတ် ယုဂန္ဓိုရ်တောင်ထိပ်မှ လဝန်းကြီးလည်း ထွက်ပေါ်လာ၏။

မြတ်စွာဘုရားရှင်ထံမှ တရားတော်နာယူရန် စကြဝဠာတိုက်တစ်သောင်းမှ နတ်၊ ဗြဟ္မာအပေါင်းတို့သည် လာရောက်စည်းဝေးကြကုန်၏။ ဤစကြာဝဠာ တစ်တိုက်လုံးသည် နတ်၊ ဗြဟ္မာတို့ဖြင့် အပ်ချရန်ပင် နေရာလွတ်မရှိ ပြည့်ကြကုန်၏။

မြတ်စွာဘုရားရှင်လည်း ရဟန္တာ ၅၀၀ နှင့် တရားနာကြွလာကြကုန်သော နတ်၊ ဗြဟ္မာအပေါင်းတို့အား မဟာသမယသုတ်ကို ဟောကြားရာ ဒေသနာနိဂုံးပြီးဆုံးလတ်သော် ကုဋေတစ်သိန်းသော နတ်၊ ဗြဟ္မာတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်ကုန်သော နတ်၊ ဗြဟ္မာတို့မှာ မရေတွက်နိုင်အောင် ရှိကုန်၏။

ဤနယုန်လပြည့်နေ့တွင် ဟောကြားသော မဟာသမယသုတ် စတင်ဖြစ်ပေါ်လာသော ဖြစ်စဉ်တွင် သာကီဝင်မင်းသား ၅၀၀ တို့သည် စစ်ပွဲနှစ်ပွဲ ဆင်နွှဲခဲ့ကြ၏။

မိမိတို့ဆန္ဒအလျောက် တိုက်ကြမည့် လက်နက်ကိုင်စစ်ပွဲနှင့် ရဟန်းပြုပြီးနောက် မြတ်စွာဘုရားက တိုက်ခိုင်းသော ကိလေသာစစ်ပွဲတို့ဖြစ်ကြ၏။

ပထမလက်နက်ကိုင်စစ်ပွဲအား မတိုက်စေဘဲ ငြိမ်းချမ်းရေးကိုရယူပေးလိုက်၏။ ဒုတိယကိလေသာစစ်ပွဲကိုမူ တိုက်စေပြီး ငြိမ်းချမ်းရေးကိုရယူပေးလိုက်၏။

ပထမ လက်နက်ကိုင်စစ်ပွဲသည် သွေးထွက်သံယို သေကျေကြမည်ဖြစ်ရာ အကျိုးယုတ်မည်ဖြစ်၍ မတိုက်စေဘဲ ငြိမ်းချမ်းစေ၏။ ဒုတိယစစ်ပွဲသည် ထကြွသောင်းကျန်းနေသော ကိလေသာများကို တိုက်ခိုက်စေကာ သံသရာကိုပြတ်သော ဘဝငြိမ်းချမ်းရေးအတွက်ဖြစ်၏။

တစ်နည်းဆိုရသော် ပထမစစ်ပွဲသည် (ပြင်ပ-အစ္ဈတ္တ)မတိုက်ရမည့် ငြိမ်းချမ်းရေးယူရမည့် စစ်ဖြစ်၏။ ဒုတိယစစ်ပွဲသည် (ကိုယ်တွင်း-ဗဟိဒ္ဓ) တိုက်ယူမှရမည့် (ဘဝ+သံသရာ) ငြိမ်းချမ်းရေး စစ်ဖြစ်ပေသည်။ ။

# ပန်းကိုခြွေမှာ စိုးမိသည်(သို့မဟုတ်)ဆရာပေးတဲ့ဆုတစ်ခု

သရက်တန်းစိုးရွှေ(စိတ်ပညာ)

ကျောင်းဖွင့်ချိန် ရောက်ခဲ့ပြန်ပါပြီ။ အဖြူအစိမ်းများကို ဝတ်ဆင်ထားသည့် ကျောင်းသားကလေးများ၏ အပြုံးပန်းများက ပတ်ဝန်းကျင်တစ်ခွင် လှပနေပေသည်။ လက်ဦးဆရာ မိဘတို့လည်းပြုံးပျော်နေသလို ဆရာ ဆရာမတို့လည်း ပြုံးပျော်နေသည့် မြင်ကွင်းပင်ဖြစ်သည်။ ထိုမြင်ကွင်းလေးများကို တင်စားသမျှ ဥယျာဉ်မှူးတို့ အပြုံးနေ့စွဲ ဟုပင် ဆိုလိုက်ချင်ပါသည်။

သစ်ပင်ပန်းမန်များနှင့် ဥယျာဉ်များဖြစ်တည်ရေးအတွက် ဥယျာဉ်မှူးကောင်းလိုအပ်မြဲပင် ဖြစ်သည်။ ပန်းပျိုးသည့် ဥယျာဉ်မှူးကြောင့် ပန်းမန်တို့လှပစွာဖူးပွင့်လာမြဲပင်ဖြစ်သည်။ ထို့အတူ လူဆိုသော မျိုးဆက်သစ်လူငယ်လေးများကို မိဘ၊ ဆရာဆိုသော ဥယျာဉ်မှူးများက စနစ်တကျ ပြုစုပျိုးထောင်လာမြဲပင်ဖြစ်သည်။ မသိမသာရင်ထဲသို့ တာဝန်ယူစိတ်၊ တာဝန်သိစိတ်တို့ကို သွင်းပေးတတ်ပေသည်။ ထိုသို့ပြုလုပ်နေသည့်ကြားမှ မကောင်းသောအကျင့်ဆိုသော အဖျက်ပိုးဒဏ်ကြောင့် ကြွေကျသွားသူများလည်း ရှိနေပေသည်။ ပတ်ဝန်းကျင်အကျင့်ဆိုးကြောင့် ကူးစက်လာသော မကောင်းသောအကျင့်များကလည်း ပန်းကိုခြွေနေတတ်ပေသည်။ ထိုပန်းများစွာအကြား ဖြတ်သန်းလာခဲ့သော ငယ်ဘဝပန်းကလေးကို တော့ဖြင့် သတိရနေမိပေသည်။

မူလတန်းကျောင်းသားတွင် အတန်းခေါင်းဆောင် အသင်းခေါင်းဆောင်ဟု ကင်ပွန်းတပ်ကာ တာဝန်တစ်ခု ပေးလာပြီဆိုသည်နှင့် ကျောင်းသို့ စောစောသွားကာ ဦးဆောင်မှုပေးနေတတ်ပေသည်။ အိမ်ကိုပြောလျှင်လည်း ဒီကနေ့ကျောင်းကို စောစောသွားမယ်၊ ကျွန်တော်က အတန်းခေါင်းဆောင် အသင်းခေါင်းဆောင်ဟုပင် ဂုဏ်ယူစွာ ပြောဆိုမိမြဲပင်ဖြစ်သည်။ အသင်းလိုက်ခုံများကိုဖယ်ကာ တံမြက်စည်းလှည်းသည့်အခါတိုင်း ခဲတံ၊ ပေတံများ တွေ့နေကျပင်ဖြစ်သည်။ တွေ့သည့်ခဲတံကလေးများကို ဆရာလာသည့်အခါ ပြေးပြီးအပ်လိုက်ကြပေသည်။ ဆရာက ငါ့တပည့်တွေ တော်လိုက်တာဆိုကာ စာအုပ်ထဲတွင် အပ်သူနာမည်ကို မှတ်ထားလိုက်ပေသည်။ ကလေးအသိတွင် ဆရာဘာကြောင့်မှတ်သည်ကို မသိခဲ့ပေ။

ကျောင်းထဲဝင်လိုက်သည်နှင့် အမှိုက်တစ်ခုတွေ့မိသည်နှင့် ကောက်ကာ အမှိုက်တောင်းအတွင်းထည့်လိုက်သည်များလည်း အခါခါပြုလုပ်မိနေပေသည်။ ကျောင်းသားကလေးများ အမှိုက်တောင်းအတွင်း အမှိုက်ကောက်ထည့်သည့်အခါတိုင်း ဆရာမြင်ပါက စာအုပ်တွင် ရေးမှတ်နေသည်ကို တွေ့နေရပေသည်။ ဆရာဘာရေးမှတ်သည်ကိုတော့ မသိပေ။ ကျောင်းထဲမှာတော့ နေ့စဉ် နံနက်တိုင်း အမှိုက်တစ်ခုကတော့တွေ့နေမြဲပင်ဖြစ်သည်။ ဘယ်သူချသည် မသိပေမယ့် ကျော်သွားသူများလည်း ကျော်သွားတတ်ကြပေသည်။

နှစ်လယ်လောက်ရောက်သည့်အခါတွင် ကျောင်းတွင် ဆုပေးပွဲများပြုလုပ်လေ့ရှိပေသည်။ အဆင့်တစ်၊ နှစ်၊ သုံးမှအစ စာရိတ္တဆု၊ တာဝန်သိတတ်မှုဆုများပါ ပေးလေ့ရှိပေသည်။ ဆရာမှာ အနုပညာဆန်သူဖြစ်သည့်အတွက် စစ်ကိုင်းမြို့ရွာထောင်မှ ကြေးဖြင့်ပြုလုပ်သည့် ဆွဲပြားဆုကလေးများကို ချီးမြှင့်လေ့ရှိပေသည်။ ထိုဆွဲပြားကလေးများကို ကျောင်းသားတိုင်း လိုချင်ကြပေသည်။ အဆင့်တစ်ရသူများဆိုလျှင် ကလပ်ကလေးများပင် ဆုချတတ်ပေသည်။ ထိုဆုများထဲတွင် ဆရာကြိုတင်ပြောပြမထားသော စာရိတ္တဆု၊ တာဝန်သိတတ်သည့်ဆုများကမူ ဆုပေးပွဲတွင် ထူးခြားသောဆုပင် ဖြစ်သည်။ ဆရာက စင်ပေါ်တက်ကာ ဒီနှစ်အတွက်တာဝန်သိဆု၊ စာရိတ္တဆုကို တော့ဆိုပြီး ကြေညာချက်အဆုံးတွင် ကိုယ့်နာမည်ဖြစ်နေသည့်အခါ ဝမ်းသာပြီးပျော်သွားပေသည်။ ဘာကြောင့်ပေးမှန်းမသိပေမယ့် ပျော်ရွှင်နေမိပေသည်။ ဆရာက စာရိတ္တဆု တာဝန်သိတတ်သည့်ဆုကို အမြင့်ဆုံးထားပေးလေ့ရှိပေသည်။ ဆုပေးရသည့် အကြောင်းအရာများကို စင်မြင့်ပေါ်မှ ဆရာရှင်းပြသည့်အခါ ပိုအံ့ဩသွားရသည်။

ဆရာကပြောလာသည်။ နံနက်တိုင်းကျောင်းအပေါက်ဝမှာ သူကိုယ်တိုင် အမှိုက်ကလေးများကိုချထားလိုက်ပါတယ်။ သူစားပွဲမှနေပြီး ကျောင်းပေါက်ကို အမြဲအကဲခတ်နေပါတယ်တဲ့။ ကျောင်းသားအများစု ဝင်ထွက်နေတဲ့ ကျောင်းပေါက်မှာ အမှိုက်များကိုကျော်သွားသူ တာဝန်မဲ့သူတို့ များစွာမြင်နေပါတယ်တဲ့။ တာဝန်သိသည့်ကျောင်းသားများကမူ ချထားသောအမှိုက်ကိုကောက်ကာ အမှိုက်ပုံးအတွင်း ကောက်ထည့်လေ့ရှိပါတယ်။ အဲဒီကျောင်းသားနာမည်နဲ့အတန်းကို စာအုပ်ထဲတွင်ရေးမှတ်ထားခဲ့ပါတယ်။ အဲဒီရေးမှတ်ထားတဲ့ မှတ်တမ်းထဲမှာမှ အများဆုံးပြုလုပ်သည့်ကျောင်းသားကို တွေ့တဲ့အခါ တာဝန်သိဆုနဲ့ စာရိတ္တဆုကိုပေးခြင်းဖြစ်ပါတယ်ဟု ရှင်းပြလေ့ရှိပေသည်။ ဆုပေးပွဲကို တက်ရောက်လာသည့် ကျောင်းသားမိဘများမှာ အားရပါးရလက်ခုပ်တီးလေ့ရှိသည်။

လက်ခုပ်သံငြိမ်သည်နှင့် ဆရာက ထပ်မံပြောလေ့ရှိသည်။ ကျောင်းသားလေးတွေက ပန်းကလေးတွေပါဗျာ။ သူတို့ကို ပြုစုပျိုးထောင်ရမှာက ဆရာ၊ မိဘတွေပါ။ ဒီပန်းကလေးတွေကို မကောင်းတဲ့ အကျင့်ဆိုး၊ မကောင်းတဲ့ စိတ်ဓာတ်၊ မကောင်းတဲ့ လုပ်ရပ်တွေ လုပ်ကြမှာကို အစိုးရိမ်ဆုံးပဲဗျာ။ ဒီကနေ့ဒီအချိန် သူတို့ငယ်ရွယ်စဉ်မှာ သိသိရရ မှတ်မှတ်ရရ အသိပေးမှုလေးတွေ သူတို့ကြီးလာတဲ့အခါ သိစေချင်တယ်ဗျာ။ မကောင်းတဲ့အကျင့်တွေ ပတ်ဝန်းကျင်ကကူးစက်ပြီး ကျွန်တော့်ကျောင်းကပန်းကလေးတွေကိုခြွေမှာ စိုးမိပါတယ်။ မိဘတွေကလည်း ကျွန်တော့်ကျောင်းက ပန်းကလေးတွေ လှပအောင်ပြုစုပေးကြပါ။ ပန်းခြွေသည့် အဖျက်ပိုးတွေရန်မှ ကာကွယ်ပေးကြပါဟု ပြောဆိုမြဲပင်ဖြစ်ပေသည်။

တွေ့ကြုံလာခဲ့သည့် အတွေ့အကြုံများအကြား ပန်းကိုခြွေသည့် အဖျက်ပိုးများကြောင့် စာရိတ္တပျက်စီးသူများစွာလည်း တွေ့မြင်ခဲ့ရပေသည်။ ရိုးသားစွာကြိုးစားရင်း တိုင်းပြည်အကျိုးပြု တိုင်းပြည်ဂုဏ်ဆောင် ပန်းကလေးများစွာလည်း ဖူးပွင့်လာသည်ကို တွေ့နေရသည်။ ပတ်ဝန်းကျင်တွင် စည်းကမ်းမဲ့ အမှိုက်ပစ်သူ၊ အတ္တဆန်သူ၊ စာရိတ္တပျက်နေသူများကို တွေ့မြင်သမျှ ငယ်ငယ်က ဆရာပြောခဲ့သည်များကို ပြန်ကြားယောင်နေမိပေသည်။ မကောင်းသည့်အကျင့်၊ မကောင်းသည့် လုပ်ရပ်တွေကို ပတ်ဝန်းကျင်ကနေကူးစက်ပြီး ပန်းကိုခြွေမှာ စိုးမိပါတယ်ဆိုသော စကားကလေးပင်ဖြစ်သည်။

တွေ့ကြုံကျော်လွှန်ခဲ့သော သက္ကရာဇ်တို့ ပြန်မရပါတော့ချေ။ ကြွေသောပန်းများရှိသလို ဝေသောပန်းများလည်း ရှိနေခဲ့ပေသည်။ စည်းကမ်းရှိသူများရှိသလို စည်းကမ်းမဲ့သူများလည်း ရှိနေပေသည်။ ပြုပြင်ပြောင်းလဲရေးကာလတွင် ကိုယ်စီကိုယ်စီ စာရိတ္တကိုတန်ဖိုးထားကာ ပတ်ဝန်းကျင်မှ ပန်းကလေးများကို ပွင့်လန်းအောင် ပြုလုပ်ရပေမည်။ ကိုယ်တိုင်တာဝန်သိဖို့ လိုလာပါချေပြီ။ တာဝန်ကျေဖို့လိုလာပါချေပြီ။ အဖျက်ပိုးများကို ကာကွယ်ဖို့လိုလာပါချေပြီ။ နေ့စဉ်ရှင်သန်သွားလာလှုပ်ရှားတိုင်း စာရိတ္တကို စမ်းသပ်သည့်အခါများနှင့် ကြုံသည့်အခါတိုင်း ကျွန်တော့် ဆရာပြောခဲ့သော စကားလေးကို သတိရကာပြုပြင်စေချင်ပါသည်။ ဆရာပြောခဲ့သော စကားလေးက-**“ပန်းကိုခြွေမှာစိုးမိသည်တဲ့”**။ ။

❑

# လွှတ်တော်ရုံးဝန်ထမ်းများအတွက် သင်တန်းနှင့်အလုပ်ရုံဆွေးနွေးပွဲများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇွန် ၇**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC)ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် Konrad - Adenauer Stiftung (KAS)မှ အထူးကိုယ်စားလှယ် Dr. Norbert Eschborn နှင့်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် ဂျာမနီနိုင်ငံ အခြေစိုက် Konrad - Adenauer Stiftung (KAS)နှင့် မြန်မာလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များအတွက် "Public Relations and Media Relations" နှင့်ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ရေး၊ လွှတ်တော်ရုံးဝန်ထမ်းများအတွက် စွမ်းရည်မြှင့်တင်ရေးနှင့် ပတ်သက်သော သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ဂီနီသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ် ထူထောင်

**နေပြည်တော် ဇွန် ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဂီနီသမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ မူကြီးများနှင့်အပြည်ပြည်ဆိုင်ရာ ဥပဒေတို့ကိုအခြေခံပြီး သံတမန်ဆက်ဆံရေးနှင့် ကောင်စစ်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းများနှင့်အညီ နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်ခိုင်မာလိုသည့် ဆန္ဒရှိကြသည့်အားလျော်စွာ ၂၀၁၇ ခုနှစ် ဇွန်လ ၆ ရက်နေ့မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ထူထောင်ကြသည်။

မြန်မာနိုင်ငံနှင့် ဂီနီနိုင်ငံအကြား သံတမန်အဆက်အသွယ်ထူထောင်သည့် ပူးတွဲကြေညာချက်ကို ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဆိုင်ရာ ဂီနီအမြဲတမ်းကိုယ်စားလှယ်တို့သည် ၂၀၁၇ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

ဂီနီသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ နိုင်ငံ ၁၂၀ မြောက် သံတမန်အဆက်အသွယ်ထူထောင်သည့် နိုင်ငံဖြစ်သည်။ **(သတင်းစဉ်)**

# (၁၄)ကြိမ်မြောက် အာရှမီဒီယာထိပ်သီးအစည်းအဝေး ဆက်လက်ကျင်းပ




**ချင်းတောင် ဇွန် ၇**

(၁၄)ကြိမ်မြောက် အာရှမီဒီယာထိပ်သီးအစည်းအဝေး ဒုတိယနေ့ကို ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချင်းတောင်မြို့ရှိ ရှန်ဂရီလာဟိုတယ်၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေး ဒုတိယနေ့တွင် Plenary Session 4 ကို Media for No Poverty; Creating Public Awareness and Engagement ခေါင်းစဉ်ဖြင့် ဆွေးနွေးကြရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပြန်ကြားရေးဝန်ကြီး Hon. Hasanul Haq Inu၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Ningxia TV မှ ဒုတိယဥက္ကဋ္ဌ Mr. Zhongqi Niu၊ မလေးရှား Taylor's တက္ကသိုလ်မှ Assoc; Prof; Dr. Ramachndran Ponnan နှင့် ဖိလစ်ပိုင်နိုင်ငံမှ Undersecretary and Executive Director Mr. Jose Joel Maguiza Sy Egco တို့ ပါဝင်ဆွေးနွေးကြပြီး ကာတာနိုင်ငံ အယ်လ်ဂျာဇီးယား အင်္ဂလိပ်ပိုင်း အကြီးတန်းသတင်းကြေညာသူ Mr. Sami Zeidan က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တရုတ်နိုင်ငံ ပုံနှိပ်ထုတ်ဝေရေး၊ ရေဒီယို၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြား စီမံခန့်ခွဲရေးဌာန ဒုတိယဝန်ကြီး Mr. Tong Gang နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံ ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ စာရေးဆရာများ အပြန်အလှန်လေ့လာရေးနှင့် စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။ **(ဝဲပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တရုတ်နိုင်ငံတကာ အသံလွှင့်ဌာန (CRI) မှ ဒုတိယအယ်ဒီတာချုပ် Ms. Li Pang နှင့် တွေ့ဆုံပြီး ရုပ်သံလွှင့်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပြန်ကြားရေးဝန်ကြီး Hon. Hasanul Haq Inu နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံ မီဒီယာဆိုင်ရာကိစ္စရပ်များ အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲသို့ ဝင်ရောက်လာသော ကြွက်များမှာ အစာရှား၍ အရပ်ရွှေ့ပြောင်းနေကြခြင်းဟု စိုက်ပျိုးရေးဦးစီးဌာနမှခန့်မှန်း

**ပုသိမ် ဇွန် ၇**

ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ ဇီးချိုင်ကျေးရွာနှင့် ဆက်စပ်ဒေသများသို့ ဝင်ရောက်လာသောကြွက်များမှာ အစာရှားပါးမှုနှင့် ကြုံတွေ့ခဲ့ရသဖြင့် တညင်းသီးများနှင့် ဖာလာပင်များကို စားရန် အရပ်ရွှေ့ပြောင်းနေကြခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန PP ဌာနခွဲမှ စမ်းသပ်စစ်ဆေးမှုများအရ သိရသည်။

ယင်းဒေသသို့ ကျရောက်သည့် ကြွက်မျိုးများသည် ကြွက်ဝမ်းဖြူများဖြစ်ပြီး လက်ရှိအသက်အရွယ်မှာ နှစ်လခွဲမှ သုံးလအတွင်း (အရွယ်ရောက် မျိုးပွားရန်အသင့်) သက်တမ်းရှိသည့် ကြွက်များဖြစ်ကြောင်း သိရသည်။ အဆိုပါကြွက်များသည် လွန်ခဲ့သည့် နှစ်လမှ သုံးလအတွင်း အစာပေါများစွာရှိခဲ့သည့်အတွက် စုဆောင်းထားသည့် အစာလက်ကျန်ရှိနေသေးသော်လည်း ယခုအခါတွင် ၎င်းတို့ အင်အားဖြည့်တင်းပေးနိုင်သည့် အစာမရရှိသည့်အတွက် ရရာအစာဖြစ်သော ဝါးရွက်နု၊ တညင်းရွက်နှင့် ဖာလာခေါက်များကိုသာ စားသောက်နေကြောင်း တွေ့ရှိရသည်။

ထိုသို့ အစာရှားပါးမှုကြောင့် ရွှေ့ပြောင်းလာသော ကြွက်များကြောင့် ကျန်းမာရေးဆိုးကျိုးမရှိနိုင်ကြောင်းနှင့် ကပ်ပါးရောဂါအခြေအနေကို ဖြစ်ပေါ်စေနိုင်မည့် ပုလိပ်ရောဂါဖြစ်စေသော ကပ်ပါးသန်းမရှိသည်ကိုလည်း စမ်းသပ်စစ်ဆေးမှုအရ သိရသည်။

ထို့ပြင် ငပုတောမြို့နယ် ကံချိုင်နှင့် ဇီးချိုင်ပတ်ဝန်းကျင်တွင် အသီးသီးပြီး သေနေသော ဝါးပင်များကို တွေ့ရှိရကြောင်း၊ လွန်ခဲ့သည့် ငါးလခန့်က ပန်းပွင့်၍ သုံးလခန့်တွင် ဝါးသီးသီးပြီး ကြွေကျသည့်အတွက် အစာရေစာပေါများမှု ကြုံခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုအချိန်မှ ပေါက်ထားသော သားပေါက်များသည် တစ်လအချိန်တွင် နို့ခွဲ၍ နှစ်လအချိန်တွင် မိတ်လိုက်နိုင်သည့်အရွယ်သို့ ရောက်ရှိနေကြောင်း၊ ၎င်းတို့ အရွယ်ရောက်ချိန်တွင် စားစရာ အစာရေစာ ရှားပါးလာသည့်အတွက် အစာရှာထွက်ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ကြွက်ဝမ်းဖြူ၏ သဘောသဘာဝအတိုင်း အုပ်စုတွင်ဦးဆောင်သည့် ကြွက်မှာ အထီးဖြစ်သည့်အတွက် ပထမဆုံးအကြိမ် ဖမ်းဆီးရမိသော ကြွက်များမှာ အရွယ်ရောက် အထီးများဖြစ်ကြောင်း ကွင်းဆင်းအဖွဲ့က တွေ့ရှိခဲ့ကြသည်ဟု ဆိုသည်။

ယခု ကံချိုင်နှင့် ဇီးချိုင်တွင် ဖြစ်ပေါ်ခဲ့သော ကြွက်အစုလိုက် အပြုံလိုက် ရွာထဲသို့ ဝင်ခြင်းသည် သဘာဝဘေးအန္တရာယ်ကျရောက်မည့် နိမိတ်ဆိုးနှင့် လုံးဝမသက်ဆိုင်ကြောင်း၊ ကြွက်များတွင် ကြွက်မှ လူသို့ကူးစက်တတ်သော ပုလိပ်ရောဂါဖြစ်စေသည့် သက်ရှိလုံးဝမပါဝင်ကြောင်းလည်း သိရသည်။

လူအများက လက်ဦးမှုရယူ၍ ကြွက်များကို ဖမ်းဆီးသည့်အတွက် ကြွက်များမှာ လူနေအိမ်ပတ်ဝန်းကျင်သည် ၎င်းတို့အတွက် ဘေးကင်းလုံခြုံသည့် ပတ်ဝန်းကျင် မဟုတ်မှန်းသိ၍ လတ်တလောတွင် ကျေးရွာထဲဝင်ရောက် အစာရှာခြင်းမှ ရှောင်ရှားနေသော်လည်း ပေါ့ပေါ့တန်တန် မနေသင့်ဘဲ လက်ကျန်ကြွက်ကောင်ရေ ရှင်းလင်းရန်အတွက် တောစပ်ခြုံစပ်နှင့် ဝါးရုံတောများထဲတွင် ခိုအောင်းနေသော ကြွက်များကို လူအင်အားဖြင့် ဖမ်းဆီးခြင်းကို ငါးရက်မှ ခုနစ်ရက်အတွင်း ဆက်တိုက်ဆောင်ရွက်ရန်လည်း တိုက်တွန်းနှိုးဆော်ထားကြောင်း၊ မြေပြင်ကွင်းဆင်းစစ်ဆေးအဖွဲ့ဖြစ်သည့် ဦးဝင်းစိုး(ဧရာဝတီတိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ)၊ ဦးစိန်မောင်မြင့်(ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး)၊ ဦးကျော်သူရ (ပုသိမ်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး)၊ ဒေါက်တာညိုမီထွေး (ကြွက်ဂေဟဗေဒပညာရှင်၊ သီးနှံကာကွယ်ရေးဌာနခွဲရုံးချုပ်)တို့၏ တွေ့ရှိချက်ကို ပုသိမ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အစီရင်ခံစာထုတ်ပြန်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**



# ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့် အိန္ဒိယသံအမတ်ကြီးနှင့်တွေ့ဆုံ

**နေပြည်တော် ဇွန် ၇**

ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vikram Misri နှင့် ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဧည့်ခန်းမ၌ တွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ဒုတိယရှေ့နေချုပ်က ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဖွဲ့စည်းပုံအဆင့်ဆင့်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။ အိန္ဒိယသံအမတ်ကြီးက မြန်မာ-အိန္ဒိယ နှစ်နိုင်ငံသည် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများဖြစ်၍ ဥပဒေရေးရာကိစ္စရပ်များကို အတူပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ အိန္ဒိယနိုင်ငံအစိုးရအနေဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဥပဒေဆိုင်ရာ သင်တန်းများ အထောက်အကူပေးရေးအတွက် တရားဝင်စာပေးပို့ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးအတွက် အကျိုးအမြတ်ဖြစ်ထွန်းစေမည့် သင်တန်းများကို ပို့ချပေးလိုပါကြောင်း၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ဥပဒေရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခြင်းကို ကျယ်ပြန့်စွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။ **(သတင်းစဉ်)**

# သဘာဝဘေးဖြစ်သည့်အတွက် မခွဲခြားဘဲ ပျက်စီးဆုံးရှုံးမှုပမာဏပေါ်မူတည်ပြီး ငွေကြေးထောက်ပံ့သွားမည်



**မောင်တော ဇွန် ၇**

မောင်တောခရိုင် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များတွင် ဆိုင်ကလုန်းမုန်တိုင်း မိုရာ တိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့် လူနေအိမ်များအား အပိုင်းသုံးပိုင်းခွဲကာ ငွေကြေးထောက်ပံ့မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ယနေ့နံနက် ၁၀ နာရီတွင် မောင်တောမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် မိုရာဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအား မြေပြင်ကွင်းဆင်းစစ်ဆေး ထောက်ပံ့ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က ပြောသည်။

"ပျက်စီးဆုံးရှုံးသွားတဲ့အိမ်တွေကို အပိုင်းသုံးပိုင်းခွဲပြီး ထောက်ပံ့မယ်။ တစ်စိတ်တစ်ပိုင်း ပျက်စီးသွားတဲ့ အိမ်တွေကို အခြေခံနှုန်းထားအတိုင်း တစ်အိမ်ကို ကျပ်နှစ်သောင်း ထောက်ပံ့မယ်။ လုံးဝပျက်စီးသွားတဲ့အပိုင်းမှာ လူဦးရေနဲ့ အိမ်အမျိုးအစားအပေါ်မူတည်ပြီး အခိုင်အမာဖြစ်တဲ့အိမ်မျိုး မြေပေါ်ဘုန်းဘုန်းပြိုလဲကျသွားတယ်ဆိုရင် တစ်အိမ်ကို ငွေကျပ်တစ်သိန်းနှုန်း ထောက်ပံ့မယ်။ ပျဉ်ထောင်အိမ်ဖြစ်ပြီး အမိုးအကာတွေ ပွင့်သွားတယ်ဆိုရင် ငွေကျပ် ငါးသောင်းနှုန်း ထောက်ပံ့သွားမယ်။ အိမ်အကျယ်အဝန်းနဲ့ အိမ်ရဲ့ပျက်စီးဆုံးရှုံးမှုပမာဏပေါ်မူတည်ပြီး ထောက်ပံ့မှုတွေကွာသွားမယ်" ဟု မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က ပြောသည်။

မိုရာဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် မောင်တောခရိုင် မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များတွင် ပြိုကျပျက်စီးခဲ့သည့် လူနေအိမ်များအား အမြန်ပြန်လည်တည်ဆောက်နိုင်ရန် ဌာနဆိုင်ရာများ ပါဝင်သည့် မြေပြင်ကွင်းဆင်းစိစစ်ထောက်ပံ့ရေးအဖွဲ့များ ဖွဲ့စည်းခဲ့ရာ မောင်တောမြို့နယ်တွင် ကိုးဖွဲ့၊ ဘူးသီးတောင်မြို့နယ်တွင် ရှစ်ဖွဲ့နှင့် ခရိုင်ကြီးကြပ်ရေးကော်မတီတစ်ဖွဲ့ စုစုပေါင်း ၁၈ ဖွဲ့ ဖွဲ့ကာ ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မြေပြင်ကွင်းဆင်း စိစစ်ထောက်ပံ့ရေးအဖွဲ့တွေက မြေပြင်ကွင်းဆင်းစိစစ်ပြီး ထောက်ပံ့မှုတွေ တစ်ပါတည်း ပြုလုပ်သွားမယ်။ အဖွဲ့တစ်ဖွဲ့မှာ ကျေးရွာ ခုနစ်ရွာကနေ ၁၀ ရွာထိ တာဝန်ယူ ဆောင်ရွက်သွားမယ်။ အခုထောက်ပံ့တဲ့ငွေက ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ပေးတာဖြစ်တယ်။ ဒီမှာရှိတဲ့ ဌာနတွေက ပူးပေါင်းဆောင်ရွက်ပေးတာဖြစ်တယ်"ဟု မောင်တောခရိုင်အုပ်ချုပ်ရေးမှူးက ပြောသည်။

မိုရာဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် မောင်တောခရိုင် မောင်တောမြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၁၈ အုပ်စုတွင် လူနေအိမ် တစ်စိတ်တစ်ပိုင်းပျက်စီးမှု အိမ်အလုံး ၇၇၂၀ နှင့် လူနေအိမ်ပြိုကျပျက်စီးမှု အိမ် ၃၃၅၁ လုံး၊ ဘူးသီးတောင်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၈၅ အုပ်စုတွင် လူနေအိမ် တစ်စိတ်တစ်ပိုင်းပျက်စီးမှု ၃၃၀၉ လုံး၊ လူနေအိမ် လုံးဝပြိုကျပျက်စီးမှု အလုံး ၁၀၁၀ ပျက်စီးခဲ့ပြီး မောင်တောမြို့နယ်တွင် ငွေကျပ် ၄၈၁ ဒသမ ၅ သန်း၊ ဘူးသီးတောင်မြို့နယ်တွင် ငွေကျပ် ၁၆၇ ဒသမ ၁၈ သန်း ဆုံးရှုံးခဲ့ကြောင်း မောင်တောခရိုင်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ယနေ့ပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်၊ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ UN လက်အောက်ခံအဖွဲ့အစည်းများနှင့် INGO အဖွဲ့များ တက်ရောက်ကြသည်။

သတင်း - မင်းသစ်(MNA)
အောင်ကျော်စိန်(ခရိုင်ပြန်/ဆက်)
ဓာတ်ပုံ - ရဲထွဋ်



# ဇော်လင်းနှင့်ဝင်းဇော်ထွန်းတို့ လွတ်မြောက်ရေးအတွက် မြန်မာနိုင်ငံဥပဒေဘွဲ့ရသူများအသင်း၏တင်ပြစာ ထိုင်းနိုင်ငံတရားရုံးချုပ်မှ လက်ခံ

**ရန်ကုန် ဇွန် ၇**

ထိုင်းနိုင်ငံတွင် သေဒဏ်ချမှတ်ခံရသည့် ဇော်လင်းနှင့် ဝင်းဇော်ထွန်းတို့ လွတ်မြောက်ရေးအတွက် မြန်မာနိုင်ငံဥပဒေဘွဲ့ရသူများအသင်း အထွေထွေအတွင်းရေးမှူး ဦးအောင်ဌေးဦးနှင့် အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံ ထိုင်းဘုရင်မင်းမြတ်နှင့် ထိုင်းဝန်ကြီးချုပ်တို့ဆီသို့ ပြစ်ဒဏ်လျှော့ပေါ့ပေးရေးအတွက် တင်ပြစာမူပေးပို့သည့်အပြင် ထိုင်းနိုင်ငံ တရားရုံးချုပ်ကိုသွားရောက်၍**(အပေါ်ပုံ)**တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဥပဒေကြောင်းအချက်အလက်များအရ ပြစ်ဒဏ်လျှော့ပေါ့ပေးရေးအတွက် တင်ပြစာကို ထိုင်းနိုင်ငံတရားရုံးချုပ် တာဝန်ရှိသူများအား ပေးအပ်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံတရားရုံးချုပ်က လက်ခံရယူပြီး ဇော်လင်းနှင့် ဝင်းဇော်ထွန်းတို့၏ အမှုတွဲ ထိုင်းနိုင်ငံတရားရုံးချုပ်ကို ရောက်ရှိသည့်အခါ မြန်မာနိုင်ငံဥပဒေဘွဲ့ရသူများအသင်းကို အကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။ **(ခင်မောင်သော်)**



# ဝေဇယန္တာလမ်းမပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွား

**ရန်ကုန် ဇွန် ၇**

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းမပေါ်တွင် ယနေ့မွန်းလွဲ ၂ နာရီက ကားတစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကွန်ကရစ်တုံးများအား တိုက်မှုဖြစ်ပွားခဲ့သည်။ သုဝဏ္ဏဘက်ခြမ်းမှ မောင်းနှင်လာသော ကိုယ်ပိုင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကွန်ကရစ်တုံးများအား အရှိန်ပြင်းစွာတိုက်မိပြီး တစ်ပတ်လည်ကျကာ ယာဉ်ရှေ့ပိုင်းနှင့် ဘေးခြမ်းများ ပျက်စီးသွားခဲ့သည်။

ယာဉ်တိုက်မှုအရှိန်ကြောင့် လွင့်စဉ်လာသော ကွန်ကရစ်တုံးများတိုက်မိပြီး တစ်ဖက်ယာဉ်ကြောမှ မောင်းနှင်လာသောတက္ကစီယာဉ်မှာလည်း ယာဉ်အရှေ့ပိုင်းနှင့် ဘီးများပျက်စီးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် လူသေဆုံးမှု၊ ထိခိုက်မှုမရှိကြောင်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့က ဖြစ်စဉ်အား စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲမင်းထွန်း(ပြန်/ဆက်)**

# ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

**သိန္နီ ဇွန် ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့ မြို့မဈေးကြီး သန့်ရှင်းသာယာလှပရေးအတွက် ဈေးအတွင်း ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းအတွင်းမှ အမှိုက်သရိုက်များဆယ်ယူခြင်းနှင့် ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ဇွန် ၆ ရက်က သိန္နီမြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(သီပေါကိုလတ်)**

# "ကျွန်"ရုပ်ရှင်ဇာတ်ကားရိုက်ကူးပြသမှုအား ပုဂံညောင်ဦးဒေသခံပြည်သူများမကျေနပ်၍ ဥပဒေအတိုင်းတုံ့ပြန်နိုင်ရေး ညှိနှိုင်း

**ညောင်ဦး ဇွန် ၇**

မြို့ကြီးများရှိ ရုပ်ရှင်ရုံများတွင် လက်ရှိရုံတင်ပြသနေသည့် အောင်တိုင်းကျော်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဇာတ်လမ်း ကနုတ်မေ၊ ဒါရိုက်တာညွှန့်မြန်မာညီညီအောင် ရိုက်ကူးတင်ဆက်သည့် "ကျွန်"ရုပ်ရှင်ဇာတ်ကားနှင့် ပတ်သက်၍ ပုဂံညောင်ဦးဒေသခံများ မကျေနပ်ချက်အရ ဥပဒေအတိုင်းတုံ့ပြန်နိုင်ရေးညှိနှိုင်းအစည်းအဝေးကို ညောင်ဦးမြို့နယ် မင်္ဂလာသာစည်ရပ်ကွက်မေ့မှာရုံအတွင်း၌ ဇွန် ၇ ရက် ညနေ ၃ နာရီက ပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ ပုဂံညောင်ဦးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဥပဒေပညာရှင်များ စုစုပေါင်းအင်အား ၃၀၀ ကျော်ခန့် တက်ရောက်ခဲ့သည်။



အဆိုပါ ရုပ်ရှင်ဇာတ်ကား၌ ဇာတ်လမ်းသရုပ်ဆောင်အချို့၏ ဇာတ်ဝင်ခန်းများတွင် ဇာတ်အိမ်ကျောရိုးသည် မြန်မာလူမျိုးများကြားတွင် ဖြစ်လေ့ဖြစ်ထမရှိသော မျိုးရိုးအဆင့်အတန်း ဂုဏ်သိက္ခာ ပြင်းထန်စွာဖြင့် လူ့အဆင့်အတန်းခွဲခြားခြင်းကိုပုံဖော်ထားပြီး ဇာတ်လမ်းဇာတ်ကွက် ဇာတ်ပြောများအရ ပုဂံဒေသခံအဖြစ် သရုပ်ဆောင်သော ဇာတ်ဆောင်အချို့သည် နိမ့်ကျသော ဘုရားကျွန်မျိုးရိုးမှ ဆင်းသက်လာသူများအဖြစ် လည်းကောင်း၊ ကိုယ်လက်မသန့်သော နူနာရောဂါသည်များအဖြစ်လည်းကောင်း၊ အမျိုးနိမ့်ပါးသောကြောင့် အခြားပုဂ္ဂိုလ်တစ်ဦးက အိမ်ဖော်အဖြစ်ပင် လက်မခံသူများအဖြစ်လည်းကောင်း ဇာတ်အိမ်ဖွဲ့ထားခြင်း၊ ကျွန်ဇာတ်လမ်းပါ ဇာတ်ဆောင်တစ်ဦး၏ ဇာတ်အပြောအရ ဘုရားကျွန်နူနာရောဂါသည်အဖြစ်ရည်ညွှန်းခံရသူ သရုပ်ဆောင်တစ်ဦး၏ နေရပ်သည် ပုဂံညောင်ဦးမြို့နယ် အမှတ်(၅)နယ်မြေ မင်္ဂလာသာစည်ရပ်ကွက်ကို ရည်ညွှန်းပြောဆိုခဲ့ပြီး နိမ့်ပါးသောမျိုးရိုးသဖွယ် ပုံဖော်ခဲ့ကြောင်း၊ ဇာတ်လမ်းအနှစ်ချုပ်သည် အမြင့်အနိမ့်လူတန်းစား ခွဲထားမှုကိုသရုပ်ဖော်ခြင်း၊ ဆင်းရဲနွမ်းပါးသောဒေသခံအဖြစ် သရုပ်ဆောင်သည့် ဇာတ်ကောင်များ၏ စရိုက်တွင် သမိုင်းတိကျမှုမရှိသော ဘုရားကျွန်မျိုးရိုးများ၊ ဇာတ်နိမ့်ကျသူများ၊ နူနာရောဂါသည်များ၊ ဆင်းရဲနွမ်းပါးသော အိမ်ဖော်များအဖြစ် ပုံဖော်ခဲ့ခြင်းစသည့်အချက်များပါရှိသောကြောင့် ပုဂံညောင်ဦးဒေသရှိ ဒေသခံပြည်သူများ၏ လူ့ဂုဏ်သိက္ခာ ကျဆင်းစေခဲ့သောကြောင့် ဥပဒေအရတုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ယခုကဲ့သို့ဒေသခံပြည်သူများနှင့် ညှိနှိုင်းအစည်းအဝေးပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးမှ "ကျွန်" ရုပ်ရှင်ဇာတ်ကားနှင့် ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက မီဒီယာများမှတစ်ဆင့် ဒေသခံပြည်သူများအား ကျေနပ်မှုရှိအောင် တောင်းပန်ရန်၊ ရုံတင်ပြသမှုချက်ချင်းရပ်ဆိုင်းပေးရန်၊ အင်္ဂလိပ်စာတန်းထိုးဖြင့် နိုင်ငံရပ်ခြားတွင် ပြသခြင်းမပြုရန်၊ ဗီဒီယိုဇာတ်လမ်းအဖြစ် လုံးဝ(လုံးဝ) ဆက်လက်ထုတ်ဝေခြင်း၊ ခိုးကူးခွေများအဖြစ် ပေါ်ပေါက်လာခြင်းမရှိစေရန်အတွက် ကြပ်မတ်ဆောင်ရွက်ပေးရန်၊ နိုင်ငံတကာရုပ်ရှင်ပွဲတော်များတွင် ပြသခြင်း၊ ပြိုင်ပွဲဝင်ခြင်းမပြုရန်နှင့် မြန်မာနိုင်ငံ အကယ်ဒမီပေးပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရန် စသည့်အချက်များကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ တင်ပြတောင်းဆိုသွားမည်ဖြစ်ကြောင်း၊ အဆိုပါတောင်းဆိုချက်များအား ယခုအစည်းအဝေးကျင်းပသည့်နေ့မှစ၍ ၂၁ ရက်အတွင်း ဆောင်ရွက်ပေးသွားရန်နှင့် ဆောင်ရွက်ပေးမှုမရှိပါက ဇာတ်လမ်းနှင့်ပတ်သက်၍ တာဝန်ရှိသူများအားလုံးကို တရားဥပဒေအရ အရေး ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာမှုထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသော စစ်သင်္ဘော ရန်ကုန်မြို့သို့ရောက်ရှိ



**ရန်ကုန် ဇွန် ၇**

အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာမှုထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသော အိန္ဒိယရေတပ်မှ စစ်သင်္ဘောသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း (MITT) သို့ ရောက်ရှိလာရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာ့တပ်မတော်(ရေ)မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

အိန္ဒိယနိုင်ငံမှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများကို မြန်မာ့တပ်မတော်(ရေ)မှ တာဝန်ရှိသူများက လွှဲပြောင်းလက်ခံကာ ရခိုင်ပြည်နယ်ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများထံ ဖြန့်ဝေပေးနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့နှင့် ချိတ်ဆက်ပေးပို့သွားမည်ဖြစ်သည်။

"အရင်ကလည်း အိန္ဒိယအစိုးရအဖွဲ့က သဘာဝဘေးနဲ့ပတ်သက်ပြီး ထောက်ပံ့ပေးခဲ့တာတွေရှိပါတယ်။ အခုထောက်ပံ့ရေးပစ္စည်းတွေကို မုန်တိုင်းဒဏ်အများဆုံးဖြစ်သွားတဲ့ ရခိုင်ပြည်နယ်ကိုပဲ ပေးပို့လှူဒါန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကိုပေးပို့သွားမယ်။ အစိုးရအဖွဲ့ကနေတစ်ဆင့် ပြည်နယ်အတွင်းမှာရှိတဲ့ မုန်တိုင်းဒဏ်သင့်ဒေသတွေကို အမြန်ဆုံးဖြန့်ဝေလှူဒါန်းသွားမှာဖြစ်ပါတယ်"ဟု လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းရွှေက ပြောသည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများတွင် အဝတ်အထည်၊ အစားအသောက်နှင့် ဆေးဝါးများပါဝင်ပြီး ရခိုင်ပြည်နယ်ရှိ (မိုရာ) မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် သက်ဆိုင်ရာမှတစ်ဆင့် ပေးပို့လှူဒါန်းသွားမည်ဖြစ်သည်။ **(ဇော်ကြီး)**

# ကျောင်းကြို၊ ပို့ယာဉ်အဖြစ်အသုံးပြုမည့် ယာဉ်သစ်များ ရောက်ရှိ

**ရန်ကုန် ဇွန် ၇**

ရန်ကုန်မြို့ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းကြိုပို့ယာဉ်သီးသန့်အဖြစ် အသုံးပြုမည့် ကျောင်းကားသစ်များ ရန်ကုန်မြို့သို့ ရောက်ရှိလာပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ဇွန် ၁ ရက်မှစတင်ကာ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ခဲ့ပြီး စာသင်ကျောင်းများရှေ့တွင် ယာဉ်ကြောပိတ်ဆို့နေမှုများကို ဖြေရှင်းဆောင်ရွက်ရန်အပြင် လုံခြုံစိတ်ချရမှုမရှိသော ကုန်တင်ယာဉ် အငယ်စားကဲ့သို့သောယာဉ်များနှင့် ကျောင်းသားကျောင်းသူများအား ကြို၊ ပို့ပြုလုပ်နေခြင်းအစား လုံခြုံစိတ်ချရသော ကျောင်းကားများဖြင့် တဖြည်းဖြည်းအစားထိုးဆောင်ရွက်သွားရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကိုရီးယားနိုင်ငံ Korea Trade-Investment Promotion Agency (KOTRA), Posco Daewoo Corporation တို့မှ ကျောင်းကားအစီး ၂၀၀ ဝယ်ယူရေး သဘောတူစာချုပ်ကို မေ ၁၀ ရက်က ချုပ်ဆိုခဲ့ပြီး ယခုအခါ အဆိုပါယာဉ်များ ရောက်ရှိလာပြီဖြစ်ကြောင်း Hyundai ကားကုမ္ပဏီမှ သိရသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကျောင်းကားစံနှုန်းအဖြစ် သတ်မှတ်ဝယ်ယူလိုက်သော ယာဉ်များသည် Hyundai County Bus ၂၈ ယောက်စီးအမျိုးအစားဖြစ်ပြီး Brand New 2017 မော်ဒယ်ဖြစ်ကြောင်း သိရသည်။ ဈေးနှုန်းအားဖြင့် တစ်စီးလျှင် အမေရိကန်ဒေါ်လာ ၃၆၈၄၀ ခန့်ဖြစ်ပြီး ကျောင်းကြို၊ ပို့ယာဉ်အဖြစ် အသုံးပြုရာတွင် အခွန်သက်သာလျှော့နည်းခွင့်များ ပေးအပ်ထားကြောင်း သိရသည်။

"ဒီကားတွေကို မဝယ်မနေရ၊ မလုပ်မနေရလို့ ပြောတာမဟုတ်ပါဘူး။ အစိုးရကတော့ ကိုယ်လိုချင်တဲ့ Standard ကို ဒီလိုလုံခြုံစိတ်ချရတဲ့ ကားသစ်မျိုးတွေဆိုပြီး စံသတ်မှတ်တဲ့အနေနဲ့ ဝယ်ယူခဲ့တာပါ။ ဒါပေမယ့် ကျောင်းတွေအနေနဲ့ စိတ်ဝင်စားရင် ဝယ်ယူနိုင်တယ်။ ဝယ်ယူနိုင်ဖို့အတွက်ကိုလည်း အစိုးရကဘဏ်ချေးငွေရရှိအောင် ဆောင်ရွက်ပေးမယ်။ နောက်ပြီးတော့ ဒီကားတွေက အစိုးရက G to G ဝယ်ယူတင်သွင်းတာဖြစ်တဲ့အတွက် ဈေးနှုန်းအသက်သာဆုံးဖြစ်အောင် လုပ်ဆောင်ပေးမယ်။ အရည်အသွေးကိုလည်း အာမခံတယ်။ G to G ဝယ်တဲ့အတွက် After Sales Services က ပိုပြီးတော့ အာမခံချက်ရပါတယ်။ ဒီကားတွေကို အရစ်ကျဝယ်ယူလိုတယ်၊ ပြေးဆွဲလိုပါတယ်လို့ ကမ်းလှမ်းလာတဲ့ ကျောင်း တွေရှိပါတယ်။ ဒီကားတွေကို ဝယ်ယူဖို့ မတတ်နိုင်ဘူးဆိုရင်လည်း လိုက်ခ်ထရပ်လိုမျိုး မဟုတ်တဲ့ မီနီဘတ်စ်တို့၊ စူပါကာစတန်တို့၊ အံစာတုံးတို့လို ကားမျိုးတွေနဲ့ ပြေးဆွဲလို့ရတယ်။ ဒါပေမယ့် စည်းကမ်းသတ်မှတ်ချက်အတိုင်း စီစီတီဗွီတပ်ရမယ်။ ဂျီပီအက်စ် တပ်ရပါမယ်"ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိတွင် ကျောင်းကားသစ်များဖြင့် ကျောင်းကြို၊ ပို့စနစ် အကောင်အထည်ဖော်ရန် စိတ်ဝင်စားလျက်ရှိသော်လည်း Brand New ဈေးနှုန်းကို တတ်နိုင်ခြင်းမရှိကြောင်း အခြေခံပညာကျောင်းအချို့မှ တာဝန်ရှိသူများက ပြောသည်။ အလားတူ လက်ရှိတွင် ကြို၊ ပို့လုပ်ငန်းကို အစဉ်အဆက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းရှင်များကလည်း မီနီဘတ်စ်ကဲ့သို့သော ယာဉ်များအား ဝယ်ယူလဲလှယ်ရန်တွင် အခက်အခဲများကြုံနေကြောင်း သိရသည်။

ယခုနှစ် ကျောင်းဖွင့်ရာသီတွင် စတင်မည့် ကျောင်းကြို၊ ပို့စီမံချက်တွင် ကျောင်းအုပ်ကြီးများ၊ ကျောင်းသားမိဘများ ပါဝင်သည့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကျောင်းကား လုပ်ငန်းဆောင်ရွက်နေသူများက စုပေါင်း၍ ကျောင်းကော်မတီဖွဲ့ကာ သက်ဆိုင်ရာ ကျောင်းအလိုက် ကျောင်းကြို၊ ပို့ ဆောင်ရွက်ရမည့် စီမံချက်များကို တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြသွားရမည်ဖြစ်ကြောင်း သိရသည်။

လုံခြုံစိတ်ချရမှုမရှိသော ကားများနှင့် ကြို၊ ပို့လုပ်ဆောင်ခြင်းကို ယခုနှစ် ဒီဇင်ဘာအထိသာ ခွင့်ပြုပေးသွားမည်ဖြစ်ပြီး လာမည့် ၂၀၁၈ ခုနှစ်တွင် အဆိုပါယာဉ်များနှင့် ကြို၊ ပို့လုပ်ဆောင်ခြင်းကို ခွင့်ပြုတော့မည်မဟုတ်ကြောင်း အခြေခံပညာကျောင်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်း ညွှန်ကြားထားပြီးဖြစ်သည်ဟု သိရသည်။

ယင်းအတွက်ကြောင့် စာသင်ကျောင်းများအနေဖြင့် ကျောင်းကြို၊ ပို့ယာဉ်များအတွက် ကြိုတင်စီစဉ်မှုများ ပြုလုပ်ရမည်ဖြစ်သည့်အပြင် အသစ်စက်စက် ကျောင်းကားများကို ဝယ်ယူနိုင်ခြင်းမရှိပါက လက်ရှိယာဉ်လိုင်းများတွင် ပြေးဆွဲနေသော မီနီဘတ်စ် ယာဉ်ပိုင်ရှင်များနှင့် ညှိနှိုင်းကာ ကျောင်းကြို၊ ပို့လုပ်ငန်းကို လုပ်ဆောင်နိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူက ပြောကြားထားသည်။

**ဝဝ၁၊ ဓာတ်ပုံ- Hyundai**

■




# နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

**လယ်ဝေး ဇွန် ၇**

စိုးလှျပ်စစ်ဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းမည့် နှစ်ထပ်ကျောင်းဆောင်သစ် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက လယ်ဝေးမြို့နယ် သဲကောကြီး အထကကျောင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ဆက်လက်၍ စိုးလှျပ်စစ်ဖောင်ဒေးရှင်းမှ ကိုယ်စားလှယ် ဦးကြိုင်ထွန်းက ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျောင်းသားမိဘ ဦးတင်ထွန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် ဦးစိုးတင့်တည်ထောင်သည့် စိုးလှျပ်စစ်ဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းမည့် (၁၆)ခန်းပါ နှစ်ထပ်ကျောင်းဆောင် (၂၅၈ × ၃၀) ပေ နေရာတွင် တာဝန်ရှိသူများက ပန္နက်တင်မင်္ဂလာ ဆောင်ရွက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ၃၃ ကေဗွီ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

**ပုတီးကုန်း ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး ပုတီးကုန်းမြို့လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ပြည်သူများလျှပ်စစ်ဓာတ်အား မပြတ်တောက်စေရေးအတွက် ပုတီးကုန်းမြို့ ကံနှစ်ဆင့်ရွာထိပ်ရှိ ၃၃ ကေဗွီ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းကို ဇွန် ၄ ရက်က မြို့လျှပ်စစ်အင်ဂျင်နီယာ ဦးဇေဖြိုးလင်းဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ခြင်းအားဖြင့် အများပြည်သူများ လျှပ်စစ်ဓာတ်အားမပြတ်တောက်စေဘဲ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(၄၉၇)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန်လ ၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၀ ပါ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခြင်း ကော်လံ ၂ အောက်ဆုံးအပိုဒ်၌ ဖော်ပြထားသည့် ရုရှားနိုင်ငံရဲ့ အကောင်းဆုံး စစ်တက္ကသိုလ်တွေမှာ မြန်မာ့တပ်မတော်က ပညာတော်သင် စုစုပေါင်း ၆၀၀၀ လောက် တက္ကသိုလ်ဘွဲ့ရပြီး ဖြစ်ပါတယ် (အစား) ရုရှားနိုင်ငံရဲ့ အကောင်းဆုံး တက္ကသိုလ်တွေမှာ မြန်မာ့တပ်မတော်က ပညာတော်သင် စုစုပေါင်း ၆၀၀၀ လောက် တက္ကသိုလ်ဘွဲ့ရပြီး ဖြစ်ပါတယ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(သတင်းအဖွဲ့)**

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်အုပ်ကြီးများအလုပ်ဝင်သင်တန်းဖွင့်

**နေပြည်တော် ဇွန် ၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်လုပ်ရေးဌာန၏ သစ်အုပ်ကြီးများ အလုပ်ဝင်သင်တန်း အမှတ်စဉ်(၂/၂၀၁၇-၂၀၁၈)သင်တန်း ဖွင့်ပွဲကို လေ့ကျင့်ရေးသင်တန်းကျောင်းအမှတ်(၂) ပြည်ထောင်စုနယ်မြေတွင် ယမန်နေ့ နံနက် ၈ နာရီကကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက အမှာစကားပြောကြားသည်။






အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၃၂ ဦးတက်ရောက်ပြီး မြန်မာ့သစ်လုပ်ငန်းမှ အငြိမ်းစားဆရာကြီးများနှင့် ဌာနအသီးသီးမှ ကျွမ်းကျင်ပညာရှင်များက လုပ်ငန်းခွင်စီမံခန့်ခွဲမှုဆိုင်ရာ သဘောတရားများကို သက်ဆိုင်ရာဌာနအလိုက် ရက်သတ္တသုံးပတ်ကြာ ပို့ချမည်ဖြစ်သည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာ(သစ်ထုတ်ရေး)၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အရာထမ်းများနှင့် သင်ကြားပို့ချမည့်ဆရာများတက်ရောက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# (၂၅)ကြိမ်မြောက် နိကာယ်ငါးရပ် ပိဋကတ်တော်စာမေးပွဲ မန္တလေးတိုင်းဒေသကြီး၌ ကျင်းပ

**မန္တလေး ဇွန် ၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာန၏ ၁၃၇၉(၂၀၁၇)ခုနှစ် (၂၅)ကြိမ်မြောက် နိကာယ်ငါးရပ် ပိဋကတ်တော်စာမေးပွဲကို ဇွန် ၅ ရက်က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စာဖြေဌာန ၁၅ ခုတွင် တစ်ပြိုင်နက်ကျင်းပစစ်ဆေးရာ နိကာယ်ကျမ်းအသီးသီး၌ စာဖြေသံဃာ စာရင်းရှိ ၂၅၀၈ ပါး၊ ဖြေဆို ၁၃၈၃ ပါး၊ ပျက်ကွက် ၁၁၂၅ ပါးဖြစ်ကြောင်း သိရသည်။

အဆိုပါစာမေးပွဲစစ်ဆေးရာသို့ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသည့် စာမေးပွဲကြီးကြပ်ရေးအဖွဲ့ ဆရာတော်များက ကြွရောက် ကြီးကြပ်စစ်ဆေးခဲ့ကြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်သာသနာရေးမှူးတို့နှင့် အဖွဲ့ဝင်များက လိုအပ်သည်များ ကူညီပေးခဲ့ကာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျန်းမာရေးဆေးခန်းများ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# မြို့နယ်အဆင့် သန်းခေါင်စာရင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ပဲခူး ဇွန် ၇**

ပဲခူးမြို့နယ်တွင် မြို့နယ်အဆင့် သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ အသိပညာပေးခြင်းလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၅ ရက်က အထက(၁) သီရိပညာခန်းမ၌ကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးတိုးဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ဌေးက သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်စာအုပ်များကို ပဲခူးခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ပဲခူးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်ထံ ပေးအပ်ပြီး အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်ကြာပြုလုပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# စက်ကိရိယာဖြင့် အစေ့ထုတ်ပြောင်းမျိုးစေ့ချစိုက်ပျိုး

**သီပေါ ဇွန် ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ စက်ကိရိယာဖြင့် အစေ့ထုတ်ပြောင်းမျိုးစေ့ချ စိုက်ပျိုးခြင်းသရုပ်ပြပွဲကို ဇွန် ၆ ရက် နံနက် ၉ နာရီက ပန်စောက်မိန်းကျေးရွာအုပ်စု မြို့ဟောင်း(ဝိုင်းကောင်)စိုက်ပျိုးရေးခြံ၌ ကျင်းပရာ သီပေါအရှေ့ခြမ်းဒေသမှ တောင်သူလယ်သမား ၁၂၀ ခန့် တက်ရောက်ကြည့်ရှုလေ့လာကြသည်။

အခမ်းအနားတွင် ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်အေးက အချိန်ကုန်လူပန်းသက်သာစေသည့်အပြင် လယ်ယာလုပ်သားရှားပါးမှုနှင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရာတွင် အထောက်အကူပြုရေးအတွက် စက်ကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးခြင်း သရုပ်ပြပွဲကျင်းပရခြင်း၏ ရည်မှန်းချက်များကိုလည်းကောင်း၊ ခရိုင်စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်မိုးက အစေ့ထုတ်ပြောင်းစိုက် စက်ကိရိယာအကြောင်းကိုလည်းကောင်း၊ နယူးဟော်လန်ကုမ္ပဏီလီမိတက် မန်နေဂျာ ဦးကျော်မြင့်ထွန်းက ကုမ္ပဏီထုတ် အစေ့ထုတ်ပြောင်း စိုက်စက်အကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။



ဆက်လက်၍ သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးမိုးကျော်စွာဝင်းနှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ကျွမ်းကျင်သူများက အစေ့ထုတ်ပြောင်းစိုက်စက်ဖြင့် လက်တွေ့သရုပ်ပြစိုက်ပျိုးခြင်းကို ပြသကြရာ တက်ရောက်လာကြသော တောင်သူလယ်သမားများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။ အချိန်ကုန်လူပန်းသက်သာသော အစေ့ထုတ်ပြောင်းစက်ကိရိယာကို တောင်သူများ နှစ်ခြိုက်ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

❑

# မြို့နယ်အဆင့် သန်းခေါင်စာရင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ရန်ကုန် ဇွန် ၇**

မြို့နယ်အဆင့် သန်းခေါင်စာရင်းအချက်အလက်များ အသိပေးခြင်းလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၅ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးအေးမင်းက သန်းခေါင်စာရင်းဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူ စုစုပေါင်း ၆၅ ဦးတို့နှင့်အတူ မြောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဝင်းသိန်း၊ နေပြည်တော်ပြည်သူ့အင်အားဦးစီးဌာနမှ ဒေါ်မြင့်မြင့်စန်းနှင့် စွမ်းရည်ရှေ့ဆောင် လူမှုရေးအသင်းမှ ဦးကျော်မြင့်လွင်တို့က ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခဲ့သော အင်းစိန်မြို့နယ်၏ အစီရင်ခံစာကို မေးမြန်းဆွေးနွေးကြပြီး ပြန်လည်ဖြေကြားသုံးသပ်အကြံပြုဆွေးနွေးမှုများပြုလုပ်ခဲ့ကြကာ ဆွေးနွေးပွဲကို နှစ်ရက်ကြာပြုလုပ်ခဲ့ကြောင်း သိရသည်။

**(၆၈၄)**

# မော်တင်မှတ်တိုင်အနီး အငှားယာဉ်ငယ်အချို့ လမ်းပြောင်းပြန်မြင်တွေ့

**ရန်ကုန် ဇွန် ၇**

မဟာဗန္ဓုလလမ်းပေါ်ရှိ လူကူးခုံးကျော်တံတားအနီးတွင် ယာဉ်ပိတ်ဆို့ခြင်းများဖြစ်တတ်ရာ လိုင်းကားယာဉ်ကြောမဟုတ်သည့် လမ်းလယ်တုံးဝါတန်း၏ အခြားတစ်ဖက်မှ မောင်းနှင်ခြင်းများကြောင့် ယင်းဘက်ခြမ်း လမ်းလယ်ကြောနှစ်ကြောအနက် ဘေးတစ်ကြောတွင် အငှားယာဉ်များ၊ အဝေးပြေးခရီးသည်တင်ယာဉ်များဖြင့် ပိတ်နေတတ်သည်။

ထို့ပြင် (၉)လမ်းတိုအတွင်းမှ ထွက်လာသော ယာဉ်မျိုးစုံနှင့် ယင်းလမ်းသွယ်ထိပ်ကွေ့ကြောတွင် ရပ်ထားသောယာဉ်များ ထိပ်တိုက်ဆုံသည့်အခါ လမ်းသွယ်မှ လမ်းမပေါ်ထွက်ရန် အခက်အခဲဖြစ်ချိန်တွင် လမ်းလယ်ကြော နှစ်ကြောစလုံး ယာဉ်များဖြတ်သန်းမရ ဖြစ်တတ်သည်ဟု ယင်းနေရာအနီး အလုပ်လုပ်ကိုင်သူ ဒေါ်ကျင်ယုံက ပြောသည်။

ထို့ပြင် မဟာဗန္ဓုလလမ်းပေါ် လမ်းပြောင်းပြန်မောင်းကာ လမ်းသစ်လမ်းသို့ဝင်လေ့ရှိသည့် ယာဉ်ငယ်အချို့ကိုလည်း မြင်တွေ့ရတတ်သည်။ လမ်းထိပ်အနီးဖွင့်ထားသော အဝေးပြေးအငှားယာဉ်ဂိတ်တွင် ခရီးသည်စောင့်သည့် ယာဉ်များ လမ်းဘေးတွင် ဂိတ်ထိုးနေကြသည်။ ကုန်ပစ္စည်းပါသော မြို့တွင်းအငှားယာဉ်အချို့သည် အသွားအလာများသော ကားလမ်းမပေါ်တွင် လမ်းပြောင်းပြန်ရပ်၍ ယာဉ်အချင်းချင်း နောက်ဘက်ချင်းဆိုင်ကာ ကုန်လွှဲပြောင်းလက်ခံရယူနေ သည်ကို ဇွန် ၇ ရက် နံနက် ၇ နာရီဝန်းကျင်တွင် မြင်တွေ့ရသည်ဟု ယင်းနေရာတွင် ဖြတ်သန်းသွားသူ တစ်ဦးက ပြောသည်။

အဆိုပါဖြစ်စဉ်မျိုး ယခင်မြင်တွေ့ခဲ့၍ ဓာတ်ပုံရိုက်ယူထားသည်ဟု လှည်းတန်းလမ်းထိပ်နေ ကိုထိုက်အောင်က ပြောသည်။ အဝေးပြေးခရီးသည်တင် ယာဉ်ငယ်ဂိတ်ကို ယာဉ်ပိတ်ဆို့မှုများတတ်သော ကားမှတ်တိုင်ဝန်းကျင် တွင် ဖွင့်လှစ်ထားခြင်းနှင့်အတူ ကားလမ်းမယာဉ်ကြောပေါ် စည်းကမ်းမဲ့ရပ်နားခြင်း၊ လမ်းပြောင်းပြန်ရပ်၍ ကုန်ချိန်းနေခြင်းများကို သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ပေးစေလိုသည်ဟု အခက်အခဲတွေ့ကြုံရသည့် မြို့တွင်းသို့ နေ့စဉ်လာရောက်သူ သယ်န်းကျွန်းနေ ယာဉ်ပိုင်ရှင် ကိုဝင်းက ပြောသည်။

ယခုရက်ပိုင်း အနော်ရထာလမ်းမပေါ် ဘုန်းကြီးလမ်းမှ သိမ်ကြီးဈေးအတွင်း နံနက်ပိုင်းမှ မွန်းလွဲပိုင်းအထိ ယာဉ်ကြောပိတ်လေ့ရှိရာ ဆူးလေ - ပန်းဆိုးတန်းအပိုင်းကဲ့သို့ဖြစ်နေသည်။ ဇွန် ၆ ရက် နံနက် ၁၁ နာရီဝန်းကျင် ဘုန်းကြီးလမ်းမှ လမ်းမတော်အတွင်း မြို့တွင်းပတ် ယာဉ်အဝါ သုံးစီး၊ ထောက်ကြန့်-စံပြခရီးစဉ်သွား ယာဉ်အဝါငါးစီးတန်းစီနေသော ရထားတွဲအသွင် အဝါရောင်ယာဉ်ကြီးရှစ်စီး မြင်တွေ့ရသည်။ ယင်းနောက် လမ်းမတော်လမ်းမ ရန်ကုန်ဆေးရုံကြီးရှေ့ဝန်းကျင်တွင် ထောက်ကြန့်-စံပြခရီးစဉ်သွား ယာဉ်အဝါ နှစ်စီး ထပ်မံမြင်တွေ့ရသည်။



စံပြဂိတ်သို့ လိုင်းတူယာဉ်ကြီး ခုနစ်စီး ဆက်တိုက်နီးပါးဝင်ရောက်မည်ဟု လမ်းမတော်ခုံးကျော် တံတားပေါ်မှ မြင်တွေ့ရသူတစ်ဦးက ပြောသည်။

**(မောင်စေအောင်)**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဇွန် ၇**

တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၄၄၀၊ သွင်းကုန် ၅၆၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၄၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများမှ တင်သွင်း/တင်ပို့သောကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၆ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀ ဒသမ ၂၉၅၉ သန်းခန့်)အား သိမ်းဆည်းရမိကြောင်း သိရသည်။

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၆ ရက်တွင် တာချီလိတ် လေဆိပ်၌ တာဝန်ကျအကောက်ခွန် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးစဉ် Air KBZ လေကြောင်းလိုင်းဖြင့် တာချီလိတ်မှ ရန်ကုန်သို့ လိုက်ပါမည့် တရုတ်နိုင်ငံသား ခရီးသည်၏ ခြေအိတ်အတွင်း ခြေဖဝါးအောက်၌ သို၀ှက်သယ်ဆောင်လာသည့် ရွှေဟုယူဆရသော အတုံးလေး တုံး(2.15kg ခန့်) (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇ ဒသမ ၁၀ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား တပ်မတော်အတွင်း စုဆောင်းခြင်း၊ တာဝန်ပေးစေခိုင်းခြင်း လုံးဝမရှိတော့စေရန် ၂၇.၆.၂၀၁၂ ရက်နေ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်း စစ်မှုထမ်းရန် စုဆောင်းခြင်းကို မြန်မာနိုင်ငံ၏ တရားဥပဒေများအရ လုံးဝခွင့်မပြုပါ။

တပ်ထဲရှိ စစ်မှုထမ်းနေသော အရွယ်မရောက်သေးသူ ကလေးသူငယ်များကို တပ်မတော်မှ ကုလသမဂ္ဂနှင့်မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲ၍ ယခု စနစ်တကျ ထွက်ခွာခွင့်ပေးလျက်ရှိပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်း စစ်မှုထမ်းရန် စုဆောင်းခံရကြောင်း၊ တာဝန်ပေးခံရကြောင်း သိရှိပါက ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများသို့ ဆက်သွယ်အကြောင်းကြားနိုင်ပါသည်။

ဖုန်းနံပါတ် ၀၉၄၂၁၁၆၆၇၀၁၊ ၀၉၄၂၁၁၆၆၇၀၂၊ စာတိုက်သေတ္တာအမှတ် ၆၇၉

Save the Children
World Vision

# နာဂဒေသ၌ လေပြင်းတိုက်ခတ်၍ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်



**မိုပိုင်းလွတ် ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်တွင် မေ ၃၀ ရက် ညနေပိုင်းက မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် မြို့ပေါ်ရှိ ဌာနဆိုင်ရာအဆောက်အအုံများနှင့် လူနေအိမ်သွပ်မိုးများလန်၍ပြုတ်ထွက်ခြင်း၊ လမ်းမပေါ်သို့သစ်ပင်များ ပြိုလဲခြင်း၊ ကမ်းပါးများပြိုကျခြင်း၊ တံတားသုံးစင်းပြိုကျပျက်စီးခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် လေရှီး-ထမံသီလမ်းကြား ကမ်းပါးများပြိုကျကာ ကားလမ်းပိတ်ဆို့မှုများ၊ သစ်ပင်ကြီးများ ပြိုကျ၍ လမ်းမအတွင်း ပိတ်ဆို့ခြင်းများ၊ (၂၁)မိုင်ချောင်းတံတားတစ်စင်း၊ သဲချောင်းတံတား တစ်စင်း၊ ဆုံကင်း-လေရှီးအကြား နယ်စပ်ချောင်းတံတား တစ်စင်း စုစုပေါင်းတံတားသုံးစင်း ပြိုကျပျက်စီးသဖြင့် ဆက်သွယ်ရေးလမ်းကြောင်း ပြတ်တောက်ခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများ သွားလာရေးအခက်အခဲဖြစ်ပေါ်လျက်ရှိသည်။ လေပြင်းတိုက်ခတ်၍ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်နေမှုများကို အမြန်ပြန်လည်ပြုပြင်ပေးရန် ဒေသခံပြည်သူများ လိုအပ်လျက်ရှိကြောင်း သိရသည်။ **ရှိန်းလေး(မိုပိုင်းလွတ်)**

# မောင်တောမြို့နယ်၌ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ယနေ့နံနက်ပိုင်းတွင် ငါးခူရကျေးရွာအနီး၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ယနေ့နံနက် ၁ နာရီခန့်က ငါးခူရကျေးရွာ ပုစွန်ကန်အနီး တာရိုးပေါ်၌ မသင်္ကာသူနှစ်ဦး တွေ့ရှိသဖြင့် ရပ်တန့်ခိုင်းစဉ် တစ်ဦးမှာ ထွက်ပြေးသွားပြီး ကျန်တစ်ဦးအား ဖမ်းဆီးရမိခဲ့သဖြင့် စစ်ဆေးရာ WY/R ရောရာစာတန်းပါ စိတ်ကြွဆေးပြား ၁၉၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် သိန်း ၃၈၀) သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသည့် ငါးခူရတောင်ရွာနေ အဏ္ဏဝါရှားနှင့် ထွက်ပြေးသွားသူ ဟာရှိမ်းတို့အား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဂွမြို့နယ်၌ တရားမဝင်သယ်ဆောင်လာသည့် နွား ၂၄ ကောင် သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၇**

ရခိုင်ပြည်နယ် ဂွမြို့နယ် ဂွ-သံတွဲကားလမ်း၌ (၁၀)ဘီးယာဉ် တစ်စီးပေါ်မှ တရားမဝင်သယ်ဆောင်လာသည့် နွား ၂၄ ကောင်ကို ယမန်နေ့နံနက်ပိုင်းက သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၁ နာရီခန့်က ဂွ-သံတွဲကားလမ်းတွင် မောင်းနှင်လာသည့် (၁၀)ဘီးယာဉ်အားစစ်ဆေးရာ တရားမဝင်သယ်ဆောင်လာသည့် နွား ၂၄ ကောင်ကို သိမ်းဆည်းရမိခဲ့သဖြင့် ယာဉ်မောင်း နိုင်လင်းနှင့် ရန်ရှင်းအောင်တို့အား အမှုဖွင့်အရေးယူလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိတ္ထီလာတွင် မွေးကင်းစကလေးငယ်အလောင်း စွန့်ပစ်မှုဖြစ်ပွား

**မိတ္ထီလာ ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရတနာမာရ်အောင် ရပ်ကွက် ကန်တော်မင်နယ်မြေရေကျော် (၇) ပေါက်အနီး၌ ဇွန် ၆ ရက်က မွေးကင်းစကလေးငယ်အလောင်း စွန့်ပစ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြို့မရဲစခန်းမှ ဒုရဲအုပ် အောင်မင်းသူသည် တာဝန်မှူးတာဝန်ထမ်းဆောင်နေစဉ် ကန်တော်မင်နယ် မိတ္ထီလာတောင်ကန် ရေကျော် (၇) ပေါက်အနီး၌ ကလေးအလောင်း တစ်လောင်း တွေ့ရှိကြောင်းသတင်းရရှိသဖြင့် မြို့မရဲစခန်း စခန်းမှူး ဒုရဲမှူးခင်မောင်စိုး ၊ ဒုတပ်ကြပ် အောင်စိုး၊ တပ်သားအောင်လင်းစိုးတို့နှင့်အတူ သွားရောက်စစ်ဆေးကြည့်ရှုရာ မွေးကင်းစကလေးငယ် ၁၄ ရက်သားခန့် ယောကျာ်းလေး အလောင်းတစ်လောင်းကို ပြင်ပဒဏ်ရာမရှိဘဲ စွန့်ပစ်ထားသည်ကို တွေ့ရှိရသည်။ ကလေးအလောင်းအား လာရောက်စွန့်ပစ်ထားသူအား စုံစမ်းအရေးယူနိုင်ရေးအတွက် မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၇**

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၆ ရက်က တောင်ကြီးမြို့နယ် အေးသာယာမြို့အဝင် လမ်းဆုံ၌ ဝင်းဇော်ဦး မောင်းနှင်ပြီး မအေးဝင်း လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ မအေးဝင်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀ နှင့် ယာဉ်၏နောက်ခန်းကြမ်းခင်းအောက်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀၀ တို့ သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ စွမ်စော်ကျေးရွာအုပ်စု မန်ဝိန်းရပ် ပန်လုံ(၃)လမ်းသွယ် စီးကရက်စက်ရုံဘေးလမ်း အိမ်အမှတ် (မဝ/၁၁၀)နေ ထွန်းလွင်၏နေအိမ်ကို ရှာဖွေရာ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ မူးယစ်တပ်ဖွဲ့စု(၇)တမူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တမူးမြို့နယ် တမူး-ကလေးလမ်းမပေါ် ဂန္ဓမာ စားသောက်ဆိုင်အနီး၌ ထွန်းကြည် မောင်းနှင်ပြီး သိန်းစိုး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းစိမ်း ၁ ဒသမ ၁၅ ကီလိုသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

# တောင်ကျရေနှင့်အတူ မျောပါသေဆုံးမှုဖြစ်ပွား

**ညောင်ရွှေ ဇွန် ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် စံကားကျေးရွာအုပ်စု ကုန်းပြားကျေးရွာ၌ ဇွန် ၆ ရက် ညနေပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများစီးဆင်းလာသဖြင့် ရေစီးနှင့်အတူ မျောပါသေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကုန်းပြားကျေးရွာအနောက်ဘက်ရှိ ဦးထိုက်၏ ခရမ်းချဉ်စိုက်ခင်းတွင် ဦးထိုက်နှင့် ၎င်း၏ သမီးဖြစ်သူ မနန်းကြည်၊ နောင်ပိုရွာနေ ဦးညိုတို့နှင့်အတူ စိုက်ခင်းအတွင်း အလုပ်လုပ်နေစဉ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျရေများစီးဆင်းလာသဖြင့် စိုက်ခင်းမှနေအိမ်သို့ပြန်ရန် ခရမ်းချဉ်စိုက်ခင်းအတွင်းရှိ ချောင်းအားဖြတ်ကူးစဉ် သုံးဦးစလုံး ရေစီးနှင့်အတူ မျောပါသွားခဲ့ပြီး ဦးထိုက်သည် အခင်းဖြစ်နေရာ၌ပင် ရေနစ်သေဆုံးခဲ့သည်။ မနန်းကြည်နှင့် ဦးညိုတို့အား နန်းပန်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ ဆေးဝါးကုသမှုခံယူနေစဉ် မနန်းကြည်မှာ ဆေးရုံ၌ သေဆုံးခဲ့ပြီး ဦးညိုသည် အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူ လျက်ရှိသည်။

**မြို့နယ် (ပြန်/ဆက်)**

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

# ဒုတိယအကြိမ် ကမ္ဘာ့ချန်ပီယံဆုကာကွယ်ရန် အိမ်ရှင်ပရိသတ်ကြောင့် အနှောင့်အယှက်မဖြစ်နိုင်ဟု ဘစ်ဒက်ရှ်ပြောကြား

ရုရှားနိုင်ငံသားဗစ်တာလီဘစ်ဒက်ရှ်သည် ကမ္ဘာ့ချန်ပီယံဆုကို ကာကွယ်ရန်အတွက် မကျေပွဲအဖြစ် မြန်မာနိုင်ငံမှ MMA စူပါစတား အောင်လအန်ဆန်၏ ဇာတိမြေတွင် ပြန်လည်ထိုးသတ်ရမည်ဖြစ်သော်လည်း ပြိုင်ဘက်မြေပေါ်တွင် ထိုးသတ်ရမည့်အတွက် ရုရှားနိုင်ငံသားတစ်ဦးအနေဖြင့် ကြောက်ရွံ့နေမည်မဟုတ်ကြောင်း ONE Championship က ယနေ့ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။

"မြန်မာနိုင်ငံမှာ မြန်မာနိုင်ငံသူ နိုင်ငံသားတွေချစ်တဲ့ ကစားသမားတစ်ယောက်နဲ့ ထိုးသတ်ရမယ့်အတွက်တော့ နည်းနည်းလေးမှ မစိုးရိမ်မိပါဘူး။ လွယ်ကူတဲ့ ပြိုင်ပွဲမဟုတ်လို့ ကျွန်တော့်အနေနဲ့ ချန်ပီယံတစ်ယောက်ဆိုတာကို သက်သေပြဖို့အတွက်တော့ ပိုပြီးကြိုးစားရမှာပါ။ ကျွန်တော်လုပ်နိုင်သလောက် သက်သောင့်သက်သာလေးနဲ့ ထိုးလို့ရတဲ့ပြိုင်ပွဲတွေပဲပြိုင်ပြီး ဒီအတိုင်းလေး နေလို့မှမရတာဗျာ" ဟု ဘစ်ဒက်ရှ်က ဆိုသည်။

ဘစ်ဒက်ရှ်သည် ပြည်ပပြိုင်ပွဲအတွေ့အကြုံနှင့် မစိမ်းသူတစ်ယောက်ဖြစ်သည့်အပြင် နောက်ဆုံးယှဉ်ပြိုင် ထိုးသတ်ခဲ့သည့် ပြည်ပပြိုင်ပွဲနှစ်ပွဲတွင် အနိုင်ရရှိထားသူဖြစ်သော်လည်း ယခုတစ်ကြိမ်မှာ ပြိုင်ဘက်၏ဇာတိမြေ၌ ထိုးသတ်ရမည့် ပထမဆုံးပွဲဖြစ်သည်။ ယခုကဲ့သို့ အောင်လနှင့် ငါးချီထိုးသတ်ရမည့် ကြီးကျယ်ခမ်းနားသည့် ပြိုင်ပွဲကြီးကို မြန်မာနိုင်ငံတွင် ကျင်းပမည့်အတွက် ဘစ်ဒက်ရှ်အနေဖြင့် မိမိသည်ရှုံးပွဲမရှိချန်ပီယံတစ်ဦးနှင့် ကမ္ဘာ့အဆင့် MMA ကစားသမားတစ်ယောက်ဆိုသည့် ဂုဏ်ပုဒ်နှင့် ထိုက်တန်ကြောင်း သက်သေပြရမည့် အခွင့်အရေးဖြစ်သည့်အတွက် ဖိအားရှိခဲ့သည်။

"အောင်လအန်ဆန်ကို သူ့နိုင်ငံကလူတွေ အားပေးကြမှာပါ။ ဒါပေမယ့် ကျွန်တော်က တကယ့်ချန်ပီယံအစစ်ဆိုတာကို သူတို့သိအောင်ပြပါမယ်။ အခုကမ္ဘာကြီးပေါ်မှာ ဂုဏ်သတင်းအကြီးဆုံး ဆုတံဆိပ်ပိုင်ရှင်ဆိုပေမယ့်လည်း မြန်မာနိုင်ငံ ရန်ကုန်မြို့ကြီးကို အောင်နိုင်သူတစ်ယောက်အနေနဲ့ ကျွန်တော်လာခဲ့မှာပါ"ဟု ဘစ်ဒက်ရှ်က ထပ်လောင်းပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဇန်နဝါရီလက အောင်လနှင့် ထိုးသတ်ခဲ့သောပြိုင်ပွဲတွင် ဘစ်ဒက်ရှ်က ဒိုင်အဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး သူ၏ ONE မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့သည်။ ပြိုင်ဘက်ဖြစ်သူ အောင်လ၏ ဇာတိမြေဖြစ်သောကြောင့် အိမ်ရှင်ကိုမျက်နှာလိုက်၍ အနိုင်ဆုံးဖြတ်ခြင်းရှိနိုင်သည်ကို စိုးရိမ်ပူပန်မနေဘဲ မိမိရွေခါးပတ်ကို ထပ်မံကာကွယ်သွားမည်ဟု ရုရှားနိုင်ငံသား ချန်ပီယံ ဘစ်ဒက်ရှ်က ဆိုသည်။

"အိမ်ရှင်နိုင်ငံဘက်က ဆုံးဖြတ်ချက်တွေကြောင့် စိုးရိမ်စိတ်မဖြစ်ပါဘူး။ ကျွန်တော်တို့နှစ်ယောက်ရဲ့ ဒုတိယအကြိမ် ကမ္ဘာ့ချန်ပီယံလုပွဲက မျှတတဲ့ပြိုင်ပွဲတစ်ပွဲ ဖြစ်လာလိမ့်မယ်လို့ ယုံကြည်နေပါတယ်"ဟု ၎င်းက ဆိုသည်။

"ကျွန်တော့်အနေနဲ့ ပွဲကိုပဲ အပြည့်အဝ အာရုံစိုက်သွားမှာပါ။ သူတို့ ကျွန်တော့်ကို အားပေးသည်ဖြစ်စေ၊ လှောင်ပြောင်သည်ဖြစ်စေ၊ ဒါတွေဟာ ကျွန်တော့်အတွက် ခွန်အားတွေချည်းပါပဲ။ သူတို့ပြိုင်ပွဲအပေါ် ပိုပြီးစိတ်ပါဝင်စားလေလေ ကျွန်တော့်က ပိုပြီးအားတက်လေလေပါပဲ" ဟု အောင်လကိုအားပေးနေကြမည့် မြန်မာ့လက်ဝှေ့ဝါသနာရှင် ပရိသတ်များကြောင့်လည်း စိတ်အနှောင့်အယှက်ဖြစ်မည်မဟုတ်ကြောင်း ဘစ်ဒက်ရှ်က ဆိုသည်။

ဘစ်ဒက်ရှ်သည် အနိုင်ရရှိခဲ့သည့် ရှစ်ပွဲအနက် လေးကြိမ်ကို အလဲထိုးပြီး ကျန်လေးကြိမ်ကို ဒိုင်အဆုံးအဖြတ်ဖြင့် အနိုင်ရရှိထားသောကြောင့် ယခုတစ်ကြိမ် အောင်လနှင့် ONE Championship ကြိုးဝိုင်းထဲ၌ ပြန်လည်ရင်ဆိုင်ရာတွင် ပြတ်သားသည့် အနိုင်ရလဒ်ရရှိရန် လိုလားလျက်ရှိကြောင်း သိရသည်။

"ပြိုင်ဘက်ရဲ့ဇာတိဖြစ်လို့ သူ့ဘက်က အားသာသွားမယ်လို့တော့ မထင်ပါဘူး။ ဘာလို့လဲဆိုတော့ တကယ့်ချန်ပီယံတစ်ယောက်ဆိုတာ ဘယ်နေရာ၊ ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် ယှဉ်ပြိုင်နိုင်လို့ပါပဲ။ ကြိုးဝိုင်းထဲကို ပြန်ဝင်လာရတဲ့အတွက် စိတ်လှုပ်ရှားမိပြီး ဒီပွဲဟာ မြန်မာနိုင်ငံမှာ ခမ်းနားကြီးကျယ်တဲ့ ပြိုင်ပွဲတစ်ခုဖြစ်လာလိမ့်မယ်လို့လည်း မျှော်လင့်မိပါတယ်။ အောင်လအန်ဆန်နဲ့ သူ့ရဲ့ထိုးသတ်ပုံတွေကို လေးစားပေမယ့်လည်း ကျွန်တော်အိမ်ကိုပြန်တဲ့အခါမှာတော့ အောင်မြင်မှုနဲ့အတူ ပြန်သွားမှာပါ။ ပြီးတော့ ချန်ပီယံခါးပတ်ကလည်း ကျွန်တော့်ပခုံးပေါ်မှာပဲ ရှိနေမှာပါ"ဟု ဘစ်ဒက်ရှ်က ပြောကြားခဲ့သည်။

ဗစ်တာလီ ဘစ်ဒက်ရှ်နှင့် အောင်လအန်ဆန်တို့၏ ဒုတိယအကြိမ် မကျေပွဲကြီးကို ONE: LIGHT OF A NATION ပွဲ အဓိကတွဲဆိုင်းအဖြစ် ဇွန် ၃၀ ရက်တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏမိုးလုံလေလုံ အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။ **(ငွေကြယ်)**




**ဘစ်ဒက်ရှ်(ဝဲ)နှင့် အောင်လအန်ဆန်(ယာ)တို့ ဇန်နဝါရီလအတွင်း ထိုးသတ်ခဲ့စဉ်။**

## အေဂျက်စ်အသင်းနည်းပြ ပီတာဘော့ဇ်ကို ဒေါ့မွန်နည်းပြအဖြစ်ခန့်အပ်

နယ်သာလန်နိုင်ငံသား အေဂျက်စ်အသင်းနည်းပြ ပီတာဘော့ဇ်မှာ ဒေါ့မွန်အသင်းကို ပြောင်းလဲကိုင်တွယ်ရန်အတွက် အေဂျက်စ်အသင်းကို လျော်ကြေးငွေ ပေါင် ၃ ဒသမ ၇ သန်းပေးချေကာ ကျောခိုင်းခဲ့ကြောင်း သိရသည်။ ဒေါ့မွန်အသင်းနှင့် နည်းပြ တူချယ်လ်တို့ကြား ညှိနှိုင်းမရသည့်ကိစ္စအချို့ကြောင့် တူချယ်လ်မှာ ပြီးခဲ့သည့် ရက်သတ္တပတ်အစောပိုင်းက ဒေါ့မွန်နည်းပြအဖြစ်မှ နုတ်ထွက်သွားခဲ့ပြီးနောက် တစ်ပတ်အကြာမှာပင် ပီတာဘော့ဇ်ကို နည်းပြသစ်အဖြစ် ခန့်အပ်နိုင်သည်။ ပီတာဘော့ဇ်မှာ အေဂျက်စ်အသင်းကို ယူရိုပါလိဂ်ဖလားပြိုင်ပွဲတွင် ဗိုလ်လုပွဲအထိရောက်အောင်စွမ်းဆောင်ပေးနိုင်ခဲ့ပြီး မန်ယူအသင်းကို နှစ်ဂိုးပြတ်ဖြင့် အရေးနိမ့်ကာ ယူရိုပါလိဂ်ချန်ပီယံဖြစ်ခွင့် လွဲချော်ခဲ့သည်။

ပီတာဘော့ဇ်မှာ လွန်ခဲ့သည့် တစ်နှစ်တာကာလက အေဂျက်စ်အသင်းနည်းပြ ဖရန့်ဒီဘိုးဝါး၏နေရာကို ဆက်ခံခဲ့ပြီးနောက် အေဂျက်စ်မှာ ရော့စ်တော့ဗ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ကာ ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။ ယင်းနောက် ရာသီအစရလဒ်ဆိုးများကြုံတွေ့ခဲ့ရပြီး ရာသီနောက်ပိုင်းခြေစွမ်းတဖြည်းဖြည်း တည်ငြိမ်လာကာ နောက်ဆုံးအချိန်အထိ ဖီယင်နော့ဒ်အသင်းကို အကောင်းဆုံးဖိအားပေးနိုင်ခဲ့သည်။ ယူရိုပါလိဂ်ပြိုင်ပွဲတွင်လည်း ရှော်လ်ကေးနှင့် လိုင်ယွန်တို့ကို ကျော်ဖြတ်ပြီး ဥရောပအဆင့် ဗိုလ်လုပွဲသို့ ၂၁ နှစ်အတွင်း ပထမဆုံးတက်လှမ်းနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ အေဂျက်စ်အသင်းမှာ ယခုနှစ်ရာသီတွင် ဖလားလက်မဲ့အနေအထား ကြုံခဲ့ရသော်လည်း ဘော့ဇ်၏အသင်းကို အကောင်းဆုံးထိန်းကျောင်းမှုအတွက် ကမ္ဘာ့ဘောလုံးရပ်ဝန်းမှ လက်ခုပ်သံအများအပြားကို ရရှိခဲ့သည်။ အေဂျက်စ်အသင်း၏ ပွဲထွက်လူစာရင်း ပျမ်းမျှအသက်မှာ ၂၂ နှစ်ကျော်သာရှိပြီး ၁၉၇၀ ကျော်ကာလများကလည်း လူငယ်ကစားသမားအင်အားဖြင့် တောက်ပခဲ့ဖူးသည့်ပုံစံနှင့် နီးစပ်သည့်အနေအထားပင်ဖြစ်သည်။

ဘော့ဇ်၏ လူငယ်ဦးစားပေးမူဝါဒမှာ ဒေါ့မွန်အသင်းရည်ရွယ်ချက်နှင့် ကိုက်ညီမှုရှိသည်။ ဒေါ့မွန်အသင်းကလည်း နာမည်ကျော်ကစားသမားများကို ကြေးကြီးပေး ခေါ်ယူခြင်းထက် လူငယ်အကယ်ဒမီကျောင်းထွက်များကို အသင်းကြီးတွင် ပို၍နေရာပေးလိုသည့် ကလပ်အသင်းဖြစ်သည်။

## ချန်ပီယံလိဂ်အောင်ပွဲခံ ဗာရာနီကို ဂုဏ်ပြုရန် ဂရစ်ဇ်မန်း နှစ်ကြိမ်တိုင် မသိကျိုးကျွန်ပြုခဲ့

အက်သလက်တီကို စူပါစတား ဂရစ်ဇ်မန်းက ချန်ပီယံလိဂ်တွင် အောင်ပွဲခံနိုင်ခဲ့သည့် ပြင်သစ်အသင်းဖော် ဗာရာနီကိုဂုဏ်ပြုရန် နှစ်ကြိမ်တိုင်မသိကျိုးကျွန်ပြုနေခဲ့ပြီး ဂရစ်ဇ်မန်းအနေဖြင့် ခါးသီးသည့် မြို့ခံပြိုင်ဘက် ရီးယဲလ်မက်ဒရစ်အသင်း၏ အောင်မြင်မှုကို အသိအမှတ်မပြုလိုသည်မှာ ထင်ရှားကြောင်း The Sun သတင်းဌာနက ကောက်ချက်ချသည်။ ရီးယဲလ်အသင်း၏ ချန်ပီယံလိဂ်ဗိုလ်လုပွဲကြောင့် ဗာရာနီမှာ ပါရာဂွေးအသင်းနှင့် ကစားခဲ့သည့် ချစ်ကြည်ရေးခြေစမ်းပွဲကို လွဲချော်ခဲ့သော်လည်း ဆွီဒင်အသင်းနှင့်ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ပါဝင်နိုင်ရန် ပြင်သစ်အသင်းလူစာရင်းနှင့် လာရောက်ပူးပေါင်းခဲ့ခြင်းဖြစ်သည်။

ဗာရာနီမှာ ကာဒစ်တွင်ယှဉ်ပြိုင်ခဲ့သည့် ချန်ပီယံလိဂ်ဖလားတွင် အောင်ပွဲခံနိုင်ခဲ့ပြီးနောက် လေးရာသီအတွင်း သုံးကြိမ်မြောက် ချန်ပီယံလိဂ်ဖလားကို ရရှိခဲ့ခြင်းဖြစ်သည်။ ဗာရာနီ၏ အောင်မြင်မှုကို နည်းပြ ဒီဒီယာဒက်ချွမ့်စ် အပါအဝင် ပြင်သစ်အသင်းသားများက ဝိုင်းဝန်းဂုဏ်ပြုနေသည့် အချိန်မှာပင် ဂရစ်ဇ်မန်းက သိသိသာသာ လျစ်လျူရှုခဲ့သည်။ ဂရစ်ဇ်မန်းက ပထမအကြိမ်တွင် ဗာရာနီနှင့် နီးကပ်လာသည့်အနေအထားမှ လမ်းကြောင်းပြောင်းသွားခဲ့ပြီး ဒုတိယအကြိမ်တွင် လက်ခုပ်တီးဂုဏ်ပြုရာတွင်လည်း သူတစ်ယောက်တည်းက လက်ခုပ်မတီးခဲ့ဘဲ မသိချင်ယောင်ဆောင်ခဲ့သည်ကို တွေ့ရသည်။

သို့သော် ဂရစ်ဇ်မန်း၏ အက်သလက်တီကိုမှာ ပြီးခဲ့သည့် လေးရာသီလုံး ချန်ပီယံလိဂ်(၂၀၁၄ ချန်ပီယံလိဂ်ဗိုလ်လုပွဲ၊ ၂၀၁၅ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်၊ ၂၀၁၆ ချန်ပီယံလိဂ် ဗိုလ်လုပွဲ၊ ၂၀၁၇ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ) တွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့်တွေ့ဆုံခဲ့ပြီး အကြိမ်တိုင်းအရေးနိမ့်ကာ ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။ ဗိုလ်လုပွဲမတိုင်မီကပင် ဂရစ်ဇ်မန်းက ဂျူဗင်တပ်ကိုသာ ချန်ပီယံဖြစ်စေလိုကြောင်းဆိုခဲ့သလို ဘာလွန်းဒီအောဆုကိုလည်း ဘတ်ဖွန်ကိုသာရရှိလိုကြောင်း သူ၏ဆန္ဒကို အံ့အားသင့်ဖွယ်ရာ ထုတ်ဖော်ပြောကြားခဲ့သေးသည်။




ကွန်တီက လာမယ့်ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းရဲ့ နည်းဗျူဟာပိုင်းကို ပြောင်းလဲကျင့်သုံးရန် လိုလားနေပြီး ယခုနှစ်ရာသီတွင်ကျင့်သုံးခဲ့တဲ့ ၃-၄-၃ ကစားကွက်နေရာတွင် ၄-၂-၄ ကစားကွက်ဖြင့် အစားထိုးရန် စဉ်းစားထားပြီးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ကွန်တီက လူကာကူကို ခေါ်ယူမယ်လို့ တရားဝင်ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိဘဲ တောင်ပံတိုက်စစ်ကစားနှစ်ဦးနှင့် ဗဟိုတိုက်စစ်ကစားသမားနှစ်ဦးတို့ တိုက်စစ်ပိုင်းကို ဦးဆောင်ကစားရန် စဉ်းစားထားကြောင်းသာ ဆိုခဲ့သည်။

ကွန်တီက "ကျွန်တော်တို့ဆီမှာ တိုးအားကောင်းတဲ့ တောင်ပံတိုက်စစ်ကစားသမားတွေရှိတာကြောင့် ကျွန်တော်ဒီနည်းလမ်းကို စဉ်းစားတာဖြစ်ပါတယ်။ တိုက်စစ်မှူးနှစ်ဦး နီးနီးကပ်ကပ် ဘောလုံးအပေးအယူလုပ်ပြီး ကစားတာကိုလည်း ကျွန်တော်ပြောင်းလဲလိုပါတယ်။ ဒါကြောင့် ရာသီကြိုခြေစမ်းပွဲတွေမှာ ၄-၂-၄( ဒါမှမဟုတ်) ၃-၄-၃ကစားကွက်ကိုပဲ ကျင့်သုံးမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ကွန်တီက ယခုနှစ် ချယ်လ်ဆီးအသင်းရဲ့ သွင်းဂိုးများကို တိုက်စစ်မှူး ကော်စတာတစ်ဦးတည်းအပေါ်တွင် အဓိကမှီခိုထားရသည်ကို စိတ်ပျက်နေပြီး ကော်စတာနှင့် လူကာကူတို့တွဲဖက်ကစားရန် စီစဉ်လာခြင်းဖြစ်သည်။ ကော်စတာက အစောပိုင်းတွင် အက်သလက်တီကိုအတွက်သာ ချယ်လ်ဆီးမှ ထွက်ခွာမည်ဟု ထုတ်ဖော်ပြောကြားခဲ့သော်လည်း အက်သလက်တီကိုရဲ့ ကစားသမားခေါ်ယူမှု ပိတ်ပင်ခံရခြင်းကြောင့် ချယ်လ်ဆီးတွင်သာ ဆက်နေရန်အလားအလာများနေခြင်းဖြစ်သည်။ အခြားသတင်းတစ်ရပ်အရ ချယ်လ်ဆီးအသင်းသည် ကွင်းလယ်လူ ဖာဘရီဂတ်စ်နှင့် မာတစ်တို့နှစ်ဦးစလုံးကို ထုတ်ရောင်းပြီး ပီအက်စ်ဂျီကွင်းလယ်လူ ဗာရက်တီကိုခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

မေလဲ့သင်း - စုစည်းရေးသားသည်

# အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

**ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၉ ခုနှစ်၊ လ ရက်**

**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများအက်ဥပဒေပုဒ်မ ၄ တွင်

(က) ပုဒ်မခွဲ (၄) ၌ပါရှိသောစကားရပ်များကို အောက်ပါအတိုင်း အစားထိုး ရမည်-

"District Court" includes the High Court of the Region or the High of the State in the exercise of its ordinary original civil jurisdiction and the Court of the Self-Administered Division or the Court of the Self-Administered Zone;

(ခ) ပုဒ်မခွဲ(၈)၌ပါရှိသော "the High Court" ဆိုသည့်စကားရပ်ကို "the Supreme Court of the Union" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများအက်ဥပဒေပုဒ်မ ၄-က တွင်-

(က) ပုဒ်မခွဲငယ် (၁)တွင်ပါရှိသော "The High Court" ဆိုသည့် စကားရပ်ကို "The High Court of the Region of the High Court of the State" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(၁)တွင်ပါရှိသော "any District Court" ဆိုသည့်စကားရပ် ရှေ့တွင် "any Court of the Self-Administered Division or any Court of the Self-Administered Zone or" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဂ) ပုဒ်မခွဲ(၁)၊ (၂) နှင့် (၃) တို့တွင်ပါရှိသော "a District Court" ဆိုသည့် စကားရပ်ရှေ့တွင် "a Court of the Self- Administered Division or a Court of the Self- Administered Zone or" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဃ) ပုဒ်မခွဲ (၄) တွင် ပါရှိသော "the District Court" ဆိုသည့်စကားရပ် ရှေ့တွင် "the Self-Administered Division or the Court of the Self-Administered Zone or" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၄။ အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများအက်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ခ)၊ ပုဒ်မ ၃၁၊ ပုဒ်မခွဲ ၃၊ ပုဒ်မခွဲငယ် (ခ)၊ ပုဒ်မ ၄၉ နှင့် ပုဒ်မ ၅၀၊ ပုဒ်မခွဲ (၁) တွင်ပါရှိသော "the High Court" ဆိုသည့်စကားရပ်များကို "the Supreme Court of the Union" ဆိုသည့် စကားရပ်များဖြင့် အသီးသီးအစားထိုးရမည်။

၅။ အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများအက်ဥပဒေပုဒ်မ ၄၄ တွင်ပါရှိသော "not exceeding one thousand kyats" ဆိုသည့်စကားရပ်ကို "not exceeding one hundred thousand kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများအက်ဥပဒေပုဒ်မ ၄၅၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ဂ) တွင် ပါရှိသော "not exceeding one hundred kyats" ဆိုသည့်စကားရပ်ကို "not exceeding ten thousand kyats" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "not exceeding ten kyats" ဆိုသည့် စကားရပ်ကို "not exceeding one thousand kyats" ဆိုသည့် စကားရပ် ဖြင့် လည်းကောင်း၊ "not exceeding five hundred kyats" ဆိုသည့် စကားရပ်ကို "not exceeding fifty thousand kyats" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်းအစားထိုးရမည်။

၇။ အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများအက်ဥပဒေပုဒ်မ ၄၇ တွင် ပါရှိသော "the High court" ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---



## ပုဗ္ဗသီရိမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၇**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သာဂလကျေးရွာအတွင်းရှိ ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်သည့်အနေဖြင့် ရွာလုံးကျွတ် အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ် ခုတင် ၅၀ ဆံ့ဆေးရုံမှ ဒေါက်တာနန်းကျော့ခိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အဖွဲ့ ကိုးဖွဲ့ခွဲ၍ ရွာလုံးကျွတ် တစ်အိမ်တက်ဆင်း ဘုရားပန်းအိုးများ၊ သောက်ရေ/သုံးရေအိုးများ၊ ရေလှောင်ကန်များအတွင်း ပိုးလောက်လမ်းပေါက်ပွားမှုရှိ၊ မရှိ စစ်ဆေးပြီး အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် အသုံးမပြုတော့သည့် ရေပုံးဟောင်းများ၊ ရေအိုးဟောင်းများ၊ ကား၊ ဆိုင်ကယ် တာယာဟောင်းများကို မြေမြှုပ်စွန့်ပစ်ကြရန်နှင့် သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်အချက်များကိုလည်း အသိပညာပေး ဟောပြောခဲ့ကြောင်းသိရသည်။

**ရွှေရဲရင့်**

---

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲဆုပေးပွဲကျင်းပ

**ပဲခူး ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အမျိုးသား၊ အမျိုးသမီးအသက်(၂၅)နှစ်အောက် မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲကို ဇွန် ၆ ရက် နံနက် ၁၁ နာရီက ပဲခူးတိုင်းဒေသကြီး အားကစားခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဥပဒေချုပ်နှင့်ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ပိုက်ကျော်ခြင်း အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး အမျိုးသား(ပဲခူးမြို့နယ်အသင်းနှင့် ဖြူးမြို့နယ်အသင်း) နှင့် အမျိုးသမီး(ပဲခူးမြို့နယ်နှင့် ပြည်မြို့နယ်အသင်း) တို့ ဗိုလ်လုပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။ ပြိုင်ပွဲကို ဇွန် ၂ ရက် မှ ၆ ရက်အထိ ကျင်းပပြီး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်မှ အမျိုးသား ၂၈ သင်း၊ အမျိုးသမီးငါးသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားကြသည်။

ရှေးဦးစွာ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲ ဒုတိယဆုရရှိသော ပြည်မြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ပဲခူးခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်ကလည်းကောင်း၊ ပထမဆုရရှိသော ပဲခူးမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို သယံဇာတ၊ သစ်တောနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းစံကလည်းကောင်း၊ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲပထမရရှိသောပဲခူးမြို့နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဦးမောင်မောင်လွင်၊ ဥပဒေချုပ် ဦးအုန်းမြင့်နှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးမင်းထိုက်တို့ကလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် အကောင်းဆုံးအမျိုးသမီး အားကစားသမားဆုရရှိသော မငြိမ်းချမ်းသူ(ပဲခူးမြို့နယ်အသင်း)နှင့် အကောင်းဆုံးအမျိုးသားအားကစားသမားဆုရရှိသော မောင်ကျော်မျိုးအောင် (ပဲခူးမြို့နယ်)တို့အား လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က ငွေသားဆုနှင့် ဆုတံဆိပ်များပေးအပ်ပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသော ပဲခူးမြို့နယ်အသင်းနှင့် အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသော ပဲခူးမြို့နယ်အသင်းတို့အား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

---



**မြန်မာနိုင်ငံလုံး ဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းက ကြီးမှူးဖွင့်လှစ်သော ယဉ်ကျေးလိမ္မာ ဆရာဖြစ်သင်တန်းဆင်းပွဲကို ဇွန် ၅ ရက်က မရမ်းကုန်းမြို့နယ် ဇမ္ဗူသီရိ ဗိမာန်တော်၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ သင်တန်းဆင်းလက်မှတ်များ ပေးအပ်စဉ်။**

**မီးမီး(လှိုင်)**

---

## ကျေးရွာအုပ်စု နှစ်ခုအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**မြစ်ကြီးနား ဇွန် ၇**

ကချင်ပြည်နယ် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံး၏ လမ်းညွှန်မှုဖြင့် မြစ်ကြီးနားမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ တာဝန်ယူကာ မြစ်ကြီးနားမြို့နယ်အတွင်းမော်ဖောင်းကျေးရွာအုပ်စုနှင့် လွဲခေါ်ကျေးရွာအုပ်စုများတွင် နေထိုင်ကြသည့် ပြည်သူများနိုင်ငံသားစိစစ်ရေးကတ်ပြားများ ကိုင်ဆောင်ခွင့်ရရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ဇွန် ၇ ရက် နံနက် ၈ နာရီမှ စတင်ကာ သတ်မှတ်နေရာအသီးသီးတွင် ဆောင်ရွက်ပေးလျက်ရှိသည်။

မော်ဖောင်းကျေးရွာအုပ်စုတွင် အထက်မော်ဖောင်းကျေးရွာ ကျေးရွာပြည်သူ့ခန်းမ၌ ဒု-လဝကမှူး ဒေါ်ဒီလွမ်းနန်းနှင့် ဝန်ထမ်းငါးဦး လွဲခေါ်ကျေးရွာတွင် ကချင်နှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်း၌ ဒုလဝကမှူး ဦးအောင်ကျော်စိုးနှင့် ဝန်ထမ်းငါးဦးတို့က ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာအသီးသီးမှ နိုင်ငံသားစိစစ်ရေးကတ်ပြား အသက်(၁၀)နှစ်ပြည့်နှင့် (၁၈)နှစ်ပြည့်ပြီး မပြုလုပ်ရသေးသူများအား ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးရာသို့ ဒုတိယပြည်နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဦးလေးကြီး**



## ဘောလုံးအားကစားဖွံ့ဖြိုးတိုးတက်စေရေး မျိုးဆက်သစ်နည်းပြသင်တန်းဖွင့်

**မန္တလေး ဇွန် ၇**
ဘောလုံးအားကစားဖွံ့ဖြိုးတိုးတက်စေရေးအတွက် Youth Development Pilot Project က ကြီးမှူးဖွင့်လှစ်သည့် မျိုးဆက်သစ်ဘောလုံးနည်းပြသင်တန်း အမှတ်စဉ် (၁/၂၀၁၇) ဖွင့်ပွဲကို ဇွန် ၆ ရက် နံနက်ပိုင်းက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း(၃၀) နှင့် (၇၁) လမ်းထောင့်ရှိ အားကစားနှင့်ကာယပညာဦးစီးဌာန ဗထူးအားကစားခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းဝင်များ၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူးဦးမျိုးမြင့်အောင်၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးဦးဝေဇင်နှင့်ခရိုင်၊ မြို့နယ် အားကစားမှူးများ၊ မန္တလေးမြို့ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဒေါ်မေမြတ်နွယ်နှင့် ဆပ်ကော်မတီဝင်များ တက်ရောက်သည်။

အဆိုပါသင်တန်းကို Youth Development Pilot Project မှ သင်ကြားရေးနည်းစနစ်အဖွဲ့ခေါင်းဆောင်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးဘင်နီတင်အောင်၊ မြန်မာ့လက်ရွေးစင်ဟောင်း ဦးအေးမောင်ကြီးအပါအဝင် နည်းပြ ငါးဦးက မျိုးဆက်သစ်ဘောလုံးနည်းပြ ၃၀ တို့အား ငါးရက်ကြာ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းဆင်းနည်းပြများက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ၃၅၀ အား အခြေခံဘောလုံးပညာများ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၇ ခုနှစ် မိုးရာသီဘဏ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

**ကျောက်ပန်းတောင်း ဇွန် ၇**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၇ ခုနှစ် မိုးရာသီဘဏ်ချေးငွေများကိုထုတ်ချေးပေးလျက်ရှိရာ ဇွန် ၆ ရက် နံနက် ၁၀ နာရီခွဲက ကျေးရွာ အုပ်စု(၃)အုပ်စုမှ တောင်သူ ၅၄၅ ဦးတို့အား စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၅၈၉ သိန်းကို မြို့နယ်ဘဏ်ရုံးတွင် ကိုယ်တိုင်ထုတ်၊ ကိုယ်တိုင်ဆပ်စနစ်ဖြင့် ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။

ကျောက်ပန်းတောင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် မိုးရာသီဘဏ်ချေးငွေများကို မေ ၂၃ ရက်မှစတင်ထုတ်ချေးပေးခဲ့ခြင်းဖြစ်သည်။ ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျေးရွာအုပ်စု ၉၄ အုပ်စုမှ တောင်သူပေါင်း ၂၀၅၀၀ ဦးတို့အား ငွေကျပ်သိန်းပေါင်း ၅၅၀၀ ထုတ်ချေးပေးသွားရန်လျာထားပြီး ယနေ့အထိ ကျေးရွာအုပ်စု (၃၇)အုပ်စုမှတောင်သူပေါင်း ၅၅၇၉ ဦးတို့ကို စိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်းပေါင်း ၁၅၈၉ သိန်းကျော် ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်းသိရသည်။

ယခုနှစ် မိုးရာသီဘဏ်ချေးငွေထုတ်ချေးပေးမှုမှာ စပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲနှုန်းနှင့် ယာသီးနှံတစ်ဧကလျှင် ကျပ်ငါးသောင်းနှုန်း ထုတ်ချေးပေးခြင်းဖြစ်ကြောင်းသိရပြီး အတိုးနှုန်းမှာ ရှစ်ရာခိုင်နှုန်းဖြစ်ကြောင်းသိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## မိုးစပါးမျိုးစေ့ထုတ်စိုက်ကွက်များအတွက် တောင်သူများအား ဓာတ်မြေသြဇာနှင့် မျိုးစေ့များထုတ်ပေး

**ကနီ ဇွန် ၇**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် မိုးစပါးမျိုးစေ့ထုတ်ကွက်များ စိုက်ပျိုးတောင်သူများအတွက် မျိုးစေ့များနှင့်ဓာတ်မြေသြဇာများပေးအပ်ပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် ဇွန် ၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ မျိုးစေ့နှင့် မြေသြဇာပေးအပ်ပွဲတွင် ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းထွန်းက မျိုးစေ့ထုတ်စံပြကွက်စိုက်ပျိုးမည့်တောင်သူများအနေဖြင့် တစ်ဧကအတွက် အထွက်နှုန်းများမြင့်မားရေး၊ မျိုးကောင်းမျိုးသန့်များကို ပြောင်းလဲစိုက်ပျိုးနိုင်ရန်နှင့် မျိုးစေ့ထုတ်နည်းပညာများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် သီးနှံများ အထွက်နှုန်းမြင့်မားပြီး သီးနှံများ အရည်အသွေးပြည့်မီ၍ ဈေးကောင်းလာမှာဖြစ်ကြောင်းနှင့် စိုက်ပျိုးရေးဌာနမှလည်း နည်းပညာများနှင့် လမ်းညွှန်ချက်များပေးကာ တောင်သူများစိုက်ပျိုးချိန်မှစ၍ ပူးပေါင်းဆောင်ရွက်ခြင်းပေးကာ အရည်အသွေးပြည့်ဝသည့်အထွက်နှုန်းများ တိုးမြင့်ပြီး မျိုးကောင်းမျိုးသန့်များ ထွက်ရှိလာရေး အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားသည်။

“ကျွန်တော်တို့ မြို့နယ်အနေနဲ့ တဇယ်ချောင်ကျေးရွာအုပ်စုနှင့် ကင်းတောင်ကျေးရွာတို့တွင် ယခင်နှစ်က မိုးစပါးဆင်းသုခမျိုးစေ့ထုတ်ကွက် စိုက်တောင်သူများအတွက် ကျွန်တော်တို့ဌာနကနေ ယင်းကျေးရွာမှ တောင်သူ ၁၅ ဦး ၏ မျိုးစေ့ထုတ်ကွက်ဧက(၂၀)အတွက် ထုတ်ပေးပြီး မျိုးစေ့ထုတ်ကွက်များဆောင်ရွက်ခဲ့ရာ တောင်သူ ၁၅ ဦး အနက် ၁၄ ဦးမှာ စိုက်ပျိုးရေးဦးစီးဌာန အထက်မြန်မာပြည်မျိုးစေ့တာဝန်ခံရုံး(မန္တလေး) မျိုးစေ့အရည်အသွေးထောက်ခံချက်များရရှိခဲ့သည့် အတွက် ယခုနှစ်တွင် ကျွန်တော်တို့ ကနီမြို့နယ်အနေဖြင့် တောင်သူ ၂၂ ဦးမှ မိုးစပါးဆင်းသုခမျိုးစေ့ထုတ်ကွက် ဧက(၃၀)စိုက်ပျိုးဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးလှမြင့်က ပြောကြားသည်။

ယင်းနောက် တဇယ်ချောင်ကျေးရွာအုပ်စုနှင့် ကင်းတောင်ကျေးရွာများမှ တောင်သူများအား မျိုးစေ့များနှင့် ဓာတ်မြေသြဇာများကို ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အသီးသီးပေးအပ်ခဲ့ပြီး ယခင်နှစ်က စိုက်ပျိုးရေးဦးစီးဌာန အထက်မြန်မာပြည်မျိုးစေ့တာဝန်ခံရုံး(မန္တလေး) မျိုးစေ့အရည်အသွေး ထောက်ခံချက်များရရှိခဲ့သည့် တောင်သူများအား မျိုးစေ့အရည်အသွေး ထောက်ခံချက်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

## ပုံမှန်ဝင်ငွေဖော်ဆောင်ပေးနေသော နေကာယင်းလိပ်လိုက်ကာလုပ်ငန်း

**အမရပူရ ဇွန် ၇**
အမရပူရမြို့နယ်တွင် နေကာယင်းလိပ်လိုက်ကာလုပ်ငန်းဖြင့် ပုံမှန်ဝင်ငွေ ဖော်ဆောင်လျက်ရှိသည်။ နေကာ ယင်းလိပ်များကို ပန်းချီဒီဇိုင်းအမျိုးမျိုးဖြင့်ပြုလုပ်ခြင်း၊ ရိုးရိုးနေကာလိုက်ကာပြုလုပ်ခြင်းဟူ၍ နှစ်မျိုးနှစ်စားပြုလုပ်ပေးကြသည်။ ပန်းချီရေးခြယ်ရာတွင် မှာယူသူ စိတ်ကြိုက်ရေးဆွဲပေးသည်။ အများစုမှာ ဆိုင်နာမည်နှင့်အတူ ပန်းချီပုံများကို တွဲဖက်ရေးဆွဲပေးရသည်။

နေကာယင်းလိပ်လိုက်ကာပြုလုပ်ရာတွင် အလျားကိုးပေ၊ အနံခြောက်ပေမှအစပြုကာ အသေးဆုံးအလျားခြောက်ပေ၊ အနံလေးပေအထိ အမျိုးမျိုးပြုလုပ်ကြသည်။ နေကာလိုက်ကာများကို မန္တလေးမြို့ရှိဆိုင်များတွင် ဖောက်သည် သွင်းပေးရသည်။ တစ်ပေလျှင်ငွေကျပ် ၆၀၀ ဖြင့် ဖောက်သည်ပေးရသည်။

နေကာယင်းလိပ်ကို ဒေသအခေါ် ရွှေလီဝါး(တင်းဝါး)ဖြင့် ပြုလုပ်ရသည်။ တင်းဝါးအပေါ်ယံရှိ အကြေးများကို ခြစ်ကာပြောင်အောင်ပြုလုပ်ပေးရသည်။ထို့နောက် ဝါးခြမ်းခြင်း၊ ဝါးနွှာခြင်း၊ ဝါးတံဖြစ်အောင်ပြုလုပ်ခြင်းများကို အဆင့်ဆင့်ပြုလုပ်ပေးရသည်။ လှပသော ဝါးခြမ်းများရပါက နိုင်လွန်ကြိုးဖြင့်ကျစ်ကြရသည်။ လူတစ်ဦးလျှင် တစ်နေ့နေကာလိုက် လေးချပ်အထိပြီးသည်။ ကဆုန်လမှ ဝါဆိုဝါခေါင်လအထိ အင်းသုံးယင်းလိပ်များကိုလည်း ပြုလုပ်ပေးရသည်။အင်းသုံးယင်းလိပ်လိုက်ကာများကို ပြုလုပ်ရာတွင် ဝါးတစ်ဆုံးအရပြုလုပ်ပေးလေ့ရှိသည်။ ဝါးတစ်ရာလျှင် အင်းသုံးယင်းလိပ်သုံးလိပ်ရရှိပြီး ယင်းလိပ်တစ်လိပ်လျှင် ငွေကျပ်လေးသောင်းဖြင့်ရောင်းချကြသည်။

နေကာယင်းလိပ်လိုက်ကာများကို တစ်နှစ်ပတ်လုံး ပြုလုပ်ကာ မန္တလေးမြို့ရှိဆိုင်များတွင် ဖောက်သည်သွင်းကြရသည်။ လိုအပ်သော ဒီဇိုင်းပုံများကိုလည်း ပန်းချီရေးပေးသည်။ နေကာယင်းလိပ်လိုက်ကာလုပ်ငန်းဖြင့် နေ့စဉ်ပုံမှန်ဝင်ငွေရရှိအောင် ဖော်ဆောင်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြင်တော်ရွာ ဦးတင်ရှိန် ဒေါ်ကြည်လှ နေကာယင်းလိပ်လိုက်ကာလုပ်ငန်းမှ လိုက်ကာပြုလုပ်သူတစ်ဦးကရှင်းပြသည်။ **တိမ်တမန်**



## အထက်မြန်မာနိုင်ငံဆိုင်းလောကသားများ၏ခံစားချက်များနှင့် ပညာရှင်များမှသုံးသပ်ဆွေးနွေးပွဲကျင်းပ

**မန္တလေး ဇွန် ၇**
မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)မှ ထုတ်ပြန်လိုက်သည့်စည်းကမ်းချက်များအပေါ် အထက်မြန်မာနိုင်ငံဆိုင်းလောကသားများ၏ခံစားချက်များနှင့် ပညာရှင်များမှ သုံးသပ်ဆွေးနွေးပွဲကို ဇွန် ၆ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၆၈)လမ်းနှင့် (၆၉)လမ်း၊ (၃၂)လမ်းနှင့် (၃၃)လမ်းကြားရှိ မန္တလေးလူထုနေရာတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ နေပြည်တော်တို့မှ ဆိုင်းပညာရှင်များ၊ ဆိုင်းတည်ထောင်သူများ၊ ဆိုင်းအဆိုတော်များ၊ ဘိသိက်ပညာရှင်များ တက်ရောက်ကြသည်။ ဆိုင်းပညာရှင်စိန်တင့်လွင်က အဖွင့်အမှာစကားပြောကြားပြီး ဆိုင်းပညာရှင်စိန်ဒူးဝါး၊ ဦးရှိုင်းဗိုလ်၊ ဦးသန်းဝင်းကြွယ်(ဂီတမှူး) အပါအဝင် တက်ရောက်လာသော ဆိုင်းပညာရှင်များ၊ အဆိုပညာရှင်များက မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး(ဗဟို)မှ သဘင်ရပ်ဝန်းအတွင်းမြန်မာ့ဆိုင်းလုပ်ငန်းများအား မြန်မာမှုများဖြင့်သာ ဖျော်ဖြေရန်၊ အနောက်တိုင်းဂီတပစ္စည်းများမသုံးရန်၊ ဝတ်စားဆင်ယင်မှုများကန့်သတ်လာမှုအပေါ် ပြောင်းလဲလာသောခေတ်ရေစီးကြောင်းနှင့်အညီ ဖျော်ဖြေနေရ၍ လုပ်ငန်းခွင်အတွင်းအခက်အခဲရှိကြောင်း၊ ဆိုင်းလောကသားများနှင့် ပွင့်လင်းမြင်သာစွာ သဘောထားခံယူပြီးမှသာစည်းမျဉ်းများထုတ်ပြန်သင့်ကြောင်း ထုတ်ပြန်ထားသည့်စည်းကမ်းချက်များအပေါ် သုံးသပ်ဆွေးနွေးကြသည်။ တက်ရောက်လာသူများကဆွေးနွေးပွဲမှ ထွက်ပေါ်လာသော သဘောထားများအပေါ် အတည်ပြုထောက်ခံကြောင်း လက်မှတ်များရေးထိုးခဲ့ကြသည်။

**မောင်ပြည်သူ(မန္တလေး)**

## စွန်ရဲကျေးရွာအုပ်စု ကိန္နရာတောင်ကြိုးပြင်တော ကာကွယ်ထိန်းသိမ်းရေးအတွက် ကွင်းဆင်းစစ်ဆေး

**စဉ့်ကိုင် ဇွန် ၇**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် စွန်ရဲကျေးရွာအုပ်စု ကိန္နရာတောင်ကြိုးပြင်ကာကွယ်တောထိန်းသိမ်းရေးအတွက် ဇွန် ၆ ရက် နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ စွန်ရဲကျေးရွာအုပ်စုရှိ ကိန္နရာတောင်ကြိုးပြင်ကာကွယ်တောအတွင်းရှိ မြေဧရိယာ ငါးဧကအား လမ်းခင်းကျောက် တူးဖော်ထုတ်လုပ်ခွင့်သက်တမ်းတိုးခြင်း လျှောက်ထားမှုနှင့် ပတ်သက်၍ အဖွဲ့ခေါင်းဆောင် ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်စိုး၊ အဖွဲ့ဝင်ခရိုင်လယ်/အင်းဦးစီးမှူး ဦးမြင့်နောင်၊ ခရိုင်သစ်တောလက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဇောနှင့် စဉ့်ကိုင်မြို့နယ် အုပ်ချုပ်ရေးမှူးဦးမင်းဆွေတို့က ကွင်းဆင်းစစ်ဆေးခဲ့ရာ စိမ်းလန်းစိုပြည်ရေး အစားထိုးစိုက်ပျိုးမည့် တစ်ဧကနေရာနှင့် ကျောက်ထုတ်လုပ်မည့် ငါးဧကနေရာတို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများအား အသေးစိတ်ရှင်းလင်းဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။

**ဝင်းဝင်းသန်း**

# သမိုင်းတွင်စေရန် မန္တလေး ၁၃၀၀ ပြည့် အရေးတော်ပုံ အာဇာနည် ၁၇ ဦး ဗိမာန်

ဆူးငှက်



ကိုဗဟိန်း

မန္တလေး တမ္ပဝတီရပ် သူကြွယ်ကုန်းမှာ မန္တလေး ၁၃၀၀ ပြည့် အရေးတော်ပုံ အာဇာနည် ၁၇ ဦး ဗိမာန် တည်ရှိပါတယ်။ မြန်မာ့လွတ်လပ်ရေး တိုက်ပွဲသမိုင်းကာလ လယ်သမား၊ အလုပ်သမား၊ ကျောင်းသား၊ ရဟန်းရှင်လူ ပြည်သူတစ်ရပ်လုံး တစ်ပြည်လုံး အတိုင်းအတာနှင့် တညီတညွတ်တည်း ဆင်နွှဲခဲ့တဲ့ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးဟာ ကမ္ဘာကျော်မျှ ထင်ရှားခဲ့တာ အားလုံးအသိပါပဲ။

ဒီအရေးတော်ကြီးမှာ မန္တလေးမြို့ လူထုကလည်း အုပ်စိုးသူ နယ်ချဲ့အစိုးရရဲ့ မတရား ဖိနှိပ်ကွပ်ညှပ်တဲ့ အမိန့်အာဏာဟူသမျှကို တာဝန်အရ တညီတညွတ်တည်း ဆန့်ကျင်ခဲ့ကြတယ်။ ချောက်ရေနံမြေမှာ ရေနံမြေအလုပ်သမားတွေ စုရုံးပြီး ရန်ကုန်အထိ ခြေကျင် ချီတက်ဆန္ဒပြကြမယ့်ကိစ္စကို ရန်ကုန်တက္ကသိုလ် ကျောင်းသားတွေက ကူညီတယ်။ အားပေးတယ်။ ကျောင်းသားတွေ အဖမ်းအဆီးခံရတယ်။ ရန်ကုန်မှာလည်ကျောင်းသားတွေက အတွင်းဝန်ရုံးကို ဝိုင်းပြီး ငြိမ်းချမ်းစွာ ဆန္ဒပြတယ်။ နယ်ချဲ့အစိုးရ ပုလိပ်အဖွဲ့က မြင်းတွေ၊ နံပါတ်တုတ် တွေနဲ့ ဖြိုခွင်းတယ်။ ကျောင်းသား ကိုအောင်ကျော် ကျဆုံးတယ်။

**ကြိုတင်တားဆီး**

မန္တလေးမှာလည်း အစိုးရက ကြိုတင်တားဆီး ကန့်သတ်ထားတဲ့ ဥပဒေတွေ၊ အမိန့်ပုဒ်ထီးပုဒ်မတွေ ထုတ်တယ်။ ခေါင်းဆောင် ကျောင်းသားတွေကို ဖမ်းထားတယ်။ ဒါကြောင့် ရဟန်းသံဃာများ ဦးဆောင်ပြီး မြို့လုံးကျွတ် သပိတ်မှောက်တယ်။ လူထုပရိသတ် သိန်းသောင်းချီပြီး ငြိမ်းချမ်းစွာ ဆန္ဒပြတယ်။ ဒါကို နယ်ချဲ့အစိုးရက ပစ်ခတ်နှိမ်နင်းတယ်။ ၂၆ ဘီလမ်းမပေါ် ပွဲချင်းပြီးရော၊ နောက်ရက် ဒဏ်ရာတွေကြောင့်ရော စုစုပေါင်း ရဟန်းအာဇာနည် ခုနစ်ပါးနှင့် ကျောင်းသား ပြည်သူ အာဇာနည် ၁၀ ဦး စုစုပေါင်း ၁၇ ဦး ကျဆုံးခဲ့ရပါတယ်။

အာဇာနည် ၁၇ ဦး ရုပ်ကလာပ်တွေကို တမ္ပဝတီ သူကြွယ်ကုန်းမှာ မြို့လူထုကပဲ မြေနေရာလှူပြီး မြို့လူထုကပဲ အခမ်းအနားနဲ့ ပရိသတ် နှစ်သိန်းကျော် တက်ရောက်ဂါရဝပြုကာ မြှုပ်နှံသင်္ဂြိုဟ်ခဲ့တယ်။ ဒီနေရာမှာပဲ မြို့လူထုရဲ့ အလှူငွေတွေ၊ အာဇာနည် မိသားစုရဲ့ ချွေးနှဲစာတွေနှင့် 'အာဇာနည်ဗိမာန်' တည်ဆောက်ကာ အမှန်အမြတ်ထားခဲ့ကြတယ်။ မြို့လူထုကပဲ နှစ်စဉ် တပို့တွဲ လပြည့်ကျော် ၇ ရက်နေ့ရောက်တိုင်း အမှတ်တရအခမ်းအနား ကျင်းပ၊ လွမ်းသူ့ပန်းခွေချ၊ ဆွမ်းကပ် အမျှအတန်းဝေကာ အလေးပြုခဲ့ကြတယ်။

**တစ်ပြည်လုံး အုန်းအုန်းခြိမ့်ညံ**

နိုင်ငံ့လွတ်လပ်ရေးအတွက် အသက်စွန့်ခဲ့ကြတဲ့ အာဇာနည်တွေကို 'မြို့လူထု' အစီအစဉ်တွေ၊ ဆန္ဒတွေနဲ့ချည်း အလေးအမြတ် ပြုခဲ့ကြတာကို ၁၉၈၀ ကျော် ကာလကစပြီး အာဏာပိုင် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တစ်စည်း၊ အမိန့်နဲ့ ကန့်သတ် ချုပ်ချယ်လာတယ်။

**ပိတ်သိမ်းပစ်**

၁၉၈၈ အရေးတော်ပုံကြီးအပြီးမှာတော့ အာဏာပိုင်တွေရဲ့ အမိန့်နဲ့ မြို့လူထုပိုင် '၁၃၀၀ ပြည့် အရေးတော်ပုံ၊ မန္တလေးအာဇာနည် ၁၇ ဦးဗိမာန်'ကို သော့အထပ်ထပ်ခတ် ပိတ်သိမ်းပစ်လိုက်တယ်။ တောက်လျှောက်ပဲ အစဖျောက်ပစ်တော့မယ့် သဘောလက္ခဏာတွေ သတိပြုမိလာကြတာပါပဲ။ ၂၀၁၀ ခုနှစ်နောက်ပိုင်း



သမိုင်းမှတ်တမ်းကျောက်စာဗိမာန်

မြို့လူထုက ပြန်လည်တောင်းဆိုလို့ မန္တလေး အာဇာနည် ဗိမာန်ကို အကန့်အသတ်နဲ့ ပြန်ဖွင့်ပေးခဲ့တယ်။ တပို့တွဲလပြည့်ကျော် ၇ ရက်နေ့မှာ အမှတ်တရ အခမ်းအနားတွေ ပြုလုပ်ခဲ့ကြတယ်။

ပြီးခဲ့တဲ့ ၁၃၇၅ ခုနှစ် တပို့တွဲ လပြည့်ကျော် ၇ ရက်နေ့ဟာ မန္တလေးအာဇာနည် ၁၇ ဦး အရေးတော်ပုံ (၇၅) နှစ် တင်းတင်းပြည့်ခဲ့ပါပြီ။ ဒီလို တစ်သက်မှ တစ်ခါကြုံရတဲ့ အခါသမယမှာ 'မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ ၁၃၀၀ ပြည့် အရေးတော်ပုံကြီး'မှာ ရှေ့တန်းက စွမ်းစွမ်းတမံ ပါဝင်ခဲ့ပြီး ၁၃၀၀ ပြည့် အရေးတော်ကြီး တစ်ပြည်လုံး အုန်းအုန်းခြိမ့်ညံမျှ ဆင်နွှဲပါဝင်လာစေဖို့ 'မြင်းခွာတစ် ချက်ပေါက်ရင် မီးဟုန်းဟုန်း တောက်စေ့မယ်' ဆိုတဲ့ ရဲရဲတောက် မိန့်ခွန်းချွေခဲ့တဲ့ကျောင်းသားခေါင်းဆောင် သခင်ဗဟိန်းကိုလည်း ဂုဏ်ပြုကြဖို့ မြို့မိမြို့ဖများနှင့် မြို့လူထုက ဆုံးဖြတ်ခဲ့ကြတယ်။

**အဓိကသော့ချက်**

သခင်ဗဟိန်းဟာ မန္တလေးသားလည်း ဖြစ်တယ်။ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးရဲ့ အဓိကသော့ချက်လည်းဖြစ်တယ်။ မြန်မာ့လွတ်လပ်ရေးအတွက် ကျွန်းမာရေးကိုပင် မငဲ့ကွက်ဘဲ ကျရာနေရာက စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့တယ်။ နောက်ဆုံး ရဲဘော်ရဲဖက်များက အလွန်ဆိုးရွားလာတဲ့ သူ့ကျန်းမာရေးကြောင့် မန္တလေးပြန်ပြီး အနားယူဖို့ တိုက်တွန်းမှ နိုင်ငံရေးတာဝန်တွေ ပခုံးပေါ်က ချပြီး မန္တလေးမိဘများ ရင်ခွင် ခိုဝင်ပြီး ဆေးကုသမှု ခံယူတယ်။ တိုင်းပြည်လွတ်လပ်ရေးအတွက် 'ညီညွတ်ရေး'က အရေးကြီးဆုံးအချိန်၊ လွတ်လပ်ရေးတိုက်ပွဲကာလတစ်လျှောက် ရှေ့တန်းက ရှပ်ရှပ်ခွဲခွဲ ဆောင်ရွက်ခဲ့တဲ့ ပါတီကြီးကို ဖ. ဆ. ပ. လက ထုတ်ပယ်လိုက်တဲ့ 'မညီမညွတ်' သတင်းကြောင့် ဆေးရုံပေါ်မှာတင် အသက်ဆုံးခဲ့ရတယ်။

**မင်္ဂလာအချိန်အခါ**

ဒီနှစ် ၂၀၁၇ခုနှစ် ဇွန်လ ၂၇ရက်နေ့မှာ ရဲဘော်ဗဟိန်း(ဝါ) သခင်ဗဟိန်းရဲ့ အနှစ် ၁၀၀ ပြည့်တဲ့ မင်္ဂလာအချိန်အခါဖြစ်ပါတယ်။ ဒီအခါသမယမှာ မြို့လူထုလှုံ့လဉဿဟနှင့် အကောင်အထည်ဖော်ခဲ့တဲ့၊ မန္တလေး အာဇာနည် ၁၇ ဦး ဗိမာန်ဝင်းအတွင်းမှာ၊ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးရဲ့ သော့ချက်၊ ဦးဆောင်သူဖြစ်တဲ့ သခင်ဗဟိန်း(ဝါ) ရဲဘော်ဗဟိန်း ဂုဏ်ပြုကျောက်စာကမ္ပည်းတိုင်ကို စိုက်ထူဂုဏ်ပြု ဂါရဝပြုဖို့ မြို့မိမြို့ဖများနှင့် မြို့လူထုက အထူးလိုလား အာသီသရှိကြပါတယ်။ ကမ္ပည်းကျောက်စာတိုင်ကိုလည်း အလှူရှင်နှင့်အတူ အဆင်သင့် ဖြစ်ခဲ့ပါတယ်။

မြန်မာ့လွတ်လပ်ရေးသမိုင်းအတွက် အရေးပါလှတဲ့ ၁၃၀၀ ပြည့်အရေးတော်ပုံကြီးမှာ ရှေ့တန်းက အလံမလှဲစတမ်း အသက်အသေခံပြီး လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့တဲ့ ရဟန်းရှင်လူ ကျောင်းသားပြည်သူ အာဇာနည် ၁၇ ဦးကို ပြည်သူကပဲ အလေးအမြတ်ပြုကာ ပြည်သူ့ချွေးနှဲစာနဲ့ မန္တလေးတမ္ပဝတီရပ် သူကြွယ်ကုန်းမှာ မြေနေရာဝယ်ယူလှူဒါန်းပြီး ချက်ချင်းပဲ သင်္ဂြိုဟ်ခဲ့ပါတယ်။ ဆက်လက်ပြီး မြို့လူထုလှူဒါန်းမှုတွေနဲ့ပဲ 'မန္တလေး ၁၃၀၀ ပြည့် အာဇာနည် ၁၇ ဦး ဗိမာန်' ကို ခမ်းနားစွာ တည်ထားဖွင့်လှစ်ဂုဏ်ပြုခဲ့ကြလို့ အတိတ်က ပြည်သူများ တာဝန်ကျေခဲ့ကြပါပြီ။

**ပြည်သူ့အစိုးရခေတ်**

ဒါကြောင့် ပြည်သူ့အစိုးရခေတ်မှာ ပြည်သူ့ချွေးနှဲစာနဲ့ ပြည်သူတွေကိုယ်တိုင် စိုက်ထုတ် လှူဒါန်းခဲ့တဲ့ ပြည်သူပိုင် "မန္တလေး ၁၃၀၀ ပြည့် အာဇာနည် ၁၇ဦးဗိမာန်" ကို ပြည်သူ့ကိုယ်စားလှယ် ရပ်မိရပ်ဖများ၊ ပညာရှင်များနဲ့ ရွေးချယ်ဖွဲ့စည်းထားတဲ့ 'မန္တလေး ၁၃၀၀ ပြည့် အာဇာနည် ၁၇ ဦးဗိမာန် ထိန်းသိမ်းရေးကော်မတီ' လက်အောက်ကို အမြန်ဆုံးထားရှိရန်လိုအပ်နေပါပြီ။

ဒီဗိမာန်ဝင်းကြီးအတွင်းမှာပဲ မန္တလေး ၁၃၀၀ ပြည့် အရေးတော်ပုံဆိုင်ရာ မှတ်တမ်း ကမ္ပည်းကျောက်စာများလည်း မူလကတည်းက သီးခြားအဆောက်အအုံနဲ့ ပါရှိပြီးသားမို့ သမိုင်းပျောက်လုလုဖြစ်နေတဲ့ ၁၃၀၀ ပြည့် အရေးတော်ပုံနဲ့ မန္တလေးအာဇာနည် ၁၇ ဦး ဆိုင်ရာ မှတ်တမ်းများပါဝင်တဲ့ ပြခန်းကိုလည်း အဆင်သင့် ထပ်မံဖွင့်လှစ်နိုင်ပါပြီ။

**ဂုဏ်ပြုကမ္ပည်းမော်ကွန်း**

ဒီပြခန်းမှာပဲ ၁၃၀၀ပြည့်အရေးတော်ပုံကြီးရဲ့ ထီးချက်စောင့် နတ်သားပွဲကိုင်ကြီးတစ်ဦးဖြစ်သူ မန္တလေးသား ရဲဘော်ဗဟိန်း ဂုဏ်ပြုကမ္ပည်းမော်ကွန်းကျောက်စာကိုလည်း ရဲဘော်ဗဟိန်း (ဝါ) သခင်ဗဟိန်း ရာပြည့် အထိမ်းအမှတ်အဖြစ် စိုက်ထူထားနိုင်မယ်ဆိုရင် 'ပြည်သူနဲ့အတူ'လို့ ကြွေးကြော်ထားတဲ့ ပြည်သူ့အစိုးရရဲ့ ဂုဏ်ပုဒ်နဲ့ လျော်ညီသင့်မြတ်ကာ သမိုင်းတွင်စေမှာဖြစ်ပါကြောင်း ။ ။

■

> "မန္တလေး ၁၃၀၀ ပြည့် အာဇာနည် ၁၇ဦးဗိမာန်" ကို ပြည်သူ့ကိုယ်စားလှယ် ရပ်မိရပ်ဖများ၊ ပညာရှင်များနဲ့ ရွေးချယ်ဖွဲ့စည်းထား . . .
> ဒီဗိမာန်ဝင်းကြီးအတွင်းမှာပဲ မန္တလေး ၁၃၀၀ ပြည့် အရေးတော်ပုံဆိုင်ရာ မှတ်တမ်း ကမ္ပည်းကျောက်စာများလည်း မူလကတည်းက သီးခြားအဆောက်အအုံနဲ့ ပါရှိပြီးသားမို့ သမိုင်းပျောက်လုလုဖြစ်နေတဲ့ ၁၃၀၀ ပြည့် အရေးတော်ပုံနဲ့ မန္တလေးအာဇာနည် ၁၇ ဦး ဆိုင်ရာ မှတ်တမ်းများပါဝင်တဲ့ . . .




ဗိမာန်ဝင်ပေါက်




# နိုင်ငံတကာ စင်မြင့်ထက်ကို အရောက်လှမ်းနိုင်မယ့် Galaxy Star သီချင်းဆိုပြိုင်ပွဲ

**ရန်ကုန် ဇွန် ၇**

မြန်မာနိုင်ငံအနှံ့အပြားမှာရှိတဲ့ အဆိုဝါသနာရှင် လူငယ်များကိုရှာဖွေဖော်ထုတ်ပြီး မြန်မာ့စင်မြင့်ထက်ကနေ ကမ္ဘာ့စင်မြင့်ထက်ကို ပို့ဆောင်ပေးမယ့် အခွင့်အရေးတွေဖန်တီးပေးနေတဲ့ သီချင်းဆိုပြိုင်ပွဲတွေအနက်တစ်ခုကတော့ Galaxy Star 2017 Audition Show ဖြစ်ပါတယ်။ ယင်းပြိုင်ပွဲကြီးကို ကျင်းပလာခဲ့ရာ လက်ရှိမှာတော့ ပရိသတ်အခိုင်အမာရရှိလာခဲ့ပြီဖြစ်ကာ ပြိုင်ပွဲဝင်တွေရဲ့အဖွဲ့လိုက်ယှဉ်ပြိုင်မှုတွေကို တွေ့မြင်နေရပြီဖြစ်ပါတယ်။

တောင်ကိုရီးယားနိုင်ငံနဲ့ပါ ပူးတွဲပြုလုပ်တဲ့ ယင်းအဆိုပြိုင်ပွဲမှာတော့ အခြားသောအဆိုပြိုင်ပွဲတွေနဲ့မတူဘဲ အနိုင်ရရှိသူဟာ ချီးမြှင့်ငွေအပြင် တောင်ကိုရီးယားရုပ်သံတစ်ခုဖြစ်တဲ့ SBS က ထုတ်လွှင့်သွားမယ့် ရုပ်သံအစီအစဉ်မှာ ပါဝင်ဖျော်ဖြေခွင့်ရရှိမှာဖြစ်ကြောင်းလည်း သိရပါတယ်။

"အဆိုတော်ဖြစ်ဖို့ လမ်းစမရှိဘူးလို့ ထင်နေတဲ့ ဝါသနာရှင်တွေကို ပြုစုပျိုးထောင်ပေးဖို့ သူတို့ရဲ့ အိပ်မက်တွေအကောင်အထည်ဖော်ပေးဖို့ ရည်ရွယ်ပါတယ်"လို့ NAMIN Entertainment မှ ဒါရိုက်တာချုပ် Mr. Cheon Man Bae က ပြောပါတယ်။

သီချင်းသီဆိုမှုကို ရူးသွပ်ပြီး စိတ်ကူးအိပ်မက်တွေ လက်တွေ့အကောင်အထည်ဖော်ချင်တဲ့ လူငယ်လေးတွေကို မြေတောင်မြှောက်ပေးချင်တဲ့အတွက် NAMIN(Entertainment)ကုမ္ပဏီနဲ့ Samsung Myanmar တို့ ပူးပေါင်းလက်တွဲပြီး ဆောင်ရွက်တာဖြစ်တယ်လို့ သိရပါတယ်။ ဒ့ါအပြင် ကိုရီးယားနိုင်ငံရှိ SBS ရုပ်သံဌာနနဲ့လည်း ချိတ်ဆက်ဆောင်ရွက်တာဖြစ်တယ်လို့လည်း သိရပါတယ်။

Galaxy Star Myanmarဟာ တိုင်းဒေသကြီးနဲ့ ပြည်နယ်များက မြို့ကြီး ၁၅ မြို့မှာအရည်အချင်းရှိတဲ့ အဆိုဝါသနာရှင်တွေကို ရှာဖွေဖော်ထုတ်ခဲ့ပြီး Galaxy Star 2017 မှာ ပါဝင်ယှဉ်ပြိုင်စေခဲ့တာပါ။ စတင်ဖိတ်ခေါ်တဲ့အချိန်မှာ ပြိုင်ပွဲနဲ့ပတ်သက်လို့ စိတ်ဝင်တစားလာရောက်လျှောက်ထားသူ နှစ်သောင်းကျော်ရှိခဲ့ကာ အွန်လိုင်းကနေ လျှောက်ထားသူတွေလည်းအများအပြားရှိခဲ့တယ်လို့ NAMIN Entertainment ကုမ္ပဏီ ဥက္ကဋ္ဌ Mrs.JeongBunja က ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံကလူငယ်တွေအနေနဲ့ Galaxy Star 2017 မှာ အနိုင်ရခဲ့မယ်ဆိုရင် ကျပ်သိန်း ၁၀၀၀ ရရှိမှာဖြစ်ပြီး ကမ္ဘာကျော် K-POP ပရိုဂျူဆာက တေးအယ်လ်ဘမ်ထုတ်ပေးမည်ဖြစ်ကာ ကိုရီးယားရုပ်သံတစ်ခုဖြစ်တဲ့ SBS ရဲ့ The Show အစီအစဉ်မှာ ပွဲဦးထွက်စင်မြင့်သို့ တက်ရောက်နိုင်မှာဖြစ်ပါတယ်။ အကောင်းဆုံးဆုမရရှိသော်လည်း အကောင်းဆုံးနောက်ဆုံးဆန်ခါတင် ၁၀ ဦးကိုလည်း စနစ်တကျသင်တန်းများပေးကာ အဆိုတော်များဖြစ်လာစေရန် ပျိုးထောင်ပေးသွားဖို့ အစီအစဉ်များလည်းရှိပါတယ်။

"ပြိုင်ပွဲဝင်တွေထဲက ဆန်ခါတင် ၁၀ ဦးရွေးပြီး အဲဒီထဲကမှ သင်တန်းတွေပေးမယ်၊ ပျိုးထောင်ပေးမယ်။ အနုပညာလမ်းလျှောက်လှမ်းခွင့်ရအောင် ကုမ္ပဏီကစီစဉ်ပေးမယ်၊ ကိုရီးယားမှာကဒီလိုလုပ်ပေးတဲ့ ကုမ္ပဏီတွေအများကြီးရှိတယ်၊ မြန်မာမှာမရှိသေးဘူး၊ ဒါကြောင့် လုပ်ကြည့်ချင်တယ်"လို့ NAMIN (Entertainment) မှ ပရိုဂျူဆာ Lee Jeong Ho ကပြောပါတယ်။

Galaxy Star 2017 အစီအစဉ်ကို MRTV-4 ရုပ်သံလိုင်းကနေ အပတ်စဉ်သောကြာနေ့တိုင်း ည ၉ နာရီ ၁၅ မိနစ်မှာ ထုတ်လွှင့်နေရာ လတ်တလောမှာ "Galaxy Camp"ရဲ့ ဒုတိယအဆင့် Collabaration Mission အစီအစဉ်ကို ရောက်နေပြီဖြစ်ပါတယ်။

ယင်းအစီအစဉ်မှာ မျိုးဆက်သစ်ပြိုင်ပွဲဝင်လေးတွေကို အကဲဖြတ်ပေးကြတဲ့ ဒိုင်တွေကတော့ နာမည်ကျော်တေးသံရှင်တွေဖြစ်ကြတဲ့ ဖြူဖြူကျော်သိန်း၊ ဖိုးကာ၊ ဂရေဟမ်၊ ဆုန်သင်းပါရ်နဲ့ ဂျေမီတို့ ဖြစ်ကြပါတယ်။ **(သီသီမင်း)**

# Mister and Miss Republic of Myanmar 2017 အလှမယ်ရွေးချယ်ပွဲ စာနယ်ဇင်းမိတ်ဆက်

**ရန်ကုန် ဇွန် ၇**

Alpha Entertainment က ကြီးမှူးကျင်းပသည့် Mister and Miss Republic of Myanmar 2017 အလှမယ်ရွေးချယ်ပွဲကြီးကျင်းပခြင်းနှင့်ပတ်သက်၍ စာနယ်ဇင်းမိတ်ဆက်ပွဲ အခမ်းအနားကို ဇွန် ၆ ရက်တွင် ရန်ကုန်မြို့ရှိ Orchid Hotel ၌ ကျင်းပခဲ့သည်။

အဆိုပါ ပြိုင်ပွဲကို ဇူလိုင် ၁ ရက်မှ ၁၅ ရက်အတွင်း ကျင်းပဖြစ်မည်ဖြစ်ရာ လျှောက်လွှာများကို ဇွန် ၁ ရက်မှ ၂၅ ရက်အထိ လျှောက်လွှာတင်နိုင်မည်ဖြစ်သည်။ လျှောက်လွှာစည်းကမ်းချက်များအနေဖြင့် လူဦးရေအယောက် ၅၀၀ သတ်မှတ်ထားကာ ပညာအရည်အချင်း အနည်းဆုံးတက္ကသိုလ်ဝင်တန်းအောင်မြင်ရမည်ဖြစ်သည်။ ထို့အပြင် အင်္ဂလိပ်စကားပြောနိုင်ရမည်ဖြစ်ကာ အသက်(၁၈)နှစ်မှ (၂၈)နှစ်အတွင်း(အိမ်ထောင်မရှိသူ)များ လျှောက်ထားနိုင်ကြောင်း သိရသည်။

"ဒီပွဲနဲ့ပတ်သက်ပြီး အဓိကကတော့ လူငယ်တွေကို မြေတောင်မြှောက်ပေးချင်တဲ့ စိတ်ဆန္ဒတစ်ခုတည်းနဲ့ ဒီပွဲကိုစပြီး ထူထောင်လိုက်တာပါ။ ဒီပွဲကိုထူထောင်ဖြစ်တာက အစ်ကိုတို့ Alpha Entertainment Group ရယ်၊ TCMI Fashion Academy ရယ်၊ Golden Future Myanmar Organization ရယ် ပေါင်းပြီးလုပ်တာပါ။ ရွေးချယ်မှာကတော့ ပထမ ၊ ဒုတိယ၊ တတိယနဲ့ အခြားဆုတွေပါမယ်။ အဲဒီထဲကမှ ပထမရသွားတဲ့စုံတွဲကို ဖိလစ်ပိုင်နိုင်ငံကိုပို့ပြီး မော်ဒယ်လ်ပညာကိုသင်ပေးမှာပါ။ ပညာသင်ဆုပေးမယ်။ ဟိုမှာရှိတဲ့ အသိအမှတ်ပြုလက်မှတ်ရမယ်။ သူတို့တွေအနေနဲ့ ဖိလစ်ပိုင်ကနေ ပြန်လာရင်လည်း နိုင်ငံတကာအဆင့် ဖြစ်တဲ့အတွက် ဒီမှာပြန်ပြီးတော့ မော်ဒယ်လ်အေဂျင်စီ ပြန်ထောင်လို့ရပါတယ်။ ဒါကသူတို့ရဲ့ လုံးဝအကျိုးအမြတ်ပါပဲ။ အနုပညာလုပ်ငန်းတင်မဟုတ်ဘူး။ သူတို့အတွက် အသက်မွေးဝမ်း ကျောင်းတစ်ခုပါ လုပ်ကိုင်လို့ရမှာဖြစ်တဲ့အတွက် ဒီလိုပြုလုပ်ပေးတဲ့ပွဲက မြန်မာနိုင်ငံမှာ ပထမဦးဆုံးဖြစ်မယ်လို့ ယုံကြည်ပါတယ်"ဟု Alpha Entertainment Group မှ National Pageant Director ဦးထွန်းထွန်းက ပြောသည်။

ပြိုင်ပွဲတွင် ရွေးချယ်ခံရသော အလှမောင်မယ်စုံတွဲသည် ဖိလစ်ပိုင် နိုင်ငံရှိ အလှမောင်မယ်သင်တန်းများတွင် တက်ရောက်လေ့လာဆည်းပူးခွင့် အခွင့်အရေးကို ရရှိမှာဖြစ်ကြောင်း သိရသည်။ **(သတင်းနှင့်ဓာတ်ပုံ-အေးမင်းသူ)**



# T.O.P အတွက်အသက်လုနေရတဲ့ အခြေအနေမှာရှိနေကြောင်း မိခင်ဖြစ်သူဖွင့်ဟ



ပြီးခဲ့တဲ့သီတင်းပတ်အတွင်းမှာ ဆေးခြောက်သုံးစွဲခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရတဲ့အတွက် ပြစ်ဒဏ်ကျခံထားရတဲ့ တောင်ကိုရီးယားရဲ့အလွန်ကျော်ကြားတဲ့ ဂီတကြယ်ပွင့်တစ်ဦးဖြစ်သူ T.O.Pဟာ လတ်တလောမှာတော့ ဆေးရုံတစ်ရုံရဲ့ အရေးပေါ်ဌာနမှာ ကုသမှုခံယူနေရတာဖြစ်ပါတယ်။ T.O.Pရဲ့ အခြေအနေနဲ့ပတ်သက်ပြီး သူ့ရဲ့မိခင်က T.O.Pဟာ သတိလစ်နေခဲ့တာကြောင့် အရေးပေါ်ဌာနကို ရောက်လာခဲ့ခြင်းဖြစ်ကာ အသက်အန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့အခြေအနေမှာရှိနေခဲ့တာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

T.O.P ရဲ့ လက်ရှိအခြေအနေနဲ့ပတ်သက်ပြီး ကနဦးပေါ်ထွက်လာခဲ့တဲ့ သတင်းတွေမှာ ပေ့ါပ်ကြယ်ပွင့်ဟာ မူးယစ်ဆေးအလွန်အကျွံသုံးစွဲခဲ့တာကြောင့် သတိလစ်နေတဲ့အခြေအနေနဲ့ ဆေးရုံရောက်လာခဲ့ကာ အရေးပေါ်ဌာနမှာ ကုသမှုတွေခံယူပြီးတဲ့နောက် ပြန်လည်ကောင်းမွန်လာခဲ့ပြီဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။ ယင်းသတင်းတွေကတော့ T.O.P တာဝန်ထမ်းဆောင်ခဲ့ရာ ရဲဌာနနဲ့ ပတ်သက်တဲ့အသိုင်းအဝိုင်းက ပြောကြားချက်တွေကို ကိုးကားဖော်ပြခဲ့တာဖြစ်ပြီး ဒီလိုသတင်းတွေကို ဖော်ပြခဲ့ကြတဲ့မီဒီယာတွေကိုလည်း T.O.P ရဲ့မိခင်ဖြစ်သူက သတင်းမှားတွေကို ဖော်ပြတဲ့အတွက် ဒေါသဖြစ်မိကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

ဆေးခြောက်သုံးစွဲခဲ့ကြောင်း ဝန်ခံခဲ့ပြီးတဲ့နောက် T.O.P ဟာ စစ်မှုထမ်းကာလအတွင်း လက်ရှိတာဝန်ထမ်းဆောင်နေခဲ့ရာ ဂန်းနန်းမှာရှိတဲ့ ရဲဌာနမှ ပြောင်းရွှေ့ခံခဲ့ရပြီး လေ့ကျင့်ရေးကျောင်းမှာ နောက်တစ်ကြိမ်တက်ရောက်ကာ စစ်မှုထမ်းကာလတွေကို အစကနေပြန်လည်စတင်ဖို့ပြစ်ဒဏ်ခံခဲ့ရပါတယ်။ ဒီလိုဂန်းနန်းရဲဌာနမှ ဖယ်ရှားခံခဲ့ရချိန် ရိုက်ကူးထားတဲ့ T.O.P ရဲ့ ဓာတ်ပုံတွေဟာ အွန်လိုင်းမီဒီယာတွေပေါ်မှာပျံ့နှံ့ခဲ့ပြီး အချို့သောမီဒီယာတွေက ဆေးခြောက်သုံးစွဲခဲ့တဲ့အတွက် ပြစ်ဒဏ်ချမှတ်ခံခဲ့ရတဲ့အပေါ် T.O.P ဟာ ဝမ်းနည်းတဲ့ပုံမတွေ့ရဘဲ ပြုံးနေတာကို တွေ့ရကြောင်း ဝေဖန်ခဲ့ကြပါတယ်။ ဒါပေမယ့် မကြာသေးမီက ရေးသားဖော်ပြခဲ့တဲ့ T.O.P ရဲ့ လက်ရေးစာမူမှာတော့ ဆေးခြောက်ပြဿနာကြောင့် အထူးပင်ရှက်မိကြောင်းနဲ့ နောင်တရမိကြောင်း ရေးသားကာ ပရိသတ်တွေကို တောင်းပန်စကားဆိုခဲ့တာလည်း ဖြစ်ပါတယ်။ ဒီလိုတောင်းပန်ခဲ့ပြီးနောက်မကြာမီမှာ ဆေးသုံးစွဲခဲ့တဲ့အတွက် ဆေးလွန်ကာ သတိလစ်သွားခဲ့ပြီး အရေးပေါ်ဌာနရောက်နေကြောင်း သတင်းတွေ ထပ်မံပေါ်ထွက်လာခဲ့တာလည်း ဖြစ်ပါတယ်။

ရဲဌာနနဲ့ ဆေးရုံမှသတင်းရင်းမြစ်တွေရဲ့ ပြောကြားချက်တွေကို ကိုးကားဖော်ပြခဲ့ကြတဲ့ သတင်းတွေမှာတော့ T.O.P ဟာ သတိလစ်နေတဲ့အခြေအနေမှ လွန်မြောက်ခဲ့ပြီဖြစ်ကာ အိပ်ဆေးပါတဲ့ဆေးတွေထိုးထားတာကြောင့် အိပ်ပျော်နေဆဲဖြစ်တယ်လို့ ဖော်ပြခဲ့ကြတာတွေ့ရပါတယ်။ ဒါပေမယ့် T.O.P ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်နဲ့ မိခင်ဖြစ်သူတို့ရဲ့ဖော်ပြချက်မှာတော့ သတိလစ်နေဆဲဖြစ်ကာ အသက်လုနေရတဲ့အခြေအနေမှာရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ သိရပါတယ်။ ဒ့ါအပြင် T.O.P ရဲ့ ကျန်းမာရေးအခြေအနေကြောင့် အခြားသောလူတွေကို လာရောက်တွေ့ဆုံခွင့်ပိတ်ပင်ထားပြီး နီးစပ်တဲ့ဆွေမျိုးတွေကိုသာ ဆေးရုံမှာလာရောက်တွေ့ဆုံခွင့်ပြုထားကာ အနီးကပ်စောင့်ရှောက်နေကြကြောင်းလည်း သိရပါတယ်။

T.O.P ရဲ့ လက်ရှိအခြေအနေနဲ့ပတ်သက်ပြီး တရားဝင်ဖော်ပြလာခဲ့တဲ့ နောက်ဆုံးသောသတင်းတွေမှာတော့ ပေ့ါပ်ကြယ်ပွင့်ဟာ အောက်ဆီဂျင်ပြတ်လပ်မှုကိုခံစားနေရတာကြောင့် အောက်ဆီဂျင်ပေးထားရပြီး သတိလစ်နေဆဲဖြစ်ကြောင်းနဲ့ ဦးနှောက်နဲ့ပတ်သက်တဲ့ရောဂါကို ခံစားနေရတာဖြစ်နိုင်ကြောင်း ရေးသားဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။

"BIGBANG "ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ခေါင်းဆောင်တစ်ဦးလည်းဖြစ်တဲ့ G-Dragon က လတ်တလော ဂျပန်နိုင်ငံမှာ ဖျော်ဖြေခဲ့တဲ့ပွဲမှာ T.O.Pရဲ့ လုပ်ရပ်တွေအတွက် တောင်းပန်ကြောင်းနဲ့ အလားတူပြဿနာတွေဖြစ်လာမှာ မဟုတ်ကြောင်းလည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

တောင်ကိုရီးယားမီဒီယာ အချို့ကလည်း T.O.Pရဲ့ ဆေးခြောက်ပြဿနာပေါ်ထွက်လာခဲ့ပြီးတဲ့နောက် "BIGBANG"ရဲ့ အခြားသောအဖွဲ့ဝင်တွေကို မူးယစ်ဆေးသုံးစွဲခြင်းရှိ၊ မရှိ ဆေးစစ်ဖို့ ရေးသားဖော်ပြခဲ့တာတွေကိုလည်း တွေ့ရပါတယ်။ **(ခင်ခင်သက်)**


SAMSUNG
UNITED9
Company Limited
မိုးရာသီအထူးပရိုမိုးရှင်း
( 5 - 6 - 2017 ) မှ
( 30 - 6 -2017 ) အထိ
SAMSUNG တီဗွီ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များ
ဝယ်ယူပြီး PHILIPS အမှတ်တံဆိပ်လက်ဆောင်ပစ္စည်းများ
ရယူလိုက်ပါ....
UA48H5003TK
ဖော်ပြပါပစ္စည်းဝယ်ယူပြီး
ကျပ် ၃၅,၀၀၀ တန်ဖိုးရှိ
Blender ရယူလိုက်ပါ
SAMSUNG 48" TV
PHILIPS HR 2051
UA32J4003AKXMR
ဖော်ပြပါပစ္စည်းဝယ်ယူပြီး
ကျပ် ၂၁,၀၀၀ တန်ဖိုးရှိ
Iron ရယူလိုက်ပါ
SAMSUNG 32" TV
PHILIPS GC 1418/02
UA40J5000AKXMR
ဖော်ပြပါပစ္စည်းဝယ်ယူပြီး
ကျပ် ၃၃,၀၀၀ တန်ဖိုးရှိ
Kettle ရယူလိုက်ပါ
SAMSUNG 40" TV
PHILIPS HD4646/56
RT22FGRADSA/L
ဖော်ပြပါပစ္စည်းဝယ်ယူပြီး
ကျပ် ၁၉,၀၀၀ တန်ဖိုးရှိ
Iron ရယူလိုက်ပါ
SAMSUNG REFRIGERATOR
PHILIPS GC 120/21
RT20FGRVDSA
ဖော်ပြပါပစ္စည်းဝယ်ယူပြီး
ကျပ် ၁၉,၀၀၀ တန်ဖိုးရှိ
Iron ရယူလိုက်ပါ
SAMSUNG REFRIGERATOR
PHILIPS GC 120/20
RR19H1046UT/SA
ဖော်ပြပါပစ္စည်းဝယ်ယူပြီး
ကျပ် ၁၉,၀၀၀ တန်ဖိုးရှိ
Iron ရယူလိုက်ပါ
SAMSUNG REFRIGERATOR
PHILIPS GC 120/19
WA12J5710SG
ဖော်ပြပါပစ္စည်းဝယ်ယူပြီး
ကျပ် ၁၉,၀၀၀ တန်ဖိုးရှိ
Iron ရယူလိုက်ပါ
SAMSUNG WASHING MACHINE
PHILIPS GC 120/20
M9 PUBLIC CO.,LTD. မှဖွင့်လှစ်ထားသော Samsung Brand Shops များနှင့် အနယ်နယ်အရပ်ရပ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။
www.facebook.com / M9 Group Co.Ltd
M9 PUBLIC CO.,LTD. Authorized Master Distributor of SAMSUNG 09-977233196 , 09-977233159

# YBS ကားသစ် အစီး ၃၅၀ ပြည်သူ့ရင်ပြင်အတွင်း ယာယီပြောင်းရွှေ့

**ရန်ကုန် ဇွန် ၇**

YBS ယာဉ်လိုင်းများတွင် ပြေးဆွဲရန် တရုတ်နိုင်ငံမှ ဘတ်စ်ကားအသစ် အစီး ၁၀၀၀ ဝယ်ယူထားမှုအနက် ပထမအသုတ်ရောက်ရှိနေသော အစီး ၃၅၀ ကို ဇွန် ၆ ရက် ညပိုင်းက ပြည်သူ့ရင်ပြင်အတွင်း ယာယီပြောင်းရွှေ့ထားကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်မောင်အောင်က ပြောသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂**



YBS ယာဉ်လိုင်းများတွင် ပြေးဆွဲရန် တရုတ်နိုင်ငံမှ တင်သွင်းလာသော ဘတ်စ်ကားအသစ်များ။

## စင်ကာပူ-မြန်မာ ကွင်းပိတ်ခြေစမ်း

**စင်ကာပူ ဇွန် ၇**

အာရှဖလားခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ဇွန် ၆ ရက် ညပိုင်းက စင်ကာပူလက်ရွေးစင်အသင်းနှင့် စင်ကာပူနိုင်ငံရှိ ဂျလန်ဘီဆာကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီသရေကျခဲ့သည်။ ယင်းခြေစမ်းပွဲကို စင်ကာပူအသင်းနည်းပြ၏တောင်းဆိုမှုကြောင့် ကွင်းပိတ်ကစားခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ကျော်ဇင်ထက်(ဂိုး)၊ ဒေးဗစ်ဒန်း၊ ဇော်မင်းထွန်း၊ ဝင်းမင်းထွန်း၊ သိန်းသန်းဝင်း၊ ရန်အောင်ကျော်၊ တင်ဝင်းအောင်၊ ရန်နိုင်ဦး၊ စည်သူအောင်၊ မင်းမင်းသူ၊ ကျော်ကိုကိုတို့ဖြင့် ပွဲထွက်ခဲ့ပြီး မောင်မောင်လွင်၊ အောင်သူ၊ မျိုးကိုထွန်း၊ ဆောင်လမန်၊ သန်းပိုင်၊ ကျော်ဇင်လွင်တို့ကို လူစားလဲကစားခဲ့သည်။ ၆၅ မိနစ်တွင် တန်ပြန်တိုက်စစ်မှတစ်ဆင့် အောင်သူက ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပွဲပြီးခါနီးနာကျင်အချိန်ပိုတွင် စင်ကာပူအသင်းက ချေပဂိုးပြန်သွင်းခဲ့သည်။ မြန်မာအသင်းသည် စင်ကာပူအသင်းကို ၂၀၁၆ ခုနှစ်တွင် အိမ်ကွင်း၊ အဝေးကွင်းနှစ်ပွဲစလုံးတွင် ရှုံးနိမ့်ခဲ့ရမှုကို အဆုံးသတ်နိုင်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဇွန် ၉ ရက်တွင် စင်ကာပူကလပ်နီဂါတာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(ရဲရင့်ရှိုင်း)**

## တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်ပျောက်ဆုံးမှု ဆက်လက်ရှာဖွေလျက်ရှိ

**နေပြည်တော် ဇွန် ၇**

ယနေ့တွင် ရန်ကုန်-မြိတ်-ဘုတ်ပြင်း-မြိတ်-ရန်ကုန် ခရီးစဉ်အတိုင်း တပ်မတော်သားများနှင့် မိသားစုများအတွက် သက်သာချောင်ချိရေး ပို့ဆောင်ကြိုဆိုသော တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် (Y-8 200 F အမျိုးအစား၊ လေယာဉ်အမှတ်-၅၈၂၀)သည် စစ်သည်/မိသားစု ၁၀၈ ဦးနှင့် လေယာဉ်အမှုထမ်း ၁၄ ဦး အပါအဝင် ကုန်တန်ချိန် ၂ ဒသမ ၄ တန်ခန့် သယ်ဆောင်၍ မွန်းလွဲ ၁ နာရီ ၆ မိနစ်တွင် မြိတ်မြို့မှ ရန်ကုန်မြို့သို့ စတင်ထွက်ခွာပျံသန်းခဲ့သည်။ အဆိုပါလေယာဉ်သည် အမြင့်ပေ ၁၈၀၀၀ မှ ပျံသန်းခဲ့ရာ မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် ထားဝယ်မြို့၏ အနောက်တောင်ဘက် ၁၉၅ ဒီဂရီ၊ အကွာအဝေးအားဖြင့် ၄၃ မိုင်ခန့်အရောက်၌ ထားဝယ်လေဆိပ်နှင့် အဆက်အသွယ်ရရှိပြီးနောက်ပိုင်း ဆက်သွယ်မှုပြတ်တောက်သွားခဲ့သည်။

ထိုသို့ အဆက်အသွယ်ပြတ်တောက်ပြီးနောက် မွန်းလွဲ ၂ နာရီမှစတင်၍ တပ်မတော်(လေ)မှ လေယာဉ်များ၊ တပ်မတော်(ရေ)မှ ရေယာဉ်များ၊ မြေပြင်တပ်များဖြင့် အဆိုပါလေယာဉ်နှင့် နောက်ဆုံးအဆက်အသွယ် ရရှိခဲ့သည့် မြောက်လတ္တီတွဒ် ၁၃ ဒသမ ၄၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒသမ ၀၂ ဒီဂရီနေရာတစ်ဝိုက်နှင့် လေယာဉ်ပျံသန်းရာ လမ်းကြောင်းတစ်လျှောက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား ဆောင်ရွက်ခဲ့သည်။ ဖြစ်စဉ်ဖြစ်ပွားသည့်အချိန်တွင် ပင်လယ်ပြင်လှိုင်းလေအတန်ငယ်ရှိသော်လည်း ညနေ ၆ နာရီခန့်တွင် ရာသီဥတုကောင်းမွန်သွားသဖြင့် ဒေသခံရေယာဉ်များပါ ပူးပေါင်း၍ ရှာဖွေခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ် ကိုးစင်း၊ တပ်မတော်(လေ)မှ လေယာဉ်သုံးစင်းနှင့် မြေပြင်တပ်များ နေရာဖြန့်ခွဲ၍ ဒေသခံရေယာဉ်များနှင့်ပါ ဝိုင်းဝန်းပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။

အဆိုပါ Y-8 200 F လေယာဉ်မှာ ၂၀၁၆ ခုနှစ် မတ်လတွင် နောက်ဆုံးရောက်ရှိခဲ့သည့် လေယာဉ်ဖြစ်ပြီး တပ်မတော်(လေ)တွင် ၈၀၉ နာရီပျံသန်းအသုံးပြုခဲ့ပြီးဖြစ်သည်။ ယခုခရီးစဉ်တွင် လေယာဉ်ပျံသန်းမှုအတွေ့အကြုံများရှိသည့် လေယာဉ်မှူးကြီး ယာယီဒုတိယဗိုလ်မှူးကြီးငြိမ်းချမ်း(လေယာဉ်မောင်းနှင်ပျံသန်းချိန် ၃၁၆၂ နာရီ)၊ တွဲဖက်လေယာဉ်မှူး ယာယီဒုတိယဗိုလ်မှူးကြီးစိုးသူဝင်း (လေယာဉ်မောင်းနှင်ပျံသန်းချိန် ၃၁၆၁ နာရီ)နှင့် တွဲဖက်လေယာဉ်မှူးဗိုလ်မှူးသန့်ဇင်ဌေး(လေယာဉ်မောင်းနှင်ပျံသန်းချိန် ၂၄၀၃ နာရီ)၊ ပျံသန်းရေးအင်ဂျင်နီယာ ဗိုလ်ကြီးကျော်စိုးတို့က တာဝန်ယူပျံသန်းမောင်းနှင်ခဲ့ခြင်းဖြစ်ပြီး လေယာဉ်အမှုထမ်းစုစုပေါင်း ၁၄ ဦးပါရှိသည်။ လေယာဉ်ဖြင့်လိုက်ပါလာသည့် ခရီးသည်များမှာ အရာရှိ/စစ်သည် ၃၅ ဦးနှင့် မိသားစုဝင် ကလေး ၁၅ ဦး၊ လူကြီး ၅၈ ဦးတို့ဖြစ်ပြီး စုစုပေါင်း ၁၀၈ ဦးပါရှိကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

## တောင်ကုတ်-စစ်တွေ သွားလာမှုအဆင်ပြေစေရေး ကစ္ဆပနဒီ(၁)ရေယာဉ်ပြေးဆွဲလျက်ရှိ



**တောင်ကုတ် ဇွန် ၇**

ရခိုင်ပြည်နယ်အတွင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ခရီးသွားပြည်သူများ လုံခြုံစိတ်ချစွာ သွားလာနိုင်စေရန်အတွက် အများပိုင်ကစ္ဆပနဒီ(၁)ရေယာဉ်ကို အပတ်စဉ် ကြာသပတေးနေ့နှင့် တနင်္ဂနွေနေ့တိုင်း တောင်ကုတ်မှ စစ်တွေသို့ ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ယင်းကစ္ဆပနဒီရေယာဉ်မှာ တစ်နာရီလျှင် မိုင် ၂၀ နှုန်း မောင်းနှင်လျက်ရှိပြီး တောင်ကုတ်မှ စစ်တွေသို့ ခရီးသည်တစ်ဦးလျှင် ကျပ် ၁၅၀၀၀ နှင့် တောင်ကုတ်မှ ကျောက်ဖြူသို့ ကျပ် ၇၀၀၀၊ တောင်ကုတ်မှ မြေပုံသို့ ကျပ် ၁၀၅၀၀ ဖြင့် ပြေးဆွဲလျက်ရှိပြီး ခရီးသွားပြည်သူများ လုံခြုံစိတ်ချစွာ သွားလာနိုင်ရေးအတွက် GPS စနစ်၊ CCTV ကင်မရာများ တပ်ဆင်ထားကြောင်း သိရသည်။

အဆိုပါရေယာဉ်မှာ ဂျပန်နိုင်ငံမှ လှူဒါန်းထားခြင်းဖြစ်ပြီး ခရီးသည် ၁၃၀ ခန့် စီးနင်းနိုင်ကာ ဝန်ဆောင်မှုအနေဖြင့် ခရီးသည်များအား ထမင်းဘူးနှင့် ရေသန့်ဘူးများ ကျွေးမွေးကြောင်း တောင်ကုတ်မြို့ ပြည်တွင်းရေကြောင်း မန်နေဂျာ ဦးစံလင်းက ပြောသည်။ **မြို့နယ် (ပြန်/ဆက်)**

